www.burmeseclassic.com

# မိုးစက်ပွင့်

## မေတ္တာအကယ်ဒမီဆု




BURMESE CLASSIC

အချစ်
လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၆၊ ဇန်နဝါရီလ။

ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅)
ရွှေပုဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်ကော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဦးအေးလွင် (၀၀၂၄၀)
ရွှေပုဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်ကော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ချေး – ၁၆၀၀ ကျပ်

အုပ်ရေ – ၅၀၀ အုပ်

၈၉၅ ・ ၈၃

မိုးစက်ပွင့်
မေတ္တာအကာယ်ဒမီဆု/ မိုးစက်ပွင့် – ရန်ကုန်၊
ရွှေပုဒေသာစာပေ ၊ ၂၀၁၆ ။
၂၇၂ – စာ ၊ ၁၂ ・ ၃ × ၁၈ စင်တီ။
မေတ္တာအကာယ်ဒမီဆု

# မိုးစက်ပွင့်

# မေတ္တာအကာယ်ဒမီဆု

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ခက်သွက်သွက် လှမ်းလာကြသော ခြေထောက်တွေက မြို့တစ်မြို့ရှေ့အရောက်မှာ ရပ်သွားကြလေသည်။ အသားဖြူဖြူ မျက်ခုံးမွှေးကောင်းကောင်းနှင့် ကောင်လေးက နောက်ကလိုက်လာတဲ့ အဒေါ်ကြီးကို တစ်ချက်သာ ပြန်ငဲ့ကြည့်ပြီး မြို့ထဲကတိုက်ကြီးကို ငေးမောနေမိ၏။ မြင်တော့မြင်ဖူးပါတယ်။ ဒီလိုမျိုး တိုက်ကြီးတွေလေ။ ဗီဒီယိုထဲမှာပေါ့။

အေးလေ ...

အခု သူတွေ့ရမယ့်လူတွေထဲမှာ ရုပ်ရှင်မင်းသမီးကြီး မြသွန်းနိုက အဓိကအကျဆုံးလူပဲဥစ္စာ။ တွေ့ရဖို့ တွေးမိတော့ ဒူးတွေပင်

www.burmeseclassic.com



တုန့်ချင်လာတာ မနည်းထိန်းရတယ်။ အခုနေက မမြင်ဖူး မကြုံဖူးလို့ပဲ ဖြစ်မှာပါ။ အထဲရောက်ရင် အဆင်မှပြေပါ့မလား။ သူတွေးနေတုန်းမှာပဲ ဒေါ်ခင်မာက လူခေါ်ဘဲလ်ကို နှိပ်လိုက်လေပြီးနောက် –

"ဟော . . . ဒေါ်ဒေါ်ခင် ပြန်လာပြီ"

"အေး . . . ဟုတ်တယ် . . . ကျော့ကျော့"

ဒေါ်ခင် ခေါ်လိုက်တဲ့ကျော့ကျော့ဆိုတဲ့ကောင်မလေးက ဒေါ်ခင်နဲ့ပါလာတဲ့ ကောင်လေးကို ခပ်ငေးငေးကြည့်လျက် –

"သူက ဘယ်သူလဲ ဒေါ်ခင်"

"နောက်တော့ သိရမှာပေါ့အေ။ ကဲ . . . တံခါးသာ မြန်မြန်ဖွင့်စမ်းပါ"

ကျော့ကျော့ တံခါးဖွင့်ပေးလို့ ဝင်မယ်လုပ်တော့ –

"ဒေါ်ခင်"

"ဟင် . . . ဘာလဲ စူး"

"ဖြစ် . . . ဖြစ်ပါ့မလားဗျ"

"ဖြစ်ပါတယ် စူးရယ်။ ငါ မြယွန်းကို ပြောထားပြီးသားပါ"

"ပြောထားတာတော့ ဟုတ်ပါတယ်။ ကျန်တဲ့သူတွေနဲ့ အဆင်မပြေမှာစိုးလို့ပါ"

"အဲဒါကတော့ . . . နင့်ကို ငါ ပြောထားပြီးသားပဲလေ။





သည်းခံပါလို့"

"ဟုတ်ကဲ့ . . . ကျွန်တော် သည်းခံမှာပါ။ ဒါပေမဲ့ တွေ့ရဖို့ အရေးကို တွေးကြောက်နေမိတာဗျ"

"စပ်မရောက်ခင် မြားကုန်သလို တွေးကြောက်မနေနဲ့၊ ငါ တစ်ယောက်လုံးရှိတယ် လာ"

ဒေါ်ခင်က ပြောပြောဆိုဆိုနှင့် ဝင်သွားလေတော့ စူး ဝင်လိုက်ခဲ့ရသည်သာ။ စူးဘဝအတွက် ရုန်းကန်ခဲ့တာ ကြိုရာကျပမ်း အကုန်လုပ်ခဲ့ပေမယ့် သူများအိမ်မှာတော့ တစ်ခါမျှ မလုပ်ခဲ့ဖူးပေ။ အပြင်အလုပ်က ကိုယ့်သဘောနှင့်ကိုယ်ပေမယ့် သူများအိမ်မှာဆိုရင် သူများခိုင်းတာ လုပ်ရမှာ။

ကိုယ့်ကိုယ်နဲ့ သူများစိတ်ပဲ ပြောပါတော့။

အစကတည်းက ဒေါ်ခင်က ပြောပြီးသားပဲဥစ္စာ။ သူတို့ စိတ်တိုင်းမကျလို့ အော်တာ ငေါက်တာရှိရင် သည်းခံပါတဲ့။ သည်းခံရမှာပေါ့။

ကိုယ်က ကိုယ့်အကြောင်းနဲ့ကိုယ်ဆိုတော့လေ။ ဘဝသမား တွေအတွက် ဒါမျိုးတွေက သိပ်တော့ မထူးဆန်းပါဘူး။

"မြယွန်း"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင် ရှေ့ဆက်လျှောက်တော့ စူးလည်း လျှောက်ပေါ့လေ။

"အော် ... မမခင် ပြန်လာပြီကိုး"

"ဟုတ်တယ် မြယွန်း"

"ထိုင်လေ ... ထိုင်ပြီး ပြောပါ"

ဦးမင်းထက်သာက ထိုင်ခိုင်းတော့ ဒေါ်ခင်မာက စူးကိုထိုင်ဖို့ မျက်ရိပ်ပြလေသည်။ စူး မဝံ့မရဲ ဝင်ထိုင်လိုက်တော့ –

"မြယွန်း"

"ရှင်"

"ဒီမှာ သူလေ စူးနေခပေါ့"

စူးကို မြယွန်းက တွေတွေလေးစိုက်ကြည့်နေသလို မြယွန်းကိုလည်း စူး ခပ်တွေတွေစိုက်ကြည့်နေမိသည်။ နောက်မှ ကိုယ့်အလုပ်ရှင်ဖြစ်လာမယ့်သူကို ဒီလောက်အကဲခတ်သလိုမျိုး မကြည့်သင့်ဘူးလို့ ဆင်ခြင်ပြီး စူး မျက်လွှာချပစ်လိုက်၏။ မြယွန်းကတော့ တော်တော်နှင့် အကြည့်ကို မရုပ်သိမ်းနိုင်ပေ။

"စူးနေခဆိုတော့ နာမည်ကတော့ ခပ်ဆန်းဆန်းပါလား။ အဓိပ္ပာယ်တစ်ခုခုနဲ့ ဒီနာမည်ပေးတာလား"

မေးလိုက်သူက ဦးမင်းထက်သာပါ။





"အဲဒါတော့ ကျွန်တော် မသိပါဘူးခင်ဗျာ။ ကျွန်တော်သိတာ ကျွန်တော့်နာမည် စူးနေခ ဆိုတာပါပဲ။ ဖေဖေ့နာမည်က ဦးမင်းနေခပါ"

"အော်"

"မင်း ကားမောင်းတတ်လား"

မေးလိုက်တဲ့ မြယွန်းမျက်နှာက ခပ်တည်တည်ပါ။ ပြုံးခြင်းမဲ့ခြင်း ကင်း၍ တည်ကြည်သောမျက်နှာက ပရိသတ်ပါးစပ်ဖျားမှာ ရေပန်းစားနေတဲ့ နာမည်ကြီးမင်းသမီး မြယွန်းမိုပေါ့။ အသက်လေးဆယ် စွန်းစွန်းလောက်ရှိပေမယ့် အမေခန်း မရိုက်ဘဲ ခုခေတ် တက်သစ်စ မင်းသမီးတွေနှင့်အပြိုင် သရုပ်ဆောင်ပြီး လှပနုပျိုနေဆဲရှိသော မြယွန်းမိုပါ။

"ဟုတ်ကဲ့ ... မောင်းတတ်ပါတယ် ခင်ဗျာ၊ ကျွန်တော် taxi မောင်းနေတာပါ။ မောင်းလိုင်စင်လည်း ရှိပါတယ်"

"အဲဒါဆိုရင် ပိုပြီးအဆင်ပြေတာပေါ့။ အိမ်က ဒရိုင်ဘာ ဦးမြကြူကို ခြံစောင့်နဲ့ဟာဟီရလုပ်ခိုင်းပြီး မင်းကို ဒရိုင်ဘာခန့်ရမယ်။ ဦးမြကြူက အသက်ကလေးရလာပြီဆိုတော့ သိပ်အဆင်မပြေတော့ဘူးလေ။ မင်းက လူငယ်ဆိုတော့ သွက်လက် ဖျတ်လတ်နေမှာပဲ။ ဘာပဲခိုင်းခိုင်း အဆင်ပြေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ကျွန်တော် အကောင်းဆုံးဖြစ်အောင် ကြိုးစားပါ့မယ် အန်တီ"

"ဟင်"

အန်တီဆိုသော အသုံးအနှုန်းကြောင့် ခါးမတ်သွားသူက ဦးမင်းထက်သာပါ။ ကိုယ့်မိန်းမက ဒီလောက်နုဖတ်ပြီး လှနေတာကို အန်တီလို့ ခေါ်လိုက်တော့ မကြိုက်တာအမှန်ပါ။

ဒါကြောင့် –

"မင်းကို ပြောရဦးမယ် စူးနေခ"

"ဗျာ . . . ဟုတ်ကဲ့ ပြောပါ၊ ဦး"

ဦးမင်းထက်သာ မျက်မှောင်ကြုတ်လိုက်ပြီး –

"ငါ့မိန်းမက မင်း အန်တီခေါ်ရလောက်အောင် မရင့်ရော်သေးဘူးထင်တယ်"

"ဟို . . . ဟုတ်ကဲ့၊ ဦး မကြိုက်ရင် အဲ . . . အစ်ကိုကြီး မကြိုက်ရင် ကျွန်တော် မခေါ်ပါဘူး။ မမလို့ပဲ ခေါ်ပါ့မယ်"

ဦးမင်းထက်သာကိုလည်း အစ်ကိုကြီး စတင်ခေါ်လိုက်ခြင်းမှာ သူလည်း ဂုဏ်ဖြစ်တွေအရ ရှေ့က ဦးတပ်ရပေမယ့် လူက နုပျိုရှင်းသန့်နေဆဲပဲလေ။

"ရပါတယ် . . . စူးနေခ ကြိုက်သလိုပဲခေါ်ပါ။ ကိုကလည်း





ဘာလို့ အခေါ်အဝေါ်ကို လိုက်ကြပ်မတ်နေရတာလဲ။ အပေါ်ယံက ဘယ်လောက်ပဲ နုပျိုချောမောနေပါစေ အသက်က ညာလို့မှ မရဘဲလေ"

"ကိုက ကိုယ့်မိန်းမချောချောလေးကို အန်တီခေါ်လိုက်တော့ ရင်ထဲမှာ တစ်မျိုးကြီးဖြစ်သွားလို့ပါ။ ဒီလိုခေါ်သံကို ၁၅ နှစ်အထက်က လူတွေ ပါးစပ်က မကြားဖူးသေးတော့လေ"

ဒီတော့မှ မြပွင့်နှင်း ပြုံးလိုက်မိပြီး –

"နားလေ့ကျင့်ခန်းလုပ်တယ်လို့ပဲ သဘောထားလိုက်ပါ။ နောက်လည်း အခေါ်ခံရမှာပဲလေ။ အလှကို တတ်နိုင်သလောက် ထိန်းသိမ်းလို့ရသေးပေမယ့် အသက်က ရပ်တန့်ထားလို့မှ မရတာ"

"ဒါပေမဲ့ ကိုမိန်းမက ဆယ်ကျော်သက်ကလေးအတိုင်းပဲ"

"အရေးထဲ ကြော်ငြာဝင်နေပြန်ပြီ"

မြပွင့်နှင်း မျက်စောင်းထိုးတော့ ဦးမင်းထက်သာက ရယ်နေသည်။ စူးကတော့ မြပွင့်နှင်းကိုကြည့်ပြီး အတွေးနယ်ချဲ့နေလို့သာ။ ဝင်းမှန့်ဖန့်အသားအရေနဲ့ မြပွင့်နှင်းဆိုတဲ့အမျိုးသမီးဟာ ဘယ်နေရာမှာမှ အပြစ်ဆိုစရာမရှိအောင် လှနေတာပါပဲ။ ကုသိုလ်ထူးတယ်လို့ပဲ ပြောရမှာပေါ့"

"မမခင်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ မြယွန်း"

"စူးနေခနေဖို့ အခန်းစီစဉ်ပေးလိုက်ပါနော်"

"စူးလို့ပဲခေါ်ပါ မမ၊ အပြည့်အစုံခေါ်နေရင် နာမည်က ထောင့်နေသလားလို့ပါ"

မြယွန်းက ခေါင်းခါလိုက်ပြီး –

"အချို့နာမည်တွေက တစ်လုံးတည်းခေါ်မှလှသလို အချို့နာမည်တွေကျတော့ အပြည့်အစုံခေါ်မှ အဓိပ္ပာယ်တစ်ခု သက်ရောက်ခြင်းနဲ့ ခေါ်လို့ကောင်းတာတွေရှိတယ် စူးနေခ။ မင်းနာမည်က အပြည့်အစုံခေါ်မှ ပိုလှတာ"

"ဟုတ်တယ်ကွ … မင်းနာမည်က စူးလို့ခေါ်ရင် ဘာစူးမှန်းမသိ ညာစူးမှန်းမသိနဲ့ အထွင်ရခက်နေဦးမယ်"

ဦးမင်းထက်သာ၏ စကားကြောင့် ပြုံးမိကြတဲ့အထဲမှာ မြယွန်းမပါပေ။ စူးဆိုတာ ရင်ထဲမှာ ခံစားမှုတစ်ခုခု စူးနစ်ခြင်းလည်း ဖြစ်နိုင်တာပဲလေ။ အချို့ကျတော့ ဘာရယ်မဟုတ် နာမည်လှလှလေး ရွေးပြီး မှည့်ပေးတတ်ကြတာပါပဲ။ နေ့သင့် နံသင့်လည်း ဟုတ်ချင်မှ ဟုတ်ကြတာ။

ပညတ်သွားရာ ဓာတ်သက်ပါတဲ့။

အချို့ကျတော့ နာမည်နဲ့လိုက်အောင် ဘဝဖြတ်သန်းမှုထဲမှာ





တိုက်ဆိုင်တာတွေလည်း ရှိချင်ရှိသွားတာမျိုးပါ။

"ကဲ … စူး"

"ရှာ … ဒေါ်ခင်"

"နင်နေဖို့အခန်း လိုက်ပြမယ် … လာ"

"ဟုတ်"

စူး ဒေါ်ခင့်နောက်သို့ ထလိုက်လာခဲ့တော့၏။ ခုမှပဲ သက်ပြင်းချနိုင်တော့သည်လေ။ ဒါ ပထမခြေလှမ်းစခြင်းပါပဲ။ အခုနေတော့ စကားပြောရတာ အဆင်ပြေသား။ နောက်တော့မသိဘူးလေ။ အချို့အိမ်ကြီးရှင်တွေက စကားပြောရင် စီးစီးပိုးပိုးနဲ့ ငါလို့ လက်မထောင်ပြီး အလုပ်သမားကို နှိမ်ပြီး ဆက်ဆံချင်ကြတာ။/ကြားဖူးပါတယ်။ အိမ်ဖော်ကို အိမ်ရှင်တွေက နှိပ်စက်ညှဉ်းပန်းတာတို့ ဘာတို့။

ဒါက အိမ်ဖော်ဆိုတာ မိန်းကလေးမို့လို့လေ။ အားနွဲ့တဲ့ မိန်းကလေးမို့လို့ သူတို့စိတ်တိုင်းကျ နှိပ်စက်လို့ရတာ။ ကိုယ်က ယောကျ်ားရင့်မာကြီးဥစ္စာ။

"ကဲ … စူး"

"ရှာ"

"နင် ဒီအခန်းမှာနေရမယ်။ အခန်းကရှင်းတော့ မရှင်းရသေးဘူး။ ပြီးမှ ငါပြန်လာပြီး ရှင်းပေးမယ် ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဒေါ်ခင်ရဲ့။ ကျွန်တော့်တာသာ ကျွန်တော်ပဲ ရှင်းလိုက်ပါ့မယ်။ ပြော် ဒါနဲ့"

လှည့်ထွက်တော့မယ့် ဒေါ်ခင် မထွက်ဖြစ်သေးဘဲ –

"အင်း ... ပြောလေ ဘာပြောမလို့လဲ"

"ဒီအိမ်မှာ အကုန်လုံး လူဘယ်နှစ်ယောက်ရှိလဲ၊ အဲဒါ သိချင်လို့ပါ"

"အခု နင်တွေ့ခဲ့တဲ့လူက အကုန်ပဲ။ ခြံတံခါးလာဖွင့်ပေးတဲ့ ကောင်မလေးနာမည်က ကျောကျောတဲ့၊ သူက ဒေါ်ခင်နဲ့ ထမင်းချက် အကူပေါ့။ ဒရိုင်ဘာဦးမြကြူဆိုတာရှိသေးတယ်။ နောက်တော့ တွေ့ရမှာပေါ့။ သူက အသက်ကြီးလာပြီဆိုတော့ မြယွန်းက ကားမမောင်းစေချင်တော့ဘူးလေ။ အခု ရူးက ကားမောင်းတတ်တယ်ဆိုတော့ မြယွန်းအတွက် အဆင်ပြေသွားတာပေါ့"

"ပြော်"

ဒီထက်ပိုပြီး ရူး ဘာမှ မမေးချင်တော့ပါ။ ဒီမှာ နေရမှာဆိုတော့ တစ်နေ့ထက်တစ်နေ့ ဒီအိမ်ကလူတွေအကြောင်း ပိုသိလာမှာပေါ့လေ။ ဒေါ်ခင် ထွက်သွားတာကိုလည်း မတားတော့ပါဘူး။ နောက်ထပ် မေးစရာမှ မရှိတော့တာ။

✸



## အခန်း (၂)

"ဒီကားကတော့ မြယွန်း စတုတ္ထမြောက် အကယ်ဒမီဆုကို ရိုက်ရမယ့်ကား ဖြစ်မယ်ထင်တယ်။ ယေဘုယျဇာတ်ရုပ်ကို သရုပ်ဆောင်တာတော့ ထွေထွေထူးထူး ပြောစရာမလိုပါဘူး။ အခု အမေခန်းကို ရောက်လာမှ သရုပ်ဆောင်တာ ပိုပြီးအသက်ဝင်လာတယ်။ ဟိုနေ့ကဆို မြယွန်းသရုပ်ဆောင်တာကို ကြည့်ပြီး ကျွန်တော်တောင် မျက်ရည်ကျမိတယ်"

ဒါရိုက်တာကိုသန့်ဇင်က လျှောက်လာရင်းပြောကာ မြယွန်း ဆားကခုံမှာ ဝင်ထိုင်လေတော့ မြယွန်း ပြုံးလိုက်မိသည်။ သူမကတော့ ဒီကားရိုက်ဖို့ လက်ခံခဲ့တာ အကယ်ဒမီဆုကို ရအောင်ယူမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက်ကြီးကြီးနဲ့ မဟုတ်ပေ။ ဇာတ်လမ်းလေးကိုကြိုက်လို့။ ပြီးတော့ သူမ ချစ်မြတ်နိုးတဲ့ ဒီအလုပ်ကိုလည်း လုပ်နေရရင် အမြဲတမ်း ပျော်မွေ့တက်ကြွနေတတ်သူ။

အကယ်ဒမီဆုဆိုတာ . . .

အရမ်းနတ်ကြီးတယ်လေ။ အကောင်းဆုံးဖြစ်အောင်တော့ မြယွန်း အမြဲတမ်း ကြိုးစားနေလျက်ပါ။ ဒါကြောင့်ပဲ အကယ်ဒမီ သုံးဆုရှင် ဖြစ်ခဲ့ပြီးပါပြီ။ သိပ်ပြီး လောဘမကြီးပါဘူး။ အကယ်ဒမီဆု ဆိုတာ ကိုယ့်ကြိုးစားမှုအတွက်ရတဲ့ ဆုလာဘ်ပဲလေ။ ဒါကို လိုချင်ကြ တာတော့ လိုချင်တာပေါ့။

"မြယွန်းကိုချည်းပဲ ချီးကျူးမနေပါနဲ့ ကိုသန့်ဇင်ရယ်။ မင်းသားရော မင်းသမီး မိုးသားဖြူဖြူရော တော်ကြပါတယ်။ သူတို့ လေးတွေလည်း ကြိုးစားရှာကြသားပဲ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ မြယွန်းက အမေခန်း တွေ သရုပ်ဆောင်တာ ရှားတော့လေ။ အခုလောက် ပီပြင်အောင် သရုပ်ဆောင်နိုင်ပါ့မလားလို့ ထင်ထားတာ။ အခု သရုပ်ဆောင်တာ တကယ့်ကို သားသမီးတွေအတွက် သောကရောက်နေတဲ့မိခင်အတိုင်း ပဲ။ မြယွန်းမှာက သားသမီးမရှိဘူးဆိုတော့"

"ဒါကတော့ ကိုသန့်ဇင်ရယ်၊ မြယွန်းက မိန်းမတစ်ယောက်





ပဲလေ။ မတတ်သာလို့ သားသမီးမရှိပေမယ့် မိခင်စိတ်တော့ မြယွန်း မှာ ရှိပါတယ်"

"အင်း . . . ဒါလည်း ဟုတ်ပါတယ်။ ကျွန်တော်ကတော့ ဒီကားမှာ မြယွန်းကိုယ်စား ရင်ခုန်နေမိတယ်။ အကယ်ဒမီဆုရဖို့လေ"

"ကိုယ့်အတွက်ပဲ ကိုယ်ရင်ခုန်စမ်းပါ။ ဒါရိုက်တာကြီးလည်း တော်တာပဲ ဥစ္စာ"

"ဟုတ်ပါပြီဗျာ . . . ဟုတ်ပါပြီ"

"မမ"

"ဟင်"

အနားသို့ရောက်လာသူက မင်းသမီးမိုးသားဖြူဖြူပါ။ ဒီ ကောင်မလေးလည်း နာမည်ကြီးစပြုနေပြီလေ။ မြယွန်းနဲ့က ခုမှ တွဲရိုက်ဖူးတာမို့ သိပ်ရင်းရင်းနှီးနှီးကြီးတော့ မရှိသေးပေ။ သူပြုံးပြ တော့ မြယွန်း ပြန်ပြုံးပြလိုက်စဉ် –

"မိုးသား . . . ဒီမှာထိုင်မယ်နော်"

"အင်း . . . ထိုင်လေ . . . ထိုင်ပါ"

မိုးသားဖြူဖြူက သူမဘေးကခုံမှာဝင်ထိုင်လေလျှင် ကိုသန့်ဇင် ၏အကြည့်က မိုးသားခုံဆီသို့ ရောက်သွားပြီး –

"မိုးသား"



www.burmeseclassic.com

"ရှင်"

"ဒီကားမှာ ညည်း အဓိကအမျိုးသမီးဇာတ်ဆောင်ဆု ရအောင် ကြိုးစားနော် ကြားလား။ အနုပညာဆိုတာ ဝါရင့်တာ နုတာ တွေထက် တကယ်တော်တဲ့သူကသာ အကယ်ဒမီဆုကို ပိုက်ရမှာ။ ပြောသာပြောရတာ ညည်းလည်းမညံ့ပါဘူး"

"ဟုတ်ကဲ့ . . . မိုးသား အကောင်းဆုံးဖြစ်အောင် ကြိုးစားမှာ ပါဦး။ မမမြပယွန်းနဲ့က တစ်ခါမှ တွဲပြီး သရုပ်မဆောင်ဖူးတော့ အမှန် ပြောရရင် နည်းနည်းတော့ ရှိန်နေတာ၊ မိုးသားမသိတာ မတတ် တာရှိရင် သင်ပြလမ်းညွှန်ပေးပါနော် မမ"

"ဘာရှိန်စရာရှိလို့လဲ မိုးသားရယ်၊ တကယ်တော့ တို့တွေ က အနုပညာဆွေမျိုးသားချင်းတွေပဲဥစ္စာ။ ဒီလိုပဲ တစ်ဦးနဲ့တစ်ဦး ထိန်းမတ်ကူညီပေးရမှာပေါ့။ မမ ဒီလောကထဲကို စဝင်တုန်းကလည်း ဒီလိုပဲ ကိုယ့်ထက်ဝါရင့်တဲ့သူတွေက သင်ပေးရတာပဲလေ"

မိုးသား လိုက်လံ့စွာ ပြုံးလိုက်မိ၏။ ကိုယ့်လက်ကို ကိုယ် ထောင်ကြည့်ရင်တောင် လက်ငါးချောင်းက အတိုအရှည်မညီသလို လူတွေရဲ့စိတ်ဓာတ်ကလည်း တစ်ဦးနဲ့တစ်ဦး မတူညီကြဘူးလေ။ မြပယွန်းမိုဆိုတဲ့ အကယ်ဒမီသုံးဆုပိုင်ရှင်ကတော့ စကားပြောရင် အေး ဆေးပါပဲလား။ အချို့ကတော့ အကယ်ဒမီတစ်ဆုလောက်ရတာနှင့်





မာန်တက်နေတာ။ တက်သစ်စလေးတွေဆိုရင် မတူသလို မထာန်သလို နဲ့လေ။

"မမက သဘောကောင်းတယ်နော်"

"နေရာတိုင်းမှာ သဘောစွတ်ကောင်းနေတာတော့ မဟုတ် ပါဘူး။ အပေါင်းဆိုတာ အသစ်ကနေ ဖြစ်လာရတာပဲလေ။ မမက ကိုယ်ချင်းစာတာပါ"

"မမလိုစိတ်ဓာတ်မျိုး လူတိုင်းမှာရှိရင် သိပ်ကောင်းမှာပဲနော်။ မမနဲ့ ခုလိုတွဲပြီး သရုပ်ဆောင်ခွင့်ရတာ မိုးသား အရမ်းအားရှိသွားပြီ သိလား"

"မိုးသား . . . ညည်းမတရားဘူးနော် သိလား"

"ဟင် . . . ဘာဖြစ်လို့လဲ ဦးရဲ့"

ဦးသန့်ဇင်၏စကားကြောင့် မိုးသား ဘာများလဲလို့ ပျာပျာ သလဲ မေးလိုက်တာဖြစ်၏။

"ဘာဖြစ်ရမှာလဲ၊ နင် မြပယွန်းကိုကျတော့ မမလို့ ခေါ်တယ် လေ"

"အဲဒါဘာဖြစ်လဲ"

"ငါ့ကျတော့ ဦးတဲ့။ ငါက မြပယွန်းထက် တစ်နှစ်လောက်ပဲ ကြီးတာကို"

www.burmeseclassic.com



"ဟုတ်လား"

တကယ်တော့ ကိုသန့်ဖင်စလိုက်ခြင်းပါ။ ဦးပဲခေါ်ခေါ် ဘယ်လိုပဲခေါ်ခေါ် အလုပ်ထဲမှာ ဒါတွေက အရေးမကြီးပါဘူး။

"အရေးထဲ ရှင်က ယယ်ချင်နေပြန်ပြီ"

"ဟုတ်တယ် ... မမကို မလို့ခေါ်တာ မမက နုပျိုနေတာကိုး။ ကြည့်လေ မိုးသားတို့နဲ့ လယ်ဗယ်လိုပဲ။ ဦးက ရင့်တာကိုး။ ပေါင်းသွားတင်လိုက်လေ။ နည်းနည်းတော့ လျှော့ခေါ်ရတာပေါ့"

"နေပါစေဟာ အခုချိန်ကျမှတော့ မလိုတော့ပါဘူး။ ဘယ်နေရာမှာ ဘယ်လိုပဲ အရွယ်တင်နေနေ အိမ်ပြန်ရောက်ရင်တော့ မယားက ခွေး သားက ပွပါပဲ။ အဲဒီဘဝကိုပဲ နှစ်ခြိုက်စွာနဲ့ ပျော်မွေ့နေရတာ"

ဘာရယ်မဟုတ် ရယ်လိုက်မိကြစဉ် –

"ဆရာ"

"ဟေ"

"မင်းသားက အရေးကြီးတဲ့ကိစ္စနဲ့ သွားစရာရှိလို့ ဒီနေ့ မလာနိုင်ဘူးတဲ့ ဆရာ"

"ဘာ"

'ဘာ' ဆိုတဲ့အသံနှင့်အတူ ဦးသန့်ဖင်နှုတ်မှ နောက်ဆက်တွဲ ထွက်လာသည်မှာ 'ကျွတ်' ဟု စိတ်ပျက်သံပါ။ စောစောက တက်ကြွ





နေသမျှ အခုတော့ တစ်ခါတည်း ဦးခေါင်းကို ရိုက်ချလိုက်သလိုပါပဲ။

"အရေးကြီးကိစ္စဆိုတာ ဘယ်လေဒီနဲ့ ခရီးလွန်နေသလဲမှ မသိတာ။ နာမည်ရလာတာနဲ့ အချိန်ကမတိုးစရာချည်းပဲ။ ကိုယ့်အောင်မြင်မှုကို ထိန်းသိမ်းမယ်မရှိဘူး။ ကိုယ့်ကိုယ်ကိုယ် ဖျက် သံချေးတက်အောင် လုပ်နေတာ တော်တော်စိတ်ပျက်ဖို့ကောင်းတယ်။ ပရိသတ်အတွက် အမြဲ ထာဝရ ကြိုးစားသွားမှာပါဆိုတဲ့စကားက အခုတော့ သဲထဲရေသွန်တာမှ ခွက် ခွက်ရာ ထင်ကျန်ဦးမယ်"

ဦးသန့်ဖင် တဗျစ်တောက်တောက်နှင့်ပြောပြီ။ ပြောလည်း ပြောစရာပဲလေ၊ ရှုတင်ကုန်ကျစရိတ်က နည်းသလား။ တစ်ဖက်က အစောကြီးရောက်လာပြီး ထိုင်စောင့်နေရတဲ့ မင်းသမီးတွေမှာလည်း အားနာစရာ။

"အခု ကျွန်တော်တို့ ဘာဆက်လုပ်ရမလဲ ဆရာ"

"ဘာလုပ်ရမှာလဲ၊ ရှုတင်ဖျက်လိုက်ရတော့မှာပေါ့"

မြယွန်းနဲ့မိုးသား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး သက်ပြင်းကိုယ်စီချလိုက်မိကြသည်။ ရှုတင်ပျက်လို့ အပြစ်တင်ရန် တွေ့ရမယ့်အစား ဦးသန့်ဖင်အပေါ်စာနာ နားလည်လိုက်ခြင်းများနှင့် သာ။

✵



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

စူးနေခပန်းပင်တွေ ရေလောင်းနေတာကို ချောင်းကြည့်နေတဲ့ ကျော့ကျော့ နှုတ်ခမ်းသားလေးက ဘာကိုသဘောကျမှန်းမသိ ပြုံးယောင်သမ်းနေလို့ပါ။ သဘောကျဆို စူးနေခက ချောတာကိုးလေ။

"ဟဲ့ ... ကျော့ကျော့"

"အမေ့"

ကိုယ်လေးဆတ်ခနဲ တုန်သွားပြီး လှည့်ကြည့်လိုက်တော့ နောက်နေ ခေါ်လိုက်တာ ဒေါ်ခင်မာပါ။

"လန့်လိုက်တာ ဒေါ်ခင်ရယ်"

"အံမယ် ... ငါခေါ်တာ လန့်ရအောင် နင့်အာရုံက





ဘယ်ရောက်နေတာလဲ"

"ဟီးဟီး"

"ဘာဟီးဟီးလဲ၊ ကျော့ကျော့နော် နင့်အကြောင်း ငါမသိရင် ခက်မယ်။ အဲဒီမှာ ငမ်းကြောထမနေနဲ့ မြယွန်းကို ဆေးတိုက်ဖို့ အချိန် ရောက်တော့မယ်"

"ဟုတ်"

လျှာတစ်လစ်နှင့် ခေါင်းလေးငုံ့ကာ ထွက်သွားတဲ့ ကျော့ကျော့ကို ဒေါ်ခင်မာ မျက်စောင်းထိုးလိုက်မိသည်။ ချောချောလှလှကို မက်မောကျတတ်ကြတာ သဘာဝပေမယ့် အဲဒီသဘာဝက မတူညီတာတွေကို တန်းညှိပေးမှာမှ မဟုတ်ဘဲလေ။ မဖြစ်နိုင်ဘူးလို့ ပြောလို့ မရပေမယ့် ဖြစ်နိုင်ဖို့လည်း မမျှော်လင့်ရဲအောင် စူးနေခက တည်ငြိမ်အေးဆေးသူ။

အသက်က ငယ်သေးပေမယ့် ...

ဘဝအတွေ့အကြုံတွေက စူးနေခစိတ်ကို ရင့်ကျက်စေခဲ့တာပါ။ မလှပတဲ့ သူ့ဘဝလေးကို တွေးမိတော့ သက်ပြင်းမျှင်းမျှင်းချပြီး လှည့်ထွက်လာခဲ့တော့၏။

"ဒေါ်ခင်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"စုံးက အရမ်းချောတာပဲနော်"

ကျော့ကျော့က ဖန်ခွက်ထဲကို ရေထည့်နေရင်းပြောတာ ဖြစ်၏။

"သူ့ပုံစံက ဝါသနာပါရင် မင်းသားလုပ်စားလို့ရတယ် သိလား။ အင်း မဖြစ်နိုင်ဘူးလို့ပြောလို့မရဘူး။ အကယ်ဒမီသုံးဆုပိုင်ရှင် မင်းသမီးနဲ့ အနီးကပ်နေခွင့်ရတဲ့သူဆိုတော့လေ"

"ရုပ်ကလေးတသာ ချောမွေ့နေတာပါဟယ်။ သူ ဖြတ်ကျော်ခဲ့ရတဲ့ ဘဝကြမ်းတာကိုကျ နင်မှမသိတဲ့"

"ဟုတ်လား။ သူ့အကြောင်း ကျော့ကျော့ကို ပြောပြပါလား ဒေါ်ခင်"

"အမယ်လေး ပြောချိန်မရပါဘူးဟယ်။ သူများအကြောင်း စပ်စုမနေနဲ့၊ ကိုယ်လုပ်စရာရှိတာလုပ်။ စုံးအကြောင်းပြောရရင် ကိုရီးယားဇာတ်လမ်းတွဲထက် ရှည်မှာ"

"ကျော့ကျော့က ကိုရီးယားဇာတ်လမ်းတွေ ကြိုက်တာကို။ အဲဒီလို နောက် ဘာဆက်ဖြစ်မလဲ မျှော်လင့်ရတာကိုက အရသာ တစ်မျိုးလေ"

"ကျော့ကျော့"

"ရှင်"





"ကိုယ်က မိန်းကလေးဆိုတာ သတိရဦးနော်။ အဲဒီလောက် နှာဘူးထမနေနဲ့"

"ဒေါ်ခင်ကလည်း"

ရှေ့တင် မျက်စောင်းမထိုးရဲတော့ မျက်နှာကို တစ်ဖက်လှည့်ပြီး ကျော့ကျော့ ဒေါ်ခင်ကို မျက်စောင်းထိုးမိသည်သာ။ လူကြီးတွေများ တော်တော်ခက်။ လူငယ်တွေအပေါ်မှာ နားလည်မှုကို မရှိဘူး။

"ဒေါ်ခင်"

"ဟော"

ဘာသားချော အသက်ရှည်ဦးမယ်။ ခုပဲ သူ့အကြောင်းပြောနေကြတာလေ။

"မမကို ဆေးတိုက်ရမယ့်အချိန် ရောက်ပြီမို့လား"

"ဟုတ်တယ်စုံး။ အခုပဲ ကျော့ကျော့သွားတော့မလို့"

"ရပါတယ် . . . ကျွန်တော်ပဲ သွားတိုက်လိုက်ပါ့မယ်။ ပေး . . . ကျော့ကျော့၊ အဲဒါတွေ"

"ရပါတယ် . . . ကျော့ကျော့ပဲ"

"ပေးစမ်းပါ"

ပြောပြောဆိုဆိုပဲ စုံးက ကျော့ကျော့လက်ထဲမှ ရေဖန်ခွက်ကို ယူပြီး လှည့်ထွက်သွားလေတော့သည်။ မမမြပွန်းမှိုရဲ့အခန်းထဲကို



www.burmeseclassic.com

www.burmeseclassic.com



သူ ဝင်သွားရမှာ သင့်တော်၏ မသင့်တော်၏ဆိုတာတောင် မစဉ်းစားတော့ပါလား။

"ဒေါက် ဒေါက်"

"––––––––"

"ဒေါက် ဒေါက်"

"ဖွင့်ထားတယ် ဝင်ခဲ့လေ"

တံခါးကို တွန်းဖွင့်ပြီး ဝင်လိုက်တော့ –

"စူးနေခ"

"ဟုတ် . . . မမ၊ မမကို ဆေးတိုက်မလို့ပါ"

"ဪ"

"ဒီနေ့ကစပြီး မမကို အချိန်မှန်ဆေးတိုက်ဖို့ ကျွန်တော်ပဲ တာဝန်ယူတော့မယ်"

"ရပါတယ်၊ မမခင်နဲ့ ကျော့ကျော့ရှိနေတာပဲဥစ္စာ"

"သူတို့က ကျွန်တော့်လောက် ဂရုစိုက်မှာမှ မဟုတ်တာ မမရဲ့"

မြယွန်း လွန့်ခနဲ ပြုံးလိုက်မိ၏။ စူးရဲ့သိတတ်မှုတွေကို သဘောကျလို့လေ။ ဖန်ခွက်ကို ကိုင်ထားရင်း ဆေးလုံးကို အရင် လက်ဝါးထဲထည့်ပေးတော့ မြယွန်းပါးစပ်ထဲသို့ ထည့်လိုက်၏။





"အာခေါင်မှာ ကပ်နေမယ်၊ ရေမြန်မြန်သောက်လိုက် မမ"

မြယွန်း ရေသောက်ပြီးမှ –

"ကလေးမှမဟုတ်တာကွယ်"

ကျန်ခဲ့တဲ့ ကျော့ကျော့မှာတော့ စိတ်ထဲရှိတာကို မျိုသိပ်ထားတတ်သူပီပီ –

"ဒေါ်ခင်"

ဒေါ်ခင်က ဟင်းချိုမြည်းရင်း လှည့်ကြည့်လေလျှင် –

"စူးက မမကို တော်တော် ဂရုစိုက်တာပဲနော်"

ဒေါ်ခင် မျက်မှောင်ကြုတ်သွားပြီး –

"အဲဒါ ဘာဖြစ်လဲ၊ အလုပ်ရှင်နဲ့အလုပ်သမားပဲလေ။ ငိုတတ်တဲ့ကလေးက နို့ပိုစို့ရတယ်ဆိုတဲ့စကား မကြားဖူးဘူးလား"

"မဟုတ်ဘူးလေ၊ ကျော့ကျော့ပြောချင်တာက . . . ဟို"

"ဘာလဲ"

"မမ အခန်းထဲကို သူဝင်သွားတော့ သင့်တော်ပါ့မလားလို့လေ။ အခြားတစ်ယောက်ဘေးမှာရှိနေရင် တော်သေးတာပေါ့"

"နင်က ဘယ်သူ့ကို မယုံတာလဲ"

"ဘယ်သူ့ကိုရယ်လို့တော့ မဟုတ်ပါဘူး။ မမက အရွယ်ရောက်ပြီး စူးကလည်း ချောတော့လေ"

www.burmeseclassic.com



"ချောတာ၊ လှတာနဲ့ပဲ စိတ်ဖောက်ပြန်ကုန်ကြရောလား ကျော့ကျော့"

"မဟုတ်ပါဘူး။ ဦးက သူ့မိန်းမကို အရမ်းချစ်တာ ဒေါ်ခင် သိလျက်သားနဲ့။ တော်ကြာ တွေ့သွားရင် တစ်မျိုးထင်မှာစိုးလို့ပါ"

အင်း . . . ကိုယ်တွေစိတ်က သမားရိုးကျတွေးထားပေမယ့် ကိုယ့်စိတ်မျိုး လူတိုင်းတွေးပေးမှာမှ မဟုတ်ဘဲလေ။ မြပွင့်နှင်း စိတ်၊ စူးစိတ်ကို အခြားသူတွေ သိနိုင်တာမှ မဟုတ်ဘဲ။

"ဟိုက မထင်ခင် နင်ထင်နေတာ မဟုတ်လား ကျော့ကျော့"

"ကျော့ကျော့က စေတနာနဲ့ ပြောတာပါ"

"အခုပဲ ငါသွားလိုက်မယ်"

ဒေါ်ခင် ဟင်းချိုအိုးကိုချခဲ့ပြီး ထွက်လာခဲ့တော့သည်။ တကယ်တော့ တွေးစရာတွေ အခုမရှိပေမယ့် နောက်ရှိလာမှာစိုးလို့ပါ။

✸



## အခန်း (၄)

"မင်းနာမည်က ဘယ်သူ"

"ဥက္ကာကျော်ပါ အန်တီ"

"မင်းမိဘတွေကရော"

"ကျွန်တော် ငယ်ငယ်ကတည်းက အမေမရှိဘဲ အဖေ့မေတ္တာ အောက်မှာ ကြီးပြင်းလာခဲ့တာပါ။ အဖေက ကျွန်တော့်အမေ ဘယ်သူဘယ်ဝါဆိုတာ နာမည်လေးတောင် ပြောမထားပါဘူး အန်တီရယ်။ အခုချိန်ထိလည်း မကြုံကြိုက်လို့ ကျွန်တော် မသိပါဘူး"

မြပွင့်နှင်း ကိုယ့်အိမ်မှာ ဒရိုင်ဘာလုပ်ဖို့ အလုပ်လာလျှောက်တဲ့ ကောင်လေးကို ခပ်တွေတွေလေးကြည့်မိသွား၏။ ကိုယ့်အမေဆိုတာ

www.burmeseclassic.com



ကို နာမည်လေးတောင် သိခွင့်မရဘူးတဲ့လား။

"ဟုတ်ပါပြီ၊ ဒါဆို မင်းအဖေနာမည်တော့ သိမှာပေါ့"

"ဟုတ်ကဲ့ ... ဖေဖေ့နာမည်က ဦးနန္ဒကျော်ပါ အန်တီ"

"ဟင်"

နန္ဒကျော်ဆိုတာနှင့် မြပယွန်းမျက်လုံးလေး ဝိုင်းသွား၏။ ဒီနာမည်ကို သူမရင်ထဲ အသည်းထဲမှာ စွဲမှတ်ထားခဲ့တာလေ။ နှစ်တွေ ဘယ်လောက်ပဲကြာကြာ မမေ့နိုင်ခဲ့သော ဒီနာမည်နှင့်လူတစ်ယောက်။ နာမည်တူမရှားဆိုပေမယ့် –

"ဦးနန္ဒကျော် ဟုတ်လား"

"ဟုတ်ပါတယ်၊ ဖေဖေက မနှစ်ကပဲ ဆုံးသွားတယ်လေ။ အခု ကျွန်တော်က အဘွားနဲ့နှစ်ယောက်တည်းနေတာပါ။ အဘွားနာမည်က ဒေါ်မြကျင်ပါ"

"ဟင်"

ဒီလောက်တောင်ပဲ တိုက်ဆိုင်ရသလား။ သူမ သိထားတဲ့ နန္ဒကျော်ရဲ့အမေကလည်း ဒေါ်မြကျင်ပါပဲ။ နာမည်တူတာဆိုရင် နှစ်ယောက်စလုံးတော့ တူမနေနိုင်ဘူးလေ။

ဒါကြောင့် –

"ဒါ ... ဒါဆို ... မင်းရဲ့မေးစေ့အောက်မှာ စာနီလေး





ရှိတယ် မဟုတ်လား"

"ဗျာ"

ဥက္ကာကျော် အံ့ဩစွာနှင့် သူ့မေးစေ့အောက်ကို လက်နှင့် စမ်းလိုက်ချိန်မှာပဲ မြပယွန်းက အနားရောက်သွားကာ ဥက္ကာလက်ကို ဖယ်ကာ သူမလက်နှင့် မေးစေ့ကို ဆွဲကိုင်မော့စေပြီး ကြည့်လိုက်တော့

"ဟင်"

စာနီလေးကိုမြင်လိုက်တာနှင့် ရင်ဘတ်ထဲမှာ အောင့်သွားလေသည်။ မျက်ရည်တွေက ချက်ချင်းဝဲ့တက်လာပြီး –

"သား"

"-----"

"သားလေး၊ အံမေ့သားလေး"

"ဗျာ ... အန်တီ"

"အန်တီမဟုတ်ပါဘူး သားရယ်။ မေမေက သားရဲ့မေမေပါ။ သားက မေမေရဲ့သား"

"ခင်ဗျာ"

"သားလေးရယ်"

ဥက္ကာကြောင်နေစဉ်မှာပဲ မြပယွန်းက ဥက္ကာကိုဖက်၍ တအိမ့်အိမ့် ရှိုက်ငိုမိလေလျှင် –



www.burmeseclassic.com

www.burmeseclassic.com



"ကဒ်"

ကဒ်ဆိုတဲ့အသံကြားတော့ သဏ္ဌာန်လုပ် သရုပ်တူဆိုတဲ့ သရုပ်ဆောင်မှု ပြီးဆုံးသွားပြီ။ မြပွန်း မျက်ရည်တွေကို သုတ်လိုက်သည်။ သုတ်နေတဲ့ကြားက မျက်ရည်တို့သည် မခမ်းနိုင်ဘဲ စီးမြဲစီးကျနေတော့၏။ ဒီဇာတ်ဝင်ခန်းမှာ သူမစိတ်ကို လုံးလုံးနှစ်မြှုပ်လိုက်သည်ပဲလေ။

"ဟာ ... ဆရာရေ မင်းသမီးတော့ အခုထိ အငိုမတိတ်သေးပါလားဗျို့"

"ငိုပါစေကွာ၊ သူ့ရင်ထဲမှာသွင်းထားတဲ့မုက အရှိန်မပြယ်သေးလို့ပေါ့ကွ"

အငိုမတိတ်သေးဘူးဆိုတဲ့ မမဆီကို စူး လျှောက်လာတာ သုတ်သီးသုတ်ပျာပါ။ မမမှာ နှလုံးရောဂါရှိတယ်လေ။ ဒါကြောင့် အရမ်းခံစားရတာမျိုး မဖြစ်စေချင်ပါဘူး။ သူ့ မင်းသမီး မိုးသာဖြူဖြူရဲ့ရှေ့ကနေ ဖြတ်အလျှောက်မှာတော့ –

"ဒုတ်"

"အမေ့"

"အို"

သူ့အာရုံထဲမှာ မမကို စိုးရိမ်တာကလွဲပြီး ဘာမှမသိ။





ဘယ်သူ့ကိုမှ မမြင်သလို ဖြစ်သွားခဲ့တာပါ။ ဒါကြောင့် ဘြောင်းလို့ ဆိုပြီး ခြေနည်းနည်းဆန့်လိုက်တဲ့ မိုးသာ့ခြေထောက်ကို ခလုတ်တိုက်ပြီး ရှေ့သို့ စိုက်ကျသွားလေလျှင် ...

"ဟဲ့ ... အဲဒါဘာဖြစ်တာလဲ။ လူတစ်ယောက်လုံး ထိုင်နေတာကို မမြင်ရလောက်အောင် ဘာကို အာကာဟာဝ်လာတာလဲ။ ပြောလိုက်ချင်ဘူး"

ပြောလိုက်တာက မိုးသာ့ရဲ့မေမေ ဒေါ်ဖြူဖြူဝင်းပါ။ စူးကိုယ်တာ မှားနေတာမို့ –

"ဆောရီး ... ဆောရီး ကျွန်တော် တောင်းပန်ပါတယ်ဗျာ။ ကျွန်တော် တကယ်မမြင်လို့ပါ"

"ဘာမမြင်ရမှာလဲ။ ဒီလောက် လူတစ်ယောက်လုံး ငုတ်တုတ်ထိုင်နေတာကို မမြင်ရလောက်အောင် ကန်းနေသလား။ ပြီးတော့ ဒီလောက်နီးနီးကပ်ကပ် ပွတ်သီးပွတ်သပ်ကနေ ဖြတ်သွားစရာလား"

"ကျွန်တော် စိတ်လောသွားလို့ပါဗျာ။ မှားမှန်းသိလို့ တောင်းပန်နေတာကို အန်တီမကျေနပ်နိုင်ဘူးလား"

"မကျေနပ်ဘူး ... မကျေနပ်ဘူး"

"မေမေ"

မိုးသာ့ မေမေ့ကို တားလိုက်ပေမယ့် မရပေ။ နဂိုတည်း

www.burmeseclassic.com



ကမှ ဒူမမေမေက ခပ်စွာစွာသမားပဲလေ။ ငါ မင်းသမီးအမေဆိုပြီး ဘဝင်မြင့်တယ်ဆိုရင်လည်းမမှားဘူးပေါ့။ မရှက်တမ်းဝန်ခံရရင် မပြည့်သေးတဲ့အိုးက ဘောင်ဘင်ခတ်တယ်ဆိုတာမျိုးပေါ့လေ။ အရင်တုန်းက စီးပွားရေးပြေလည်ရုံအဆင့်ကနေ ခုတော့ ကားစီးနိုင်တဲ့အဆင့်ထိ ရောက်လာခဲ့ပြီကိုး။

ကိုယ်ပိုင်ခြံနဲ့တိုက်နဲ့ –

ပြည့်စုံတယ်ဆိုတဲ့ဘဝကို ရောက်လာခဲ့ပြီမို့ ဆက်ဆံရေးကလည်း တကယ်ကို အထက်စီးဆန်တတ်ပါသည်လေ။

"နင် အခု ခလုတ်တိုက်လိုက်တာ နာမည်ကြီးမော်ဒယ်လ် မင်းသမီးတစ်ယောက်ရဲ့ခြေထောက်ဟဲ့။ ငါ့သမီးရဲ့ခြေထောက်ကလေးက နုဖတ်နေတာ။ သမီး တော်တော်နာသွားလားဟင်"

ရှုးကိုလည်း ရန်တွေ့၊ သူ့သမီးခြေထောက်ကိုလည်း လက်နှင့် ပွတ်သပ်ကိုင်ကြည့်လေလျှင် –

"ဟာ ... မေမေကလည်း အပြစ်တွေ ရကုန်တော့မှာပဲ"

"အို ... ကိုယ့်သမီးခြေထောက်ကိုယ်ကိုင်တာ အပြစ်ရှိရလား။ သမီးလေး တော်တော်နာသွားမှာပဲနော်"

"မေမေကလည်း သူများတွေ မြင်လို့မကောင်းပါဘူး"

ဒီလောက်အဖြစ်သည်းနေတဲ့ မိန်းမကြီးကို ရှုးနေခဲ အမြင်





ကတ်သွားလေသည်။ ဒါကြောင့် –

"အန်တီ"

ခေါ်ဖြူဖြူဝင်း ဖျတ်ခနဲမော့ကြည့်လေတော့ –

"အဲဒီလောက်ဖြစ်နေရင် အန်တီ့သမီးကို ကျွန်တော် ဆေးခန်းပို့ပေးရမလား။ ဆေးရုံတင်ပေးရမလား။ ဘာလုပ်ပေးရမလဲ ပြော"

"ဘာ"

"ဒီမှာ"

ရှုးအပြောကြောင့် ဒီတစ်ခါ လေသံမာနှင့် ထရပ်လိုက်သူက နှိုးသားကိုယ်တိုင်ပါ။

"ရှင် စကားပြောတာမရှုံ့နဲ့နော်။ ကိုယ်မှားတာကို ဝန်ခံပြီး ရှင် ကိုယ့်လမ်းကိုယ်သွား"

"သွားမလို့ပါ၊ မင်းအမေ အဖြစ်သည်းတဲ့ပုံစံကိုလည်း ကြည့်ဦးလေ။ အခုမှ မိဖုရားကင်းကိုက်ခံရတာကျနေတာပဲ။ လူလူချင်းများ စကားပြောတာ တစ်မူးပိုချင်နေသေးတယ်"

"ဘာရှင့်"

"ဟဲ့ ... ပိုရမယ်ဟဲ့ ပိုရမယ်။ ငါ့သမီးက ရုပ်ရှင်ကားထဲ လှည့်အော် ပဲပြုတ်ရောင်းမှ ထမင်းစားရတဲ့ ပဲပြုတ်သည်မဟုတ်ဘူးဟဲ့



www.burmeseclassic.com

www.burmeseclassic.com



နားလည်လား"

"ပဲပြုတ်သည်လည်း လူ့ မင်းသမီးလည်းလူ လူချင်းအတူတူ ပါပဲဗျာ။ ဘယ်သူကမှ ထူးပြီး ဦးချိုပေါက်မနေပါဘူး"

"ဒီမှာ"

စူး မိုးသားဖြူဖြူကို ခပ်စူးစူးပဲ ပြန်ကြည့်လိုက်မိသည်တွင်

"ဒါ မိဘတိုင်းက သားသမီးအပေါ် စိုးရိမ်ပူပန်တတ်ကြတဲ့ စေတနာမေတ္တာပါ။ ရှင့် ဒါကို နားမလည်ရအောင် ရှင့်မှာ မိဘမရှိဘူး လား"

"ဟင်"

ဒီစကားက စူးအရိုက်ကို လက်သီးနှင့်ခပ်ပြင်းပြင်း ထိုးလိုက် သလိုပါပဲ။ မိဘမရှိဘူးလားတဲ့။ ဟုတ်တယ် စူးက မိဘမဲ့တစ်ကောင် ကြွက်ပဲလေ။

"စူးနေခ"

"______"

"စူးနေခ"

"ဗျာ"

နောက်ကခေါ်သံကြောင့် စူးပျာပျာသလဲ လှည့်ကြည့်လိုက် စဉ် –





"ဘာဖြစ်နေတာလဲ"

"ဟို ... ကျွန်တော်"

"ဘာဖြစ်ရမှာလဲ မြပယွန်းရယ်၊ သူလေ ဒီလောက်နေရာ အကျယ်ကြီးမှာ သမီးရှေ့ကနေ ပွတ်သီးပွတ်သပ်ဖြတ်သွားလို့ သမီး လေးခြေထောက်ကို ဝင်ခလုတ်တိုက်တာ။ အဲဒါကိုပြောတော့ သူက မခံချင်အောင် ပြန်ပြောနေတာလေ"

မြပယွန်း စူးနေခ မျက်နှာကိုကြည့်ပြီးမှ ဒေါ်ဖြူဖြူဝင်းဘက်သို့ ပြန်လှည့်ကာ –

"သူ့အစား မြပယွန်း တောင်းပန်ပါတယ် အစ်မရယ်။ သူ မြပယွန်းကိုစိုးရိမ်ပြီး ပျာသွားလို့ ခုလိုဖြစ်တာပါ။ မြပယွန်းတောင်းပန် ပါတယ်နော်"

ဒေါ်ဖြူဖြူဝင်း မျက်မှောင်ကြုတ်သွားပြီး –

"ဒါနဲ့ သူက"

"မြပယွန်းရဲ့မောင်ဝမ်းကွဲပါ"

"ဩော်"

"နာမည်က စူးနေခတဲ့၊ မှတ်ထားနော်"

ဒီတော့မှ ဒေါ်ဖြူဖြူဝင်းနဲ့မိုးသား ခေါင်းညိတ်ပြီး စူးကို ပြုံးပြကြလေသည်။ အပြောင်းအလဲမြန်လိုက်တဲ့မျက်နှာတွေ။



www.burmeseclassic.com

www.burmeseclassic.com



စူးနေခက ဒီလောကသား ဒီလူတွေနဲ့ စိမ်းသက်နေတော့ ခုလို မိတ်ဆက်ပေးထားတာအကောင်းဆုံးပါပဲ။ မဟုတ်ရင် သူ့ကို အထင်သေးတဲ့မျက်လုံးတွေနဲ့ ကြည့်ကြမှာစိုးလို့လေ။ ခုလိုတွေ နောက်ထပ်ရှိလာရင် မြယွန်း ကြည့်ရက်မှာ မဟုတ်ပါဘူး။

"နာမည်က စူးနေခတဲ့လား"

"ဟုတ်တယ် အစ်မ၊ ဘာဖြစ်လို့လဲ မသိဘူး"

"ဘာမှမဖြစ်ပါဘူးကွယ်။ နာမည်က လှလို့ပါ။ လူကလည်း မြယွန်းနဲ့အမျိုးတော်လို့လားမသိဘူးနော်။ မြယွန်းလိုပဲ ချောတာ။ သူ့ကို မင်းသားလုပ်ခိုင်းပါလား မြယွန်းရဲ့"

"အဲဒါတော့ မဖြစ်ဘူး အစ်မရဲ့။ စူးနေခက ဝါသနာမပါဘူးလေ။ စိတ်ရှုပ်လို့တဲ့"

"ဪ . . . ဟုတ်လား"

ခေါင်းညိတ်ပြီး ပြုံးလိုက်တဲ့ မမရဲ့အပြုံးက စူးရင်ကို အေးမြစေတာ အနိုင်းမဲ့ပါ။

မြယွန်းရင်ထဲမှာလည်း . . .

စူးနေခကို သူများတွေက ချောတယ်ပြောတိုင်း ကျေနပ်ပီတိဖြစ်ရသည်သာ။

✸



## အခန်း (၅)

တစ်ဖက်ခြံက လူဝင်လူထွက်တွေ များနေတာကိုမြင်ပြီး မြယွန်း မျက်မှောင်လေးကြုတ်သွားလေသည်။ ဝရန်တာကနေ ဘာနဲ့မဟုတ် ကြည့်မိသွားတာလေ။ အဲဒီဘက်ကခြံနဲ့အိမ်က ကျိန်စာသင့်နေသလားမသိပါဘူး။ နေတဲ့လူတွေ မမြဲကြတာ အကြာဆုံးနေလို့ ခြောက်လပဲနေခဲ့ကြတယ်။ သူနှစ်ပါပဲ။ အဲဒါ လက်ရှိနေတဲ့ ဒေါ်မြနွယ်တို့မိသားစုပဲပေါ့။ အခု သူတို့ကတော့မြဲပြီလား မသိပါဘူး။

သူတို့က သူတို့ကိုယ်သူတို့ မဟာဆီမဟာသွေးဆိုပြီး ဘဝင်မြင့်ကာ သောက်နေကြတာလေ။ ဒါကြောင့် မြယွန်းတို့နဲ့ ခြံချင်းကပ်ပေမယ့် စကားပြောနှုတ်ဆက်ရုံပင် တစ်ခါတလေမှပါ။ အခု လူဝင်လူထွက်တွေ



www.burmeseclassic.com

www.burmeseclassic.com



များနေတာ ထူးတော့ထူးဆန်းသလိုပါပဲ။

"မြယွန်း"

"-----"

"မြယွန်း"

"ဟင်"

ဒေါ်ခင်မာရောက်လာတာမို့ မြယွန်း လှည့်ကြည့်တာ ခဏပဲ ဖြစ်ပြီး မျက်လုံးက တစ်ဖက်ခြံဘက်ကိုပဲ ပြန်ရောက်သွားလေသည်။

"ဒီနေ့ ရုံးတင်မသွားရဘူးလား"

"ဟုတ်တယ် မမခင်၊ ဒီနေ့ ရုံးတင်နားတယ်လေ"

"မြယွန်းကို မောင်မင်းထက်လိုက်ရှာနေတယ်။ ဒီမှာရှိနေတာ သူမသိဘူးထင်တယ်"

"မမခင်ပြောလိုက်လေ၊ မြယွန်းဒီမှာလို့"

"အေး ... အေးပါ"

ဒေါ်ခင်မာ လှည့်ပြန်မလို့လုပ်ပြီးမှ မြယွန်း တစ်ဖက်ခြံကိုပဲ အကြည့်ရောက်နေတာကို သတိထားမိသွားလေသည်။ ဒါကြောင့် သူမပါ မြယွန်းဘေးမှာလာရပ်ပြီး တစ်ဖက်ခြံထဲသို့ ကြည့်လိုက်ကာ

"မြယွန်း ဟိုဘက်ခြံထဲမှာ လူဝင်လူထွက်များနေလို့ စိတ်ဝင်စားနေတာထင်တယ်"





"ဟုတ်တယ် မမခင်၊ အဲဒီခြံက ဘဝင်ရူးတွေ ဘာများလုပ်နေသလဲလို့ပါ။ သူတို့က လူတိုင်းနဲ့ပေါင်းသင်းဆက်ဆံတာ မဟုတ်ဘူးလေ။ အဲဒါကြောင့် စိတ်ဝင်စားတာ"

"အဲဒါ အရင်လူတွေမဟုတ်ဘူး မြယွန်းရဲ့"

"ဟင်"

"မမြနွယ်တို့က ပြီးခဲ့တဲ့ တစ်ပတ်လောက်ကတည်းက ပြောင်းသွားကြပြီ မြယွန်းရဲ့။ အခုက လူသစ်တွေ"

"ဟုတ်လား၊ မမခင်က ဘယ်လိုလုပ်သိလဲ"

"ဘယ်လိုသိရမှာလဲ၊ မမြနွယ်တို့အိမ်က ထမင်းချက် မရဲမြင့်နဲ့မမခင်က ဈေးအတူသွားနေကျလေ ... သူပြောပြတာပေါ့။ မမခင်နဲ့ကျုန်မ နောက် ဒီလိုတွေ့ရ စကားပြောရမှာမဟုတ်ဘူးဆိုလို့ မေးကြည့်တာပါ"

"ဪ"

မြယွန်း ဘာကြောင့်မှန်းမသိ သက်ပြင်းလေးသာ ချလိုက်မိတော့၏။ စောစောကပဲ သူမ တွေးနေသေးတာလေ၊ ဒီခြံက လူမမြဲပါဘူးလို့။ အင်း ... ဒီခြံ ဘာကြောင့် လူမမြဲသလဲဆိုတာ သိရအောင် မမခင်လေးဘာလေးမေးကြည့်ရင်ကောင်းမှာ။ ဒါမှမဟုတ် အိမ်တစ်အိမ်ကျွမ်းကျွေးလုပ်ပြီး ပရိတ်လေးဘာလေး ရွတ်သင့်တာ။



www.burmeseclassic.com

www.burmeseclassic.com



မြယွန်းသိသလောက်တော့ –

အဲဒီခြံထဲမှာ အလုပ်လုပ်တာတွေ ဘာတွေ မတွေ့ဖူးပါဘူး။ ရောက်လာသမျှ လူတွေက စီးပွားရေးပဲလုံးပမ်းနေတဲ့သူနဲ့ ဘဝင်မြှင့်နဲ့ အပျော်အပါးမက်ပြီး ပါတီတွေပဲကျင်းပတဲ့သူနဲ့ လျှို့ဝှက်ပုံများ သူတို့နဲ့ မဆိုင်ဘူးလို့ ထင်နေကြလား မသိပါဘူး။

"ဒါဆို ဒီနေ့ အဲဒီခြံကို လူသစ်တွေပြောင်းလာတာပေါ့နော်"

"ဟုတ်တယ် မြယွန်း၊ မမြန္မာယ်တို့က စီးပွားတွေကျလို့ဆိုလားပဲ။ အဲဒီခြံနဲ့တိုက်ကိုရောင်းပြီး ပဲခူးကိုပြောင်းကြမှာတဲ့"

"အရင်လူတွေလိုပဲလားမသိဘူး"

"ဟင် ... ဘာကိုလဲ မြယွန်း"

"ဪ ... လူသစ်တွေလည်း လူဟောင်းတွေတုန်းကလိုပဲ လား မသိဘူးလို့ ပြောတာပါ"

"ခုလောလောဆယ်တော့ မသိသေးဘူးပေါ့။ တစ်ပတ်လောက်ကြာရင်တော့ ခန့်မှန်းလို့ရမှာပါ"

နှစ်ယောက်သား ဘာမှန်းမသိ ညာမှန်းမသိနဲ့ ဝေဖန်နေရတာ ကောင်းတော့မကောင်းပါဘူး။ လူသစ်တွေဆိုတော့ စိတ်ဝင်စားတာက အမှန်ပဲလေ။

"ကဲ ... မြယွန်း"





"ရှင်"

"မမခင် မောင်မင်းထက်ကို သွားပြောလိုက်ဦးမယ်"

မြယွန်း ခေါင်းညိတ်ပြတော့ ဒေါ်ခင် ထွက်သွားလေတော့သည်။ မြယွန်းရဲ့မျက်လုံးကတော့ တစ်ဖက်ခြံထဲမှာပါပဲ။

ဟော ... ကားနှစ်စီး ခြံထဲကနေပြန်ထွက်သွားပြီ။ အိမ်ထဲကနေ ပြေးထွက်လာတာက ကောင်မလေးတစ်ယောက်။ ခြံထဲက ခန်းပင်တွေကို ပြေးလွှားပြီး လိုက်ကြည့်နေတာ ကလေးပေါက်စလေးအတိုင်းပါပဲ။ ပြီးတော့ သူမ ရပ်နေတဲ့နေရာကို မော့ကြည့်တာလား၊ ဟုတ်တယ် ... ကောင်မလေး သူမကို မြင်သွားပြီ။

"ဟင်"

သေသေချာချာကြီး မမြင်ရပေမယ့် သူမ မျက်နှာလေးက ချစ်စရာကောင်းတယ်ဆိုတာကို သိလိုက်ရှိန်မှာပဲ သူမလေးက မြယွန်းကို ရယ်ပြလေသည့်အပြင် လက်ပါပြလေတော့ –

အင်း ... ကောင်မလေးရဲ့ဆက်ဆံရေးကတော့ မဆိုးရှာပါဘူးလို့ပဲ ကောက်ချက်ချရတော့မည်သာ။

✸



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဝုတ် ဝုတ်"

"ဟင်"

"ဝုတ် ဝုတ်"

စူး ပန်းပင်တွေ ရေလောင်းနေရင်းကနေ ခွေးဟောင်သံကြောင့် လှည့်ကြည့်လေလျှင် ခွေးညိုပေါက်တစ်ကောင်က သူ့ကိုကြည့်ပြီး ဟောင်နေတာလေ။

"ဘယ်ကခွေးပါလိမ့်"

"ဝုတ် ဝုတ်"

ခွေးက ခွေးပေါက်ကလေးမို့ စူး ပြုံးလိုက်မိသည်။ စူးက





ခွေးပေါက်ကလေးတွေကိုသာ ချစ်တာ။ ကြီးလာရင်မချစ်တော့ဘူး ဆာ။ ဒါ ဟိုဘက်ခြံက ခွေးလားမသိဘူး။ အခြားလျှောက်သွားနေမှာဘာနှင့် ဖမ်းပြီးပြန်ပို့ပေးမည်ဟု ရေပိုက်လုံးကို ပန်းအိုးပေါ်တင်ခဲ့ပြီး ခွေးပေါက်ကလေးဆီသို့ လာခဲ့လေလျှင် –

"ဟာ"

နောက်ကနေ ပုဆိုးအောက်နားစကို တင်းခနဲအဆွဲခံလိုက်ရသာကြောင့် လှည့်ကြည့်လိုက်တော့ –

"ဟင် ... ဒီမှာတစ်ကောင်"

ဘယ်ကထွက်လာမှန်းမသိတဲ့ နောက်ခွေးတစ်ကောင်က ဆိုးစကို ဆွဲနေတာမို့ စူး ခွေးကို ကောက်ကိုင်လိုက်စဉ် –

"အမယ်လေး"

"-----"

"ဟာ"

ခြေချင်းဝတ်နောက်ဘက်ဆီမှ နာကျင်မှုဝေဒနာကို ခံစားလိုက်ရသဖြင့် နောက်ကိုလှည့်အကြည့် –

"ဝူး"

"ဟာ ... ဟဲ့ခွေး ဟဲ့ခွေး"

"-----"



www.burmeseclassic.com

www.burmeseclassic.com



"အား"

"ဘိုမ ... ဘိုမ"

"______"

"ဘိုမ လာစမ်း"

"______"

"ဟိတ် ... ဘိုမ"

ခွေးကိုက်ခံလိုက်ရတာကြောင့် ရူး ဖင်ထိုင်လဲကျသွားတာ ပုံပျက်ပန်းပျက်နှင့်ပါ။ ရူး ခွေးရန်ကနေ ကာကွယ်ဖို့ ကြိုးစားနေစဉ်မှာပဲ ဘိုမလို့ခေါ်သံကြားပြီး ခွေးက ပြန်လှည့်ပြေးသွားလေတော့သည်။ အသံရှင်ကောင်မလေးက ခွေးကို အုတ်ခဲနှင့် ပစ်ပေါက်မောင်းထုတ်ပြီး သူ့ဆီသို့ အပြေးလေးရောက်လာကာ –

"ကိုက်မိသွားတာ ဘယ်လောက်များသွားလဲဟင်။ ကြိုးကြာ ဘာလုပ်ပေးရမလဲဟင်"

"အား ... ကျွတ် ကျွတ်"

ရူး မျက်နှာလေး ရှုံ့မဲ့ကာနှင့် ထကြည့်ဖို့ ကြိုးစားပေမယ့် မရပေ။ ခြေသလုံးမှာလည်း သွေးတွေ ထွက်လာပြီလေ။

"ဟင် ... သွေးတွေ"

"ခွေးကိုက်ပါတယ်ဆိုမှ သွေးထွက်မှာပေါ့ဟာ၊ အား ...





ကျွတ် ကျွတ် သေပါပြီ"

ရွှေကြိုးကြာ လက်ကလေးတိုးလိုက် ဆုတ်လိုက်နှင့် ကိုင်ကြည့်ရမလိုလို မကိုင်ရဲသလိုလို ဖြစ်နေတာလေ။

"ဒဏ်ရာက အများကြီးထင်တယ်"

"နှစ်ခါကိုက်တာ ဒီမှာကြည့်၊ ရှေ့ရောနောက်ရောပဲ"

မှန်ပါသည်။ ခြေမျက်စိအထက်မှာ ဒဏ်ရာတစ်ခုနှင့် ခြေချင်းဝတ်အထက်ပိုင်းမှာ ဒဏ်ရာတစ်ခုလေ။ ကြိုးကြာ ခေါင်းလေးကုတ်၍သာ –

"အဲဒီခွေးမ အရင်က မကိုက်ဘူး ကိုကြီးရဲ့။ အခု သားတွေ ပေါက်ပြီးမှ ကိုက်တတ်နေတာ။ သူ့သားတွေကိုကိုင်ရင် ကိုက်ရောလေ။ အိမ်မှာလည်း ဟိုနေ့က မောင်လေးကို ကိုက်သေးတယ်။ အခု မောင်လေး အကိုက်ခံရတာထက် ကိုကြီးဒဏ်ရာကပိုများနေတာ။ အဲဒီခွေးတော့ ဘယ်လိုလုပ်ရမှန်းကို မသိတော့ပါဘူး"

"ဒီမှာ"

"ရှင်"

"ဒီမှာ သွေးတွေက အရမ်းထွက်နေပြီ၊ မင်းရဲ့ခွေးတရားကိုပဲ ဆက်နာနေရမှာလား"

ရူး စိတ်တိုတိုနှင့် ပြောလိုက်မှ ကောင်မလေး ပျာပျာသလဲနှင့်



www.burmeseclassic.com

www.burmeseclassic.com



လက်ကာ,ကာ –

"မဟုတ်ပါဘူး ကိုကြီးရဲ့။ ကြိုးကြာက ပြောပြတာပါ။ ကြိုးကြာ ဘာလုပ်ပေးရမလဲဟင်။ ဆေးခန်းလိုက်ပို့ရမလား။ ဟို ထရောထနိုင်ရဲ့လား"

"ကြိုးစားပြီး ထကြည့်ရမှာပေါ့။ ဒီအတိုင်းထိုင်နေလို့မှ မဖြစ်တာ"

ခြေထောက်ကိုကိုင်ပြီး စူးထဖို့ ကြိုးစားပေမယ့် ထလို့မရ ဖြစ်နေစဉ်

"ဟို ... ကြိုးကြာထူပေးမယ်နော်"

"အား ကျွတ် ကျွတ်"

"တော်တော်နာနေလားဟင်"

"နာတာပေါ့ဟ၊ နင် အကိုက်ခံကြည့်ပါလား"

ကြိုးကြာ သူ့ကိုတွဲထူပြီး အိမ်ဆီသို့ တွဲခေါ်လာခဲ့တော့သည်။

အတော်ပဲပေါ့။ ကြိုးကြာ ဒီအိမ်ကိုလာချင်နေတာလေ။ အင်း ကြိုးကြာ အတွေးကို သူသာသိရင် နားရင်းထအုပ်မလားပဲ။ ဒီအိမ်က ရုပ်ရှင် မင်းသမီး မြယွန်းမိုရဲ့အိမ်ဆိုလို့ ကြိုးကြာ စိတ်ဝင်စားနေခဲ့တာလေ။ ကြိုးကြာက ငယ်ငယ်ကတည်းက မင်းသမီးမြယွန်းမိုကို ကြိုက်ခဲ့တာ အံ့ခုထက်ထိပါပဲ။





သိကတည်းက ဒီအိမ်ကို လာချင်ပေမယ့် မာနကြီးမှန်းမသိ ဘာမှန်းမသိနဲ့ ကြောက်လို့ပဲ မလာဖြစ်ခဲ့တာပါ။

"ဟင် ... စူး"

ကျော့ကျော့က စူးနှင့်ကြိုးကြာကို တစ်လှည့်စီကြည့်ပြီး–

"စူး ... သူ ... သူက ဘယ်သူလဲဟင်"

"ကြိုးကြာက ဟိုဘက်ခြံကပါ မမ"

"ဟင်"

ကြိုးကြာကပဲ သွက်သွက်လက်လက်နှင့် ဝင်ဖြေလေသည်။

"ဒီကိုကြီး ခွေးကိုက်ခံရလို့ မထနိုင်တာနဲ့ ကြိုးကြာတွဲပို့ပေးတာပါ"

"ဟင် ... ခွေးကိုက်ခံရလို့ ဟုတ်လား"

"ဟုတ် ... ကြိုးကြာရဲ့ခွေးကိုက်တာဆိုတော့ ကြိုးကြာမှာ တာဝန်ရှိပါတယ်။ ဘာပဲလုပ်ပေးရ လုပ်ပေးရ ဒီကကိုကြီးကျေနပ်တဲ့ အထိ ကြိုးကြာလုပ်ပေးပါ့မယ်နော်။ ဘာလုပ်ပေးရမလဲဆိုတာသာ ကြိုးကြာကိုပြောပါ"

သူမ မေးတာကို ပြန်မဖြေနိုင်ဘဲ ကျော့ကျော့အကြည့်က စူးရဲ့ခြေထောက်ဆီသို့ ရောက်သွားလေလျှင် –

"သွေးတွေထွက်နေတာ အများကြီးပဲ။ စူး နင် ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



လုပ်မှာလဲ ဆေးခန်းသွားမှထင်တယ်''

"မသိတော့ဘူးဟာ၊ ငါကတော့ နာတာပဲသိတယ်''

"ဒေါ်ဒေါ်ခင် ဒေါ်ဒေါ်ခင်ရေလာပါဦး''

"ဘာဖြစ်နေတာလဲ ကျော့ကျော့''

ခေါ်တာက ဒေါ်ခင်မာကိုပေမယ့် အပေါ်ထပ်ကနေဆင်းလာပြီး လှမ်းမေးလိုက်တာက မြယွန်းမိုပါ။ မြယွန်းမိုကိုမြင်လိုက်ရတော့ ကြိုးကြာ ခွေးကိုက်ခံထားရတဲ့စူးကိုမေ့ပြီး မြယွန်းကိုသာ ပါးစပ်အဟောင်းသားနှင့် ငေးမောနေမိတော့သည်။ ဖြူဝင်းသောအသားအရည်နှင့် အိမ်နေပုံစံလေးကပဲ မီဒီယိုထဲမှာထက် ပိုလှပြီး ပို၍ကျက်သရေရှိနေသည်လေ။

ဒါ ...

တိုဘဝက ဆုတောင်းကောင်းခဲ့လို့ပေါ့။ ရွှေမှုန်ကိုစားပြီးမွေးဖွားလာလေရော့သလား။

"စူး ခွေးကိုက်ခံရလို့တဲ့ မမ''

"ဟင် ... ဟုတ်လား။ ဘယ်မှာလဲ ဘယ်လောက် များသွားလဲ။ ငါ့ကိုပြစမ်း စူးနေခ''

စူးက သူ့ခြေထောက်ကို ပြန်ငုံ့ကြည့်လို့ မြယွန်းလည်း လိုက်ကြည့်လေရာ သွေးတွေကို မြင်သွားလေတော့ ချက်ချင်း မျက်နှာ





ဖျက်သွားပြီး ပျာပျာသလဲနှင့်။

"သွေးတွေ အများကြီးထွက်နေပါလား၊ မဖြစ်ဘူး မဖြစ်ဘူး ဆေးခန်းသွားမှပါ။ ကျော့ကျော့ ဦးမြကြူကိုသွားခေါ်စမ်း''

"ရပါတယ် မမရဲ့၊ ကျွန်တော် ဘာမှမဖြစ်ပါဘူး၊ စိတ်အေးအေးထားပါ''

မြယွန်း စူးမျက်နှာကို စေ့စေ့ကြည့်လိုက်ကာ –

"စိတ်အေးအေးထားလို့မရဘူး စူးနေခ။ ခွေးကိုက်ခံရတာကို ပေါ့ဆနေလို့ ဖြစ်မလား။ ကာကွယ်ဆေးထိုးသင့်ရင် ထိုးရမှာပဲ။ ခွေးက ခွေးရူးမှန်းမသိ ခွေးကောင်းမှန်းမသိနဲ့ကို။ ငါ့ကို ထပ်စောဒကတက်နဲ့။ မင်း ဆေးခန်း သွားကိုသွားရမယ်''

"ခွေးက ခွေးကောင်းပါ မမရဲ့၊ အရင်ကတော့ မကိုက်ပါဘူး။ အခုက သားပေါက်နေလို့ကိုက်တာပါ''

ကောင်မလေးက ဟိုဘက်ခြံက ကောင်မလေးလား။ ဟုတ်တယ်လို့ ထင်တာပဲ။ သူ့မကိုရယ်ပြီး လက်ပြတဲ့မျက်နှာ။ ဟုတ်တယ် သေချာပါတယ်။

"မင်းက''

"ကြိုးကြာက ဟိုဘက်ခြံကပါ မမ။ ဒီကအစ်ကိုကြီးလို့ ကြိုးကြာရဲ့ခွေးကိုက်တာပါ။ ကြိုးကြာမှာ တာဝန်ရှိပါတယ်၊ ဆေးခန်း



www.burmeseclassic.com

www.burmeseclassic.com



သွားမယ်ဆို ကြိုးကြာ လိုက်ပို့ပါ့မယ်''

''သွေးတွေက အရမ်းထွက်နေတာ။ ကဲ စူးနေခ ကားပေါ် ဘက်။ ဦးမြကြူက မရောက်သေးဘူး။ ဦးမြကြူ''

''လာပြီမြယွန်း လာပြီ''

မြယွန်း ပျာပျာသလဲ ဖြစ်နေတာကိုကြည့်ပြီး ကြိုးကြာ စူးကို ကြည့်လိုက်မိသည်။ သူတို့နှစ်ယောက်က ဘယ်လိုတော်စပ်ကြတာလဲ။ မောင်နှမလား။

''မမ ကျွန်မတော့အတွက် အဲဒီလောက် စိုးရိမ်မနေပါနဲ့။ ဒီ ဒဏ်ရာက ဆေးထည့်လိုက်ရင်ပျောက်မှာဥစ္စာကို''

''စူးနေခ''

ဘယ်လိုပြောလိုက်တာလဲဟု မြယွန်းပုံစံက ဝမ်းနည်းသွားသည့်ဟန်ပါ။ ဒါကြောင့် စူး မျက်လွှာချလိုက်ပြီး –

''ကျွန်တော်က မမစိတ်တွေ ယောက်ယက်ခတ်ပြီး တစ်ခုခု ဖြစ်မှာစိုးရိမ်လို့ ပြောတာပါ''

''မင်း ငါ့ကို စိုးရိမ်သလို ငါ မင်းအပေါ် စိုးရိမ်တဲ့စိတ်က ငင်းထက် ဆယ်ဆသာလိမ့်မယ် စူးနေခ။ ကဲပါ ကားပေါ်တက်ရ အောင် လာ ငါ့ကိုတွဲ''

မြယွန်း စူးနေခကို သူမကိုယ်တိုင်တွဲခေါ်ပြီး ကားပေါ်သို့





တက်မည်ပြုတော့ ကြိုးကြာက တစ်ဖက်မှ စူးကို ကူတွဲပေးလေသည်။ မြယွန်း တစ်ခုခုကို သတိရသွားပြီး –

''သြော် ... ဦးမြကြူ ကားမောင်းလို့ဖြစ်ပါ့မလား''

''မောင်းသူမှ မရှိတာဆိုတော့ ဒီလိုပဲ ဖြည်းဖြည်းမောင်းကြည့်ရမှာပေါ့ မြယွန်းရယ်''

''အဆင်မပြေရင်လည်း ဦးမြကြူကျန်ခဲ့လေ။ မြယွန်း ကိုယ်တိုင်ပဲ မောင်းရတော့မှာပဲပေါ့''

ကားမောင်းဖို့ကို ဘာတွေများ အခက်အခဲရှိနေကြပါလိမ့်။

''ဟို ... မမတို့ကားမောင်းဖို့အဆင်မပြေရင် ကြိုးကြာ မောင်းပေးမယ်လေ။ ကြိုးကြာ ကားမောင်းတတ်ပါတယ်''

''ဟုတ်လား ... အဆင်ပြေမယ်ဆိုရင်တော့ မောင်းလေ။ သြော် ... မေ့နေတာ၊ ကျော့ကျော့ရေ ကားသော့ယူခဲ့ပါဦး''

''ဟုတ်ကဲ့ မမ''

ကျော့ကျော့ ကားသော့ကိုယူပြီး အပြေးလေးလာပေးပြီးတဲ့နောက်မှာတော့ ကြိုးကြာ ကားပေါ်သို့တက်ပြီး မောင်းထွက်ခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ရှူတင်သွားဖို့အတွက် ကျော့ကျော့က လိုအပ်တာတွေ လုပ်ပေးရသည်မှာ အမြဲတမ်းပါ။ သူမကိုယ်တိုင်လိုက်ရတဲ့အခါတွေလည်း ရှိသည်လေ။ အခုလည်း ရှူတင်သွားကာနီးမှာ ခွဲခြင်းထဲသို့ စားစရာ သောက်စရာနှင့် မမသောက်ဖို့ ဆေးကအစ ထည့်နေရသည်သာ။

ထိုစဉ် –

အခန်းထဲသို့ ဦးမင်းထက်သာ ဝင်လာပြီး –

"ရူးက ခြေထောက်မှာ ဒဏ်ရာနဲ့ဆိုတော့ မြယွန်း ရှူတင်သွားဖို့ ဘယ်သူကားမောင်းပို့မှာလဲ။ ဦးမြကြူနဲ့တော့ မဖြစ်ဘူးထင်တယ်နော်၊ ကို လိုက်ရမှာလား"





"ဖြစ်နိုင်ရင်တော့ ကို လိုက်ပို့တာ ပိုကောင်းတာပေါ့။ မြယွန်းက ကို မအားမှာစိုးလို့ မပြောတာပါ"

"ကိုမိန်းမကို စိတ်မချဘူးဆိုတော့ မဖြစ်လည်း ဖြစ်အောင်လိုက်ရတော့မှာပဲပေါ့"

မြယွန်း ပြုံးလိုက်မိပါသည်။ ကိုက မြယွန်းကို သိပ်ချစ်တာပဲလေ။ ဒါကြောင့် အမြဲတမ်း မြယွန်းအတွက် စိုးရိမ်ပူပန်နေတတ်သူပါ။ မြယွန်း ယောက်ျားရက်ကောင်းခဲ့တာပါလေ။ လူကြီးတွေ အတင်းပေးစားလို့သာ ယူလိုက်ရတယ် မြယွန်းက သူ့ကိုမချစ်ခဲ့သူ။ အိမ်ထောင်သက် ကြာလာတော့လည်း –

မေတ္တာရောင်ပြန်ဟပ်တဲ့သဘောက –

သူ့ရဲ့ ဂရုစိုက်ကြင်နာမှုတွေအောက်မှာ မြယွန်းသာယာလာခဲ့သည်လေ။ ဒါ မြယွန်းမှာ အပြစ်ရှိပါသလား။ ကံစီမံရာကိုပဲ ကျေနပ်စွာ လက်ခံပေးခဲ့တာပါ။

"မြယွန်းက အဲဒီအသံပဲကြားချင်တာ"

"ဒါဆို ကို လိုက်ပို့တာကို လက်ခံမယ်ပေါ့"

"ပို့စေချင်ပါတယ်ဆို ကိုရယ်"

ဦးမင်းထက်သာ ခါးထောက်ပြီး သက်ပြင်းလည်းချလိုက်မိတာ –



www.burmeseclassic.com

www.burmeseclassic.com



"ပို့ရမှာပေါ့၊ ဒရိုင်ဘာခေါ်ထားပြီး ကိုယ်တိုင်လိုက်ပို့ရတော့မယ်"

"ကိုက မပို့ချင်ဘူးလား"

"မပို့ချင်တာ မဟုတ်ပါဘူး၊ ဒရိုင်ဘာက မင်းသားဖြစ်နေလို့ပြောတာ။ လစာပေးထားပြီး အခု ခြေထောက်မှာ ဒဏ်ရာနဲ့မို့လို့ အနားပေးထားရပြီလေ"

"ကိုကလည်း သူကရော ဖြစ်ချင်ပါ့မလား။ ကံနိမ့်လို့ ခွေးကိုက်ခံရတာ ဘာတတ်နိုင်မှာလဲ၊ သူက ရှေ့ ကိုက်ပါဆိုပြီး ခွေးပါးစပ်ထဲကို ခြေထောက်ထိုးပေးတာမှ မဟုတ်တာ"

မြပွင့်နှင်းကတော့ အလုပ်ရှင် အလုပ်သမား မခွဲခြားဘဲ အဲဒီလို သဘောကောင်းတတ်သူပါ။

"ကဲ ... ထားပါတော့၊ အဆင်သင့်ဖြစ်ပြီလား"

"အင်း ... သွားမယ်လေ"

"မမ"

"ဟင်"

မမလို့ခေါ်ပြီး တံခါးဝမှာ မျက်နှာပေါ်လာသူက စူးနေခပါ။

"ဘာလဲ စူးနေခ"

"မမ အဆင်သင့်ဖြစ်နေပြီလားလို့ လာမေးတာပါ"





"သွားတော့မှာလေ ... ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး ကျွန်တော် ကားပေါ်ကစောင့်နေမယ်နော်။ ဦးမြကြူကို ခေါ်သွားရင် မမ အဆင်မပြေမှာစိုးလို့ ကျွန်တော်ပဲ လိုက်ပို့မလို့ပါ"

"မဖြစ်ဘူး စူးနေခ"

"ဗျာ"

"မင်းရဲ့ခြေထောက်ကဒဏ်ရာ သက်သာသေးတာမှ မဟုတ်တာ။ အေးအေးဆေးဆေး အနားယူစမ်းပါ။ မမအတွက် ဘာမှ စိတ်မပူနဲ့ နော်၊ ဦးမြကြူကို ခေါ်သွားမှာမဟုတ်ဘူး၊ မင်းအစ်ကိုကြီး လိုက်ပို့မှာပါ"

"ခြော်"

အစ်ကိုကြီးလိုက်ပို့မှာဆိုတော့မှ စူး စိတ်အေးသလို သက်ပြင်းလေးချပြီး ပြုံးလိုက်မိသည်။ အခြားသူနှင့်ဆို မမကို သူ စိတ်မချနိုင်ဘူးလေ။ ကိုယ်မဟုတ်တဲ့ အခြားသူတွေက မမကို ကိုယ့်လောက် ဂရုမစိုက်မှာကို စိုးရိမ်မိလို့ပါ။ အဲဒီလိုစိတ်မျိုးတွေ ကိုယ့်ရင်ထဲမှာ ဘာကြောင့်ဖြစ်တည်နေသလဲဆိုရင် –

"ဟုတ်တယ် စူး ... မြပွင့်နှင်းကို ငါကိုယ်တိုင် လိုက်ပို့မှာဆိုတော့ မင်း အေးအေးဆေးဆေး အနားယူပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ဒါဆို ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

စုး ထွက်သွားပြီး မြယွန်းတို့လည်း ထွက်လာခဲ့စဉ် ကားပေါ် တက်ခါနီးမှာတော့ –

"မမ"

"–––––"

"မမ"

မြယွန်း ကားပေါ်သို့မတက်ဖြစ်သေးဘဲ ခေါ်သံကြားရာသို့ လှည့်ကြည့်လိုက်တော့ တစ်ဖက်ခြံက ကောင်မလေးပါ။ သူမတို့ဆီကို လျှောက်လာနေတဲ့ ပုံစံလေးက ဆောင့်ကြွားကြွားပုံဆန်လေးနှင့် ကလေးဆန်စွာ ချစ်စရာကောင်းနေသည်။

"မမ ရှူးတင်သွားတော့မလို့လား"

"အင်း . . . ဟုတ်တယ်လေ"

"ဟို မမကို ကြိုးကြာက သိပြီးသားပါ။ မမက ကြိုးကြာကို မသိသေးဘူးဆိုတော့ ကြိုးကြာကိုယ် ကြိုးကြာပဲ မိတ်ဆက်ပေးပါရစေ။ ကြိုးကြာနာမည်က ရွှေကြိုးကြာပါမမ။ ဟိုဘက်ခြံကို ပြောင်းလာတဲ့ လူသစ်တွေပါ"

"မမမှတ်ထားပါ့မယ် နော်"

"သန်ဘက်ခါ ကြိုးကြာတို့အိမ်မှာ အိမ်တက်ဆွမ်းကျွေး





ထုပ်မှာ မမ။ အဲဒါ မမတို့ တစ်အိမ်သားလုံးကို ဖိတ်ပါတယ်။ မေမေက ကိုယ်တိုင်လာဖိတ်မလို့ပါပဲ အခုလေးတင် အရေးကြီးတဲ့ကိစ္စနဲ့ အပြင် ထွက်သွားရလို့ လိုက်မလာဖြစ်တာပါ"

သွက်လက်ချက်ချာပြီး ချစ်စရာကောင်းသော ကြိုးကြာကို မြယွန်း ပြုံးပြပြီး ခေါင်းညိတ်လိုက်မိသည်။ အရင်လူတွေတုန်းက ခပ်ကင်းကင်းနေခဲ့ကြတာ။ အခု သူတို့က အဲဒီလိုမဟုတ်ဘဲ ရင်းနှီး ဈွမ်းဝင်ချင်ကြတာ ဝမ်းသာစရာပါ။

"အိမ်နီးချင်းတွေပဲဥစ္စာ လာရမှာပေါ့ကွယ်"

"တကယ်လား မမ"

"တကယ်ပေါ့"

"ဟာ . . . ဝမ်းသာလိုက်တာ မမရယ်။ ကြိုးကြာကလေ မမရဲ့အမာခံပရိသတ်မမရဲ့။ ငယ်ငယ်လေးကတည်းက မမကားတွေကို မလွတ်တမ်းကြည့်တာ။ အခုလို အိမ်နီးချင်းဖြစ်ခွင့်ရတာ ကြိုးကြာ အရမ်းဝမ်းသာတာပဲသိလား"

"မမလည်း ဝမ်းသာပါတယ်ကွယ်။ အရင်လူတွေတုန်းက မတို့ ကင်းကင်းရှင်းရှင်းပဲနေခဲ့ကြတာလေ။ အခု ကြိုးကြာက ရင်းရင်း နှီးနှီး ဆက်ဆံတော့ ဝမ်းသာစရာပဲပေါ့။ မမအိမ်မှာရှိတဲ့နေ့တွေကျ ကြိုးကြာ ပျင်းရင်လာလည်လေ"



www.burmeseclassic.com

"ဟုတ်ကဲ့ မမ ... တကယ်လာမှာနော်"

"အင်း"

လက်ခုပ်ကလေးကို မမြည်အောင်တီးလို့ ကြိုးကြာ တော်တော် ဝမ်းသာသွားပုံရလေသည်။ ပြီးမှ အိမ်ထဲသို့ မျှော်ကြည့်ပြီး–

"ဟို ... ကိုကြီးဒဏ်ရာ သက်သာရဲ့လားမမ"

"သက်သာပါတယ်"

"ကဲ ... မြယွန်း"

"ရှင် ကို"

"စကားကောင်းနေတာနဲ့ ရှူတင်နောက်ကျနေဦးမယ်နော်။ သွားကြရအောင်"

ဦးမင်းထက်သာ ခေါ်တော့မှ နှစ်ယောက်သား စကားစပြတ်သွားကြလေ၏။ ကြိုးကြာ စကားရှည်နေမိတဲ့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရင်း မမကို အားနာသွားလေသည်။ ကိုယ့်ကြောင့် ခရီးဖင့်သလို ဖြစ်သွားတာကြောင့်ပါ။

"မမသွားလေ၊ ကြိုးကြာလည်း ပြန်တော့မယ်"

"ဒါဆို မမ သွားမယ်နော်"

"ဟုတ်"

ကြိုးကြာ မမကားပေါ်တက်ပြီး ကားထွက်သွားသည်အထိ





သိုက်ငေးနေမိတာ အားကျစိတ်နှင့်ပါ။ ဘယ်လိုဆုတောင်းကောင်းခဲ့သို့ ဒီလောက်လှနေတာလဲ မမရယ်။ ကြိုးကြာအားကျတာက မမရဲ့ အလှကိုဖြစ်ပြီး သရုပ်ဆောင်အလုပ်ကိုတော့ ဝါသနာပါသူမဟုတ်ပေ။ ကြိုးကြာက ကြည့်ပဲကြည့်ချင်တာလေ။

ကိုယ်တိုင်သရုပ်ဆောင်ဖို့ကျတော့ –

တွေးကြည့်ရုံဖြင့် မဖြစ်နိုင်တာကိုသိပြီး ပခုံးလေးတွန့်မိသည်သာ။

✸



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဦးမင်းထက်သာ ဖန်းသရုပ်ဆောင်နေတာကို ကျေနပ်စွာနှင့်ပဲ ထိုင်ကြည့်နေမိသည်။ သရုပ်ဆောင်လောကမှာ မြယွန်းက အကယ်ဒမီရွှေစင်ရုပ်ကို သုံးခုတောင် ပိုက်နိုင်ခဲ့ပြီလေ။ အခုရိုက်နေတာလည်း ရုပ်ရှင်ကားကြီးဆိုတော့ အကယ်ဒမီအတွက် ရင်ခုန်လို့ရသေးတာပေါ့။ သူရိုက်ကွင်းကို ငေးနေတုန်းမှာပဲ။

သူဘေးကထိုင်ခုံတွေမှာ ဘယ်သူတွေ ဝင်ထိုင်လိုက်တယ်ဆိုတာကို သတိမထားမိပေ။

"ဦး"

"-----"





"ဦး"

"ဟင်"

ခေါ်သံကြားမှ ဖျတ်ခနဲ လှည့်ကြည့်မိလေလျှင် –

"ဦးက မမမြယွန်းရဲ့ အမျိုးသားမို့လားဟင်"

"အင်း . . . ဟုတ်ပါတယ်။ မင်းက မိုးသားဖြူဖြူ မဟုတ်လား"

"ဟုတ်ပါတယ် ဦး။ ဦးကိုယ်တိုင် ဒီနေ့ မမကို လိုက်ပို့တာလား"

"ဟုတ်တယ် . . . စူးက ခွေးကိုက်ခံရလို့ ခြေထောက်မှာ အနာရနေလေ။ သူ ကားမမောင်းနိုင်လို့ ဦးကိုယ်တိုင်လိုက်ပို့ရတာ"

"ဟင် . . . ခွေးကိုက်ခံရလို့ ဟုတ်လား။ စူးဆိုတာ ဟိုတစ်ယောက်ကိုပြောတာလား။ စူးနေခဆိုတာ"

"ဟုတ်တယ်လေ၊ မိုးသားဖြူဖြူက သူ့ကို သိတယ်လား"

"ဟုတ်ကဲ့ သိတော့ သိပါတယ်။ ဒါပေမဲ့ ရင်းနှီးတာတော့ မဟုတ်ပါဘူး"

"ဪ"

ကိုယ့်မှာ ပြောစရာမရှိတော့သလို ဦးမင်းထက်သာ 'ဪ' နဲ့ စကားကို အဆုံးသတ်လိုက်ပေမယ့် –



www.burmeseclassic.com

www.burmeseclassic.com



"ဟို . . . မိုးသားကို စပ်စုတယ်လို့တော့ မထင်ပါနဲ့နော်။ မိုးသား သိချင်တာလေး မေးလို့ရမလား"

"ဘာသိချင်လို့လဲ မေးလေ"

မေးဆိုတော့ ချက်ချင်းမမေးဖြစ်ဘဲ မိုးသား ရယ်ကျဲကျဲနှင့် လုပ်နေမိသည်။ မေးမယ့်အကြောင်းအရင်းက တစ်ဖက်လူကို စိတ်ကသိကအောက်ဖြစ်မှာလည်းစိုးရသည်လေ။

"မေးလေ မိုးသား၊ ဘာမေးမှာလဲ"

မိုးသား နားရွက်ကိုပွတ်လိုက်မိကာ –

"မမမြယွန်းနဲ့ရူးနေခ ဘယ်လိုတော်ကြလဲဆိုတာ သိချင်လို့ပါ"

"ဘာမှမတော်ပါဘူး၊ ရူးက ဦးတို့အိမ်က ဒရိုင်ဘာလေ"

"ရှင်"

မိုးသား ပါးစပ်ကလေးပွင့်ဟသွားလေသည်။ မမမြယွန်း ပြောတော့ မောင်နှမဝမ်းကွဲဆိုလားပဲ။ ရူးကချောလည်းချောပြီး မမမြယွန်းရဲ့မောင်ဝမ်းကွဲဆိုလို့ မိုးသား စိတ်ဝင်စားသလိုရှိခဲ့တာ။ အခုတော့ ဒရိုင်ဘာတဲ့။ သေချာချင်လို့ မေးကြည့်ကာမှ တလွဲပါလား။ ကိုယ်က မင်းသမီးဆိုတော့ ဒရိုင်ဘာတစ်ယောက်နဲ့တော့ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာတဲ့လဲ။





"မသိပါဘူး . . . မမမြယွန်းက မောင်နှမဝမ်းကွဲလို့ ပြောလို့ပါ"

"မြယွန်းက အဲဒီလိုပဲလေ။ အိမ်ကအလုပ်သမားတွေကို အလုပ်သမားလို့ ပြောရမှာ အားနာလို့တဲ့။ သူများကို ပြောရင် ဆွေနီးမျိုးစပ်တော်သလိုပဲ ပြောလိုက်တာ"

"ဪ"

"သမီး"

"ဟင် မေမေ"

မိခင်ရောက်လာတာနှင့် မိုးသားအာရုံက မိခင်ဆီသို့ ရောက်သွားပြီး နေရာဖယ်ပေးမယ်လုပ်တော့ ဒေါ်ဖြူဖြူဝင်းက ဘေးကခုံမှာ ထိုင်ပြီးပါပြီ။ လူကြီးချင်း စကားပြောချင်ပြောရအောင် ဖယ်ပေးမလို့ သား။ ဒေါ်ဖြူဖြူဝင်းက ဦးမင်းထက်သာကို အကဲခတ်သလို ကြည့်နေရှာပဲ။

"မေမေ"

"ဟင်"

"ဒါ . . . မမမြယွန်းရဲ့အမျိုးသားလေ"

ဦးမင်းထက်သာ ခေါင်းညိတ်ကာပြုံးပြပြီး –

"ဟုတ်ကဲ့ . . . ကျွန်တော် မင်းထက်သာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလည်း မှတ်ထားနော်။ ဒါ . . . မိုးသားရဲ့မေမေ ဒေါ်မြမြ ဝင်းပါ"

"တွေ့ရတာ ဝမ်းသာပါတယ် အစ်မ"

"အစ်မလည်း ခုလို မြယွန်းရဲ့အမျိုးသားနဲ့ တွေ့ခွင့်ရတာ ဝမ်းသာပါတယ်ကွယ်။ မောင်မင်းထက်သာက ခန့်ချောကြီးပဲနော်။ မြယွန်းကိုလည်း တော်တော်ချစ်တယ်လို့ ပြောသံကြားတယ်။ မြယွန်းကတော့ အဘက်ဘက်ပြည့်စုံနေတဲ့ မိန်းကလေးပဲ ကံကောင်းလိုက်တာ"

ကိုယ့်မိန်းမအကြောင်း ကောင်းတာပြောတော့ မကျေနပ်တဲ့သူ ရှိပါ့မလား။ ကိုယ့်ကိုလည်း ခန့်ချောကြီးဆိုတော့ အကျီကော်လံစ ဆွဲထောင်ပြီးပဲ ခပ်မိန့်မိန့်ပြုံးရတော့မလိုပါ။

✸



## အခန်း (၉)

"စူး"

"ဟင်"

ခေါ်လည်းခေါ် ကိုယ့်ရှေ့မှာလာရပ်သူက ကျော့ကျော့မို့ ထက်ထဲက ဂျာနယ်ကို စူး စားပွဲပေါ်သို့ ချလိုက်ကာ –

"ပြောလေ"

"နင်ကလည်း ဂျာနယ်ဖတ်တာ ညှော်ခန်းထဲမှာ အေးအေး ဆေးဆေး ထိုင်မဖတ်ဘဲ ထမင်းစားခန်းထဲမှာ လာဖတ်ရတယ်လို့"

"ညှော်ခန်းထဲမှာ ထိုင်ဖတ်နေလို့ ညှော်သည်တွေ ဘာတွေ လာတာနဲ့တွေ့ရင် ငါ့ကို ဒီအိမ်ကသူဌေးသားလို့ ထင်သွားမှာ စိုးလို့



www.burmeseclassic.com

www.burmeseclassic.com



ပါဟ။ ငါက မိန့်မိန့်ကြီး ဂျာနယ်ဖတ်နေတဲ့ပုံမြင်ရင်လေ''

"ပူစရာမရှိ ကြီဖန်ပြီးစိတ်ပူနေလိုက်တာဟယ်။ ညှော်သည်လာလည်း ဒီအိမ်အကြောင်း သိတဲ့သူတွေပဲဖြစ်မှာပေါ့။ မသိလို့ ထင်တော့ရော ဘာဖြစ်လဲ''

"ဘာမှတော့ မဖြစ်ပါဘူး''

စူးစိတ်ထဲမှာ မမက မိသားစုအရင်းအချာလို သူ့အပေါ် ဦးစားပေး ဂရုစိုက်ခြင်းအတွက် စိတ်မလုံပေ။ မမက အသက်အရွယ်နဲ့ မလိုက်အောင် နုပျိုလှန်းတော့ တော်ကြာ အစ်ကိုကြီး မင်းထက်သာ တစ်မျိုးထင်မှာစိုးလို့ပါ။

"ကဲပါ အဲဒါထားလိုက်ပါတော့။ နင့်ကို မမကခေါ်ခိုင်းလို့ ငါလာခေါ်တာ''

"ဟုတ်လား''

"ပြန်မေးနေရသေးတယ် ဟုတ်လား။ သွားလိုက်ဦး''

"အေးပါ''

စူးပြောပြာဆိုဆိုပဲ ထွက်လာခဲ့တော့သည်။ ဘာများခိုင်းမလို့ပါလိမ့်။ ခြေထောက်ကဒဏ်ရာက သက်သာနေပြီဆိုတော့ စူးလည်း ရေသာခိုတာမျိုး မဖြစ်ချင်ပါဘူး။ တစ်ဦးက စေတနာ တစ်ဦးက မေတ္တာဆိုသလို မမက သူ့ကို အဝတ်အစားတွေ ဝယ်ပေးထားတာ





ဆိုလည်း မင်းသားရှုံးအောင်ဝတ်နေရတာလေ။

ဒီတော့ . . .

ကိုယ့်ဘက်ကလည်း သူတို့ ဘာပဲခိုင်းခိုင်း မညည်းမညူနဲ့ ဆုပ်ပေးရမှာပေါ့။ ကိုယ့်အပေါ်ကောင်းတာထက် ကိုယ်ကိုယ်တိုင်ကို က မမအတွက်ဆို အရိုးကြေကြေ အရေစုတ်စုတ် လုပ်ပေးချင်သူပါ။

"မမ''

သူ ညှော်ခန်းထဲကိုရောက်တော့ မမက အဆင်သင့်ထိုင် စောင့်နေပုံပါ။ မမရှေ့မှာလည်း အဝတ်အိတ်တွေ ထင်ပါရဲ့။

"မမ ကျွန်တော့်ကို ဘာခိုင်းမလို့လဲ မသိဘူး''

"ခိုင်းမလို့ မဟုတ်ပါဘူး။ ဒီမှာ ဒီအဝတ်တွေကိုယူပြီး အဝတ် သွားလဲချေ''

"ဗျာ''

"ဟိုဘက်အိမ်မှာ ဆွမ်းကျွေးရှိတယ်။ အဲဒါ မမ သွားမလို့ ခေါ်ပါလိုက်ရမယ်''

"ဟာ . . . မမကလည်း ဟိုဘက်ခြံထင်ပဲဥစ္စာ။ မမ တစ် ယောက်တည်းသွားလည်း ရတာကို။ ကျွန်တော် မလိုက်ချင်ပါဘူး''

"စူးနေခဲ''

"ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



"မင်းလိုက်ဖို့လိုလို့ မမက ခေါ်တာလေ။ လျှာမရှည်နဲ့ အဝတ်သွားလဲ"

မမက လိုက်ရမယ်ဆိုရင် လိုက်ရတော့မှာပဲပေါ့။ ဒါကြောင့် စူး အဝတ်အိတ်ကိုယူပြီး အဝတ်လဲဖို့ ထွက်လာခဲ့တော့သည်။ အဝတ် တွေက ပုဆိုးနဲ့ရှပ်အင်္ကျီလက်ရှည် မိတ်ကပ်ရောင်ပါ။ အဝတ်လဲပြီး မှန်ရှေ့မှာရပ်ကြည့်လိုက်တော့ တယ်ချောတဲ့ငါပါလား ဖြစ်သွားတာပေါ့ အချို့တွေက ပြောကြတယ်လေ။

စူးက မေမေနဲ့ တစ်ပုံစံတည်းပဲတဲ့။

ပြီးတော့ မေမေကလည်း အရမ်းချော အရမ်းလှသည်တဲ့ ဪ . . . စူးဘဝက အခုတော့ မိဘမဲ့ပေါ့လေ။ ဪ . . . ဒါနဲ့ မမက အားလုံးအဆင်သင့်ဖြစ်နေပြီဆိုတော့ သွားမှပါဟု စူး မှန်တင် ကျောခိုင်း၍ ထွက်လာခဲ့တော့သည်။

"မမ"

စူးကို မော့ကြည့်လိုက်တဲ့ မြယွန်း ရှင်းသန့်ချောမွေ့နေတဲ့ စူးကို မြင်လိုက်ရပြီး မျက်တောင်ခတ်ဖို့ပင် မေ့လျော့နေသည့်နှယ်

"မမ"

"————"

"အဲလောက်ကြီး မကြည့်ပါနဲ့ ကျွန်တော်ရှက်တယ်ဗျ။ မမြင်





ဖူးတာကျနေတာပဲ"

စူး ပြောနေတာတွေကို မြယွန်းက မကြားသည့်အလားနှယ် ချက်သလိုနှင့် မျက်နှာလွှဲထားမိတဲ့စူး။ မြယွန်းဆီမှ ဘာတုံ့ပြန်စကားမှ မကြားရလို့ ပြန်ကြည့်လိုက်မိတော့ –

"ဟင်"

မမ မျက်ရည်တွေဝဲနေပါလား။ မမမျက်ရည်ဝဲနေတာကို မြင်ရတော့ စူးလည်း နှာခေါင်းထဲမှာ ရှုန်စပ်စပ်ကြီး ဖြစ်သွားရလေ သည်။

"မမ"

"————"

"မမ"

"ဟင်"

"သွားကြမယ်လေ"

"ဪ . . . အင်း . . . ဆောရီး"

မြယွန်း မျက်ရည်စတွေကိုသုတ်ပြီး ထွက်လာခဲ့တော့သည်။ အကယ်ဆို သူမ စူးနေခကို ဒီထက်မက ပြည့်စုံစွာနဲ့ ထားချင်တာပါ။ သူ့ခမျာလေး မိဘမဲ့ ဘဝမျိုးနဲ့ လူပုံအလယ်မှာ ရပ်တည်နေရတော့ ဘယ်လောက်များ မျက်နှာငယ်ရလိမ့်မလဲ။ သူနေရာမှာ ကိုယ်သာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်လို့ တွေးမိလိုက်တိုင်း ရင်ဘတ်ထဲမှာ ရှုးခနဲ အောင့်ခနဲနဲ့။

ခံစားရတိုင်းလည်း ထုတ်ပြခွင့်မရှိခဲ့ဘူးလေ။ ကိုယ်က အိမ်ထောင်နဲ့ဆိုတော့ ကိုယ်ဖြစ်ချင်တာတွေ ဖြစ်ခွင့်မရခဲ့ဘူးပေါ့။

"ဟာ . . . မမတို့လာပြီ မေမေ"

မြယွန်းတို့ကို မြင်တာနှင့် ကြိုးကြာက ဝမ်းသာအားရနှင့် ဆီးကြိုလေသည်။ ကြိုးကြာရဲ့မေမေကလည်း –

"ဟယ် . . . မြယွန်းက အပြင်မှာပိုလှတယ်နော်။ သမီးပြောတာကို သီသီက မယုံဘူး။ အခု ကိုယ်တိုင်မြင်ရတော့မှပဲ သမီးအပိုပြောတာ မဟုတ်ဘူးဆိုတာ သိရတယ်။ လာ . . . မြယွန်း ဟိုဘက်ဝိုင်းမှာ ထိုင်ရအောင်"

မြယွန်း ကိုယ်ကို မွေ့တော့မလို ဖက်တော့မလိုနှင့် ကြိုဆိုတာကြောင့် အားလည်းနာ ဝမ်းလည်းသာမိသည်သာ။ အရင်လူတွေနဲ့ များကွာပါ့။ အိမ်နီးနားချင်းကောင်းတော့ စိတ်ချမ်းသာရတာပေါ့။

"မမ"

"ဟင်"

"ဒါ . . . ကြိုးကြာရဲ့မေမေလေ၊ ဒေါ်မျိုးသီသီဝင်းတဲ့။ ဖေဖေ့နာမည်ကတော့ ဦးဒေါင်းပါ။ ဟိုဘက်မှာ သူ့မိတ်ဆွေတွေကို ဧည့်ခံနေလို့ နာမည်ကို အရင်မိတ်ဆက်ပေးထားတာပါ။ မောင်လေး





နဲ့သေးတယ်၊ မောင်လေးနာမည်က ရွှေဥဩလေ"

ပါးစပ်က တတွတ်တွတ်ပြောရင်း ကြိုးကြာခေါင်းလေး ဟိုငဲ့ဒီငဲ့ မျက်လုံးနှင့် မောင်ဖြစ်သူကို ရှာဖွေရင်း မြင်သွားလေတော့–

"ဟိုမှာ ဟိုမှာ အကျီအဖြူ ပုဆိုးအပြာကွက်နဲ့ မောင်လေးပေါ့။ ဒီနှစ်မှ ကိုးတန်းတက်နေတာလေ"

လက်ညှိုးထိုးပြတာနဲ့တင် မြယွန်းက မြင်ပြီးသားပါ။ မြယွန်းသာသာ ဟိုဟိုဒီဒီ လိုက်ကြည့်နေတာ ရှုးကတော့ အနားမှာရှိတဲ့သူတွေကလွဲပြီး အခြားကို လိုက်မကြည့်ပေ။

"မမျိုးသမီး သီဝင်းတို့နဲ့"

"သီသီလို့ပဲခေါ်ပါ မြယွန်းရဲ့၊ ရင်းရင်းနှီးနှီးပေါ့။ ဂျာနယ်ထဲမှာ မြယွန်းကို အင်တာဗျူးထားတာ သီသီဖတ်လိုက်ရပါတယ်၊ သီသီနဲ့ မြယွန်းက အသက်အတူတူပဲလေ။ မြယွန်းက အရမ်းနုပြီး လှနေလို့ပါ"

မြယွန်း ပြုံးလိုက်ပြီး –

"ဟုတ်ပါပြီ၊ မြယွန်းပြောချင်တာက သီသီတို့လို ဖော်ရွေတဲ့သူတွေနဲ့ အခုလို အိမ်နီးနားချင်းဖြစ်ခွင့်ရတာကို ဝမ်းသာတယ်လို့ ပြောမလို့ပါ"

"ဪ . . . သီသီလည်း မြယွန်းကို အခုလိုအပြင်မှာတွေ့ပြီး ခင်မင်ခွင့်ရတာ အရမ်းဝမ်းသာနေတာ မြယွန်းရဲ့"

www.burmeseclassic.com



"အရင်လူတွေတုန်းက အခုလိုမဟုတ်ဘူး သီသီရဲ့။ သူများကွယ်ရာမှာပြောတော့ အတင်းပဲဖြစ်တော့မယ်။ သူတို့က မဟာဆီမဟာသွေးဆိုပြီး ပတ်ဝန်းကျင်ကလူတွေနဲ့ သိပ်ပတ်သက်ကြတာမဟုတ်ဘူးလေ"

"အင်း . . . သီသီလည်း အဲလိုပဲ သိထားပါတယ်။ ဘာသွေးပဲဖြစ်ဖြစ် လူကလူပဲ မြယွန်းရယ်။ တမင်သက်သက် ဘဝင်လေဟပ်နေကြတာပါ"

"ဟုတ်တယ် . . . အဲဒါကြောင့် မြယွန်းလည်း ကင်းကင်းသူတို့နဲ့မဆက်ဆံပဲနေတာ"

စကားပြောနေရင်းမှ မုန့်တွေလာချပေးသဖြင့် မြယွန်းတို့စားနေတာကိုပဲကြည့်၍ သီသီက စကားပြောနေမိပါ၏။ နောက်တော့စကားတစ်ခွန်းမျှမပြောသေးတဲ့ စူးဆီသို့ အာရုံရောက်ကာ –

"မြယွန်း"

"ဟင်"

"ဒါနဲ့ သူလေးက ဘယ်သူလဲဟင်"

"ဩော် . . . ဟုတ်သားပဲ၊ စကားကောင်းနေတာနဲ့ မိတ်ဆက်ပေးဖို့ မေ့သွားတာ။ သူက မြယွန်းရဲ့မောင်ဝမ်းကွဲလေးယောနာမည်က စူးနေခတဲ့"





"ဟုတ်လား . . . နာမည်လေးက လှတယ်နော်။ လူကလည်းချောလိုက်တာ။ အစ်မကိုတူလို့ပဲဖြစ်မှာ"

"အဟွန်း . . . သူက သူ့အဖေနဲ့တူတာ သီသီရဲ့။ တူတာမှတစ်ပုံစံတည်းပဲ"

"မမ"

"ဟင်"

စူးမျက်နှာက မြယွန်းပြောတဲ့စကားကို မကြိုက်သည့်ပုံပါ။ မြယွန်းလည်း မျက်နှာပျက်သွားစဉ် –

"ဘာဖြစ်လို့လဲဟင် ကိုကြီး"

ကြိုးကြာက တစ်ခုခုလိုချင် မေးချင်လို့ခေါ်တာများလားလို့ အလိုရှိရာလုပ်ပေးဖို့ မေးလိုက်ခြင်းပါ။

"ဘာမှမဖြစ်ပါဘူး"

"သမီးကလည်းကွယ်၊ ခေါ်လိုက်တာ တောသားကျနေတာပဲ။ အိမ်နီးချင်းဖြစ်နေမှပဲဟာ မောင်နှမတွေပဲပေါ့။ ကိုကြီးခေါ်မယ့်အစား ကိုကိုဆိုရင် ပိုပြီးနားဝင်မချိုဘူးလား"

"မေမေကလည်း"

ကြိုးကြာ သူ့ကိုကြည့်လိုက်တော့ သူက ပြန်ကြည့်နေရင်းတိုးပြီး ချက်ချင်း မျက်လွှာချပစ်လိုက်မိသည်။ မမမြယွန်းနဲ့ ရင်းရင်း

www.burmeseclassic.com



နှီးနှီး စကားပြောရဲပေမယ့် သူနဲ့ကျတော့ ကြိုးကြာမပြောရဲပါဘူး။ ခွေးကိုက်ခံရလို့ သူ ကြိုးကြာကို ကျေနပ်မှန်းမသိ မကျေနပ်မှန်းမသိ ဥစ္စာကို။ ပြီးတော့ သူက ကြိုးကြာကို ခင်ချင်ပုံမှမပေါ်တာ။

"ဟုတ်သားပဲ ကြိုးကြာရဲ့။ ကိုကိုလို့ခေါ်လေ၊ မောင်နှမ တွေ ဖြစ်သွားပြီပဲဥစ္စာ"

"ဟုတ်ကဲ့ပါ မမ"

ကျန်တဲ့သူတွေသာ စကားပြောနေကြတယ်။ စူးကတော့ စွံ့အနေသူတစ်ယောက်လိုပါ။

"မောင်စူးနေခ"

"ဗျာ"

"စကားလေး ဘာလေးပြောပါဦးကွဲ့။ ဘာလဲ ရှက်လို့လား။ ရှက်မနေပါနဲ့ကွယ်၊ ကိုယ့်ဆွေမျိုးသားချင်းလို သဘောထားပြီး ရင်းရင်းနှီးနှီး ဆက်ဆံပေါ့"

"ဟုတ်ကဲ့"

ဒီထက်ပိုပြီး စူးမှာပြောစရာစကားမရှိသေးပါဘူး။ စိတ်ထဲမှာ လည်း သိပ်မကြည်လင်လို့လေ။ တကယ်တော့ စူးက ရိုးသားတာ မှန်ပေမယ့်၊ အဲဒီလောက် စွံ့အနုံချာနေသူ မဟုတ်ဘူးဆိုတာ။

✸



## အခန်း (၁၀)

စူး ဒီနေ့တော့ မမကို ကားပေါ်ကပဲ စောင့်မည်ဟု ကားပေါ် ...ပဲ စောင့်နေစဉ် ခေါင်းထဲမှာကိုက်လာတာနှင့် မှေးနေလိုက်တာ ...နဲ့အိပ်ပျော်သွားလေတော့သည်။

အိပ်မက်ထဲမှာ –

ဖေဖေရယ်၊ မေမေရယ်၊ စူးရယ်။ ထမင်းဝိုင်းလေးမှာ ဖေဖေ ... စူးပန်းကန်ထဲကို ဟင်းတွေခပ်ထည့်ပေးပြီး မေမေက စူးကို ...င်းခွံ့ကျွေးနေသည်လေ။ ပျော်စရာကောင်းလိုက်တာ။ ဒီလို ...ယာချမ်းမြေ့တဲ့ဘဝလေးကို စူး ဘယ်တော့မှ ပိုင်ဆိုင်ခွင့်မရှိတော့ ...လို့ ထင်ထားတာ။ အခု ကိုယ်လိုချင်တောင့်တနေတဲ့ဘဝလေးကို



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဆိုင်ခွင့်ရလိုက်ရတော့ စူး ပျော်လိုက်တာ။

ဒီလိုကျတော့လည်း –

လောကကြီးက အေးချမ်းနေပါလားနော်။ စူး မေမေ ခွံ့ကျွေးတဲ့ ထမင်းကိုစားရတာ မြိန်လိုက်တာ။

"သား"

"ဗျာ"

"စားလို့ကောင်းရဲ့လား သား"

"ကောင်းတာပေါ့ မေမေရဲ့။ အခုချိန်မှာ သားကို လိုရာဆုတောင်းပါဆိုရင် သား ဘာဆုတောင်းမလဲသိလား"

"ပြောပါဦး . . . ငါ့သားက ဘာဆုတောင်းမှာလဲ"

မေးလိုက်တာက ဖေဖေပါ။ စူး ဖေဖေ့ကိုတစ်လှည့် မေမေ့ကိုတစ်လှည့်ကြည့်၍သာ –

"ဖေဖေ ခပ်ထည့်ပေးတဲ့ဟင်းနဲ့ မေမေခွံ့ကျွေးတဲ့ထမင်းလုတ်ကို အမြဲစားခွင့်ကြုံနေရတဲ့သူ ဖြစ်ပါစေလို့ ဆုတောင်းမှာပေါ့ ဖေဖေရ"

"ငါ့သားကတော့ကွာ"

ဖေဖေကရယ်ပြီး စူးခေါင်းကိုပွတ်ပေးသည်လေ။ ဒီလိုဘဝမျိုးကို စူး ထာဝရပိုင်ဆိုင်ခွင့်ရပါစေ။





"စူးနေခဲ"

"______"

"စူးနေခဲ"

စူး နားထဲမှာ ခေါ်သံကြားနေတယ်၊ ဘယ်သူခေါ်တာလဲ။ အသံက မိန်းကလေးသံပါ။ ဘယ်သူခေါ်နေတာလဲ၊ စူးမှာ မိန်းကလေး အပေါင်းအသင်းမရှိပါဘူး။

"စူးနေခဲ"

"___"

"စူးနေခဲ"

ဒေါ်ခင်လား။ စူးကို ဒေါ်ခင်ခေါ်နေတာလား။ မဖြစ်နိုင်ပါဘူး။ ဒါ ဒေါ်ခင့်အသံမှမဟုတ်တာ။ ဒါဆို ကျော့ကျော့လား။

"စူးနေခဲ"

"အင်"

"စူးနေခဲ"

"ဟင်"

ပခုံးကိုခပ်ကြမ်းကြမ်းလှုပ်နှိုးလိုက်တာမို့ စူး လန့်နိုးသွားလေသည်။ အနီးကပ်မြင်လိုက်ရတဲ့မျက်နှာကြောင့် –

"ဟင် . . . မင်း"



www.burmeseclassic.com

www.burmeseclassic.com



"အိပ်ပုပ်ကလည်း ကြီးလိုက်တာ၊ နေ့လယ်ဘက်ကြီး အိပ်တာတောင် မနည်းနိုးရတယ်၊ အံ့ရောပဲ"

"မင်း ဘာလာလုပ်တာလဲ၊ ငါ့ကို ဘာလို့လာနိုးတာလဲ"

စူးအသံက ခပ်ဆောင့်ဆောင့်ပါ။ ဆောင့်ဆို ဒေါသဖြစ်သွားတာလေ။ ရခဲလှတဲ့ ပျော်ရွှင်မှု ခက်ခဲလှတဲ့ အိပ်မက်ကို သူမ ဖျက်ဆီးပစ်လိုက်တာ။ ဒီလိုပျော်ရွှင်မှုမျိုး နောက်ထပ်ရနိုင်ပါဦးမလား။ နောက်ထပ်သာရနိုင်မယ်ဆိုရင် တစ်သက်လုံးပဲ အိပ်စက်နေချင်လိုက်တာ ဖေဖေနဲ့မေမေ။ ခုတော့ ကိုယ့်ပျော်ရွှင်မှုတန်ဖိုးရှိတဲ့ အိပ်မက်လေးကို ဖျက်ဆီးခံလိုက်ရတော့ –

ဖျက်ဆီးတဲ့သူကို ဒေါသဖြစ်မိတာ မဆန်းပါဘူး။

"မေးနေတာပြောလေ၊ အခုမှ မသိချင်ယောင်ဆောင်မနေနဲ့"

"မသိချင်ယောင်မဆောင်ပါဘူး။ မိုးသားက စူးနေခကို အကူအညီတစ်ခု တောင်းချင်လို့လာတာပါ"

"ဘာအကူအညီလဲ၊ ဘာအကူအညီမှ မပေးနိုင်ဘူး။ ကျွတ် ငါ့ဘာသာအိပ်နေတာ ဘာတွေ ဇယားလာရှုပ်မှန်းမသိဘူး"

"တကယ်မကူညီဘူးလား"

"အကယ်တစ်ရာ မကူညီဘူးကွာ"





စိတ်တိုတိုနှင့် စူး အပြတ်ပဲပြောပစ်လိုက်၏။ သူ့မှာ အကူညီ တောင်းစရာ လူဒီလောက်တောင်ပဲရှားသလား။ ခုတော့ ကိုယ့်မှာ တဲ့ အိပ်မက်ကလေး ပျက်စီးသွားပြီလေ။ နောက်ထပ်ပြန်ရနိုင်ဖို့ တာ လွယ်မှမလွယ်တာ။

"ဘာမှအပန်းမကြီးပါဘူး စူးနေခရဲ့။ မိုးသားပစ္စည်းလေး စ်ခု ဝယ်စရာရှိလို့ ကားမောင်းပြီးလိုက်ပို့ပေးရုံလေးပါ"

"ကျွတ် . . . ဒီမှာ"

"ကူညီပါ စူးနေခရယ်၊ အဲဒီပစ္စည်းက ရမှဖြစ်မှာမို့လို့ပါ။ ညီပါနော်"

"မင်းမှာ အကူအညီတောင်းစရာလူ ဒီလောက်တောင်ပဲ နေသလား မိုးသားဖြူဖြူ။ ငါကမှ မင်းကိုကူညီနိုင်မယ့်လူလား"

"လူတိုင်းကို ခေါ်မသွားချင်လို့ပေါ့ စူးနေခရဲ့"

စူး သက်ပြင်းသာချလိုက်မိတော့၏။ အခက်အခဲရှိနေတာကို ကူညီရင် ကိုယ်ပဲ လူမှုရေးခေါင်းပါးရာကျနေမလား။ ကိုယ်က မှာ အခက်အခဲရှိနေရင် ကူညီချင်တဲ့သူလေ။ အခုက ကိုယ့် မက်ကို အဖျက်ဆီးခံလိုက်ရလို့ စိတ်တိုနေတာပါ။

"ကဲ . . . ဘာဝယ်မှာလဲပြော။ ပိုက်ဆံပေးလိုက် ငါ သွား ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... အဲဒါ"

"ဘာလဲ"

"ရှူးနေခကို ဝယ်နိုင်းလို့ မဖြစ်ဘူးလေ"

"ဘာဖြစ်လို့လဲ"

မိုးသားမျက်နှာလေး ခပ်ရဲရဲဖြစ်သွားပြီး မျက်နှာလွှဲလိုက်ကာ

"ရှင်ကလည်း ပြောလို့မှမဖြစ်တာ"

"ဟင် ... ပြောလို့မဖြစ်ရအောင် ဘာပစ္စည်းဝယ်မှာမို့လို့လဲ"

မပြောချင်တာကိုပဲ အတင်းမေးနေတော့ –

"ဒီလောက်သိချင်နေရင်လည်း ပြောပြမယ်။ မဖြစ်မနေ လိုအပ်လာတဲ့ မိန်းကလေးအသုံးအဆောင် ဝယ်မလို့"

"ဟင်"

လျှာရှည်ပြီးမေးမိတဲ့ ကိုယ့်ပါးစပ်ကိုပဲ ရှူး အပြစ်တင်လိုက်တော့၏။ ဒါတွေကို သူ တွေးမှ မတွေးမိပဲလေ။ အကူအညီတောင်းတဲ့သူကလည်း ကိုယ့်ကိုမှ ရွေးပြီး အကူအညီတောင်းရသလား တကယ်ဆို မိန်းကလေးချင်းပြောပြီး အကူအညီတောင်းရမှာကို။ တော့ သိလက်စနဲ့မထူးတော့ပါဘူး။

ဟင်း ...





ဒီကိစ္စမျိုး ပြောထွက်တာ သူပဲ မျက်နှာမပူဘူးလား မသိပါဘူး။ ကိုယ်ကတော့ မျက်နှာပူနေသည်လေ။

"ဘယ်လိုလဲ ကူညီနိုင်မလား"

"မကူညီရင် ငါပဲ လူမှုရေးခေါင်းပါးရာ ကျဦးမယ်။ အဲဒါကြောင့် ဒီတစ်ခါတော့ ငါကူညီပါ့မယ်။ နောက်ဆိုရင်တော့"

"မကူညီဘူးပေါ့"

"ဒါ ... ငါ့ကိုယ်ပိုင်ကား မဟုတ်ဘူး"

ဒီလောက်ပြောရင် သူမ သဘောပေါက်မှာပါ။ သူများပစ္စည်းဆိုတော့ ပိုင်ရှင်ကြည်ဖြူမှ ကောင်းတာလေ။ ပြီးတော့ ကိုယ်က သဘော ကောင်းကူညီတာကို တစ်မျိုးအထင်ခံရရင် မကောင်းဘူးပေါ့။

"ကဲ ... ထားပါ။ ကူညီမယ်ဆိုလည်း သွားရအောင်"

ရှူး ဘာမှ မပြောတော့ဘဲ ကားမောင်းထွက်ခဲ့တော့၏။ ဒီလို ကူညီခြင်းအတွက် ရှူးက ဘာပြဿနာမှ ရှိမလာနိုင်ဘူးလို့ ထင်ထားသလေ။ ဘာလို့လဲဆို မမက သဘောကောင်းတာကို။ ဒါပေမဲ့ ရှူး ပြန်လာတော့ မမမျက်နှာ ခပ်တင်းတင်းဖြစ်နေသည်ကို တွေ့ရကာ–

"ဒါ ဘယ်ကပြန်လာတာလဲ"

"မိုးသားဖြူဖြူခေါ်လို့ လိုက်သွားတာပါ မမ"

"ဘယ်သူ့ခွင့်ပြုချက်နဲ့လဲ"

www.burmeseclassic.com



"ဟို . . . အဲဒါ"

"ငါမသိဘဲ အဲဒီလို စည်းမဲ့ကမ်းမဲ့သွားတာကို ငါမကြိုက် ဘူး စူးနေခ။ အထူးသဖြင့် မိုးသားဖြူဖြူနဲ့မင်း လုံးဝမပတ်သက်ပါနဲ့"

"ကျွန်တော်လည်း မလိုက်ဘူးလို့ ပြောပါတယ်။ သူ အတင်းအကူအညီတောင်းနေလို့ပါ"

"အဲဒါ ထောင်ချောက်တစ်ခုပဲ စူးနေခ"

"ဗျာ"

စူး နားမလည်ဖြစ်သွားရသည်။ ဒီကိစ္စ ဒီလောက်တောင် ကြီးထွားသွားသလား။ ထောင်ချောက်တဲ့။ ဘာထောင်ချောက်လဲ ပစ္စည်းဝယ်စရာရှိတယ်ဆိုလို့ လိုက်ပို့မိတာ ထောင်ချောက်မိစရာ ဘာ အကြောင်းရှိလို့လဲ။ မမ စိုးရိမ်ကြီးနေတာပဲ ဖြစ်မှာပါ။

"မင်း ဒီလောကသားတွေအကြောင်း ဘယ်လောက် နား လည်လို့လဲဟာ၊ ရိုးသားတဲ့သူရှိသလို မရိုးသားတဲ့သူတွေထဲမှာ မိုးသား ဖြူဖြူပါတယ်ဆိုတာ မင်းမသိဘူး။ ငါက ဒီလောကထဲမှာ ကျင်လည် နေတဲ့သူ။ ဒီလောကသားတွေထဲက ဘယ်သူက ဘယ်လိုဆိုတာ ငါ သိတယ်"

"မမ မကြိုက်ရင် နောက်ကို ကျွန်တော်ဆင်ခြင်ပါ့မယ် မမ"





"ဆင်ခြင်ရုံနဲ့မပြီးဘူး စူးနေခ။ ငါက မပတ်သက်နဲ့ဆိုရင် မင်း လုံးဝမပတ်သက်မိအောင်နေရမှာ"

ဒီလိုပြောရတာ မြယွန်း စိတ်တော့မကောင်းပါဘူး။ တစ်ဖက် သူရဲ့သိက္ခာကို စော်ကားသလိုဖြစ်တာမို့လို့လေ။ မပြောလို့ကလည်း ဖြစ်မှမဖြစ်တာ။ အစကတော့ မိုးသားဖြူဖြူအကြောင်းကို မြယွန်း သိခဲ့ပေ။ ဒါကြောင့် ခင်ခင်မင်မင် ရင်းရင်းနှီးနှီးနေခဲ့တာ။ အခုလည်း ဆက်ဆံရေးကတော့ ပုံမှန်ပါပဲ။ စူးနေခနဲ့တော့ လုံးဝ မပတ်သက်စေ ချင်ပေ။

ဘာဖြစ်လို့လဲဆို –

မိုးသားဖြူဖြူရဲ့အကြောင်း ကြားရသမျှ သတင်းကောင်း ဆိုတာ သိပ်မရှိဘူးလေ။ မိန်းမချင်းဆက်ဆံတာ ပြဿနာမရှိပေမယ့် စူးနေခနဲ့တော့ လုံးဝမပတ်သက်စေချင်ပေ။

"ပြောတာ ကြားလား"

"ဟုတ်ကဲ့ပါ မမ"

မြယွန်းပြောပြီး ကားပေါ်တက်ကာ ကားတံခါးကို ဆောင့် ပိတ်လိုက်လေတော့ ကျော့ကျော့လည်း ပျာပျာသလဲ တက်ရလေ တော့သည်။ စူးလည်း ကားပေါ်ရောက်တော့ –

"ပြောနေတဲ့ကြားက နောက်ထပ် မင်း ထပ်ပတ်သက်ရဲ



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ကြည့်''

''မိုးသားဖြူဖြူက ဘာဖြစ်နေလို့လဲဟင် မမ''

ကျော့ကျော့သိချင်စိတ်ကို မမျိုသိပ်နိုင်စွာမေးလိုက်တော့

''သူ့အကြောင်းကို နင်သိစရာမလိုဘူး ကျော့ကျော့။ စူး

သိနေဖို့ပဲလိုတာ''

''စိတ်ချပါ မမ၊ ကျွန်တော်နောက်ကို လုံးဝ မပတ်သက်

ဘူး။ သူ ဘာပဲဖြစ်နေဖြစ်နေပါ၊ ကျွန်တော် ဂရုမစိုက်ဘူး

ကျွန်တော်ဂရုစိုက်တာက မမ စိတ်အနှောင့်အယှက်မဖြစ်ဖို့ပါ''

''ယောကျ်ားကတိနော်''

''ဟုတ်ကဲ့''

မမနဲ့စူးကို ကျော့ကျော့ ဘယ်လိုနားလည်ရမှန်းမသိတော့

အလုပ်ရှင်နဲ့ အလုပ်သမားကြားမှာ အဲဒီလောက်အထိ အဖြစ်သည်း

ဖို့လိုလို့လား။ သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးက လိုသည်ထ

ပိုနေပြီလေ။

ဟူး . . .

ရိုးမှရိုးသားကြရဲ့လား မသိပါဘူး။

✸



## အခန်း (၁၁)

ကျော့ကျော့စိတ်ထဲမှာ စူးနဲ့ မမကို မသင်္ကာဖြစ်နေမိသည်။

တစ်ယောက်အပေါ်တစ်ယောက် ဂရုစိုက်တာ ပိုလွန်းအားကြီးလို့လေ။

အဲဒါကလည်း ဦးမင်း ကွယ်ရာကျမှ ဦးမင်းရှေ့မှာဆိုရင်တော့ ဘာမှ

သိကြတဲ့ သူစိမ်းတွေလိုပါ။ အဲဒါကိုက မရိုးသားဘူးလို့ ကျော့ကျော့

ာတော့ထင်တာပဲ။ သူတို့ရိုးသားကြရင် –

ဦးရှေ့မှာရော ကွယ်ရာမှာပါ ပုံမှန်ပဲဆက်ဆံရမှာပေါ့။ ခုလည်း

ူးအပေါ်ထပ်တက်သွားတာမြင်လို့ ကျော့ကျော့လိုက်လာခဲ့တာပါ။

ာင်တဲ့အတိုင်းပဲ မမအခန်းထဲကို ဝင်သွားပြီလေ။ သူတို့ ဘာတွေ

ပြောကြမလဲလို့ ကျော့ကျော့ တံခါးမှာကပ်၍ ချောင်းနေပေမယ့် အသံ



www.burmeseclassic.com

www.burmeseclassic.com



တွေက တိုးတော့ ဘာတွေပြောလဲဆိုတာ သဲသဲကွဲကွဲမကြားရပေ။

"ကျော့ကျော့"

"______"

"ကျော့ကျော့"

"ဟင် ... ရှင်"

"အဲဒါ ဘာလုပ်နေတာလဲ"

ကျော့ကျော့ မှာပုံသလဲလှည့်ကြည့်လိုက်တော့ ဒေါ်ဒေါ်ခင်ပါ။ မျက်နှာထားက တင်းလို့ပါလား။

"ဟိုလေ ... ဟို"

"ဘာမှ ဟိုတွေ ဒီတွေလုပ်မနေနဲ့။ သူများအိမ်မှာ မစပ်စုနဲ့လေ။ လျှာရှည်တဲ့ပါးစပ် ထမင်းငတ်တတ်တယ်သိလား"

အံမယ် သူကပဲပြောရတယ်ရှိသေး။ သူတောင်းစားချင်း ခွက်စောင်းခုတ်တယ်ဆိုတာ ဒါမျိုးပဲဖြစ်မှာ။

"ငတ်ချင်လည်းငတ်ပါစေ ဒေါ်ဒေါ်ခင်။ ကျော့ကျော့တို့အဆွေ့နှစ်ဘက်ကြားက ဘူးသီးနဲ့အတူတူပဲ။ သူတို့နှစ်ယောက်ကိစ္စ ဦးသိသွားရင် ကျော့ကျော့တို့ခေါင်းပဲလာဦးမှာ"

ဒေါ်ခင်မှာ မျက်မှောင်ကြုတ်သွားပြီး –

"နင် ဘာကိုဆိုလိုတာလဲ ကျော့ကျော့"





"မမနဲ့ဦးလေး၊ သူတို့နှစ်ယောက်ရဲ့ဆက်ဆံရေးက ပုံမှန်မဟုတ်ဘူးဆိုတာ ကျော့ကျော့သိနေတယ်။ လိုသည်ထက်ပိုပြီး ဂရုစိုက်နေကြတာ"

"တော်တော့ ကျော့ကျော့"

ကျော့ကျော့။ ဒေါ်ဒေါ်ခင့်ကို မျက်စောင်းထိုးလိုက်မိသည်။ ဒါ မကျေနပ်ခြင်းပဲလေ။ အဲဒီအတွက် အပြစ်ရချင်လည်း ရပါစေတော့။ ဦးက လူပျိုလေးကို မမနဲ့ ပြီစွန်းသွားရင် ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်တော့မှာ။ မမကလှတော့ အိမ်ထောင်ရှိတာသိပေမယ့် အောက်တန်းကျတဲ့စိတ်ဓာတ်ရှိရင် ချိုင်ချင်ချိုင့်မှာပေါ့။

မမကရော

ဦးလို ချောမောတဲ့လူပျိုလေးတစ်ယောက်အပေါ် မသာယာဘဲ နေမလား။ ဝတ်တာ စားတာကိုပဲကြည့်။ ဒရိုင်ဘာက ဒရိုင်ဘာနဲ့တူဘဲ မင်းသားရုံးနေတာ။ ဒါတွေကို ဒေါ်ခင်လည်း မသိမမြင်ရှိရအောင် မျက်စိကန်း နားပင်းကြီးမှ မဟုတ်ဘဲနေလ။ သိသိကြီးနဲ့ ဒေါ်ဒေါ်ခင်က ဒီကိစ္စကို ငါးစာချပြီးမှ မျှားစား ချူစားလုပ်ချင်တာလား။

"ဦးနဲ့မြယွန်းက မောင်နှမတွေလို တစ်ယောက်နဲ့တစ်ယောက် သဘောထားကြတာ။ သူများကိုယ်ရေးကိုယ်တာကိစ္စကို ဝင်ပြီးမစွက်ဖက်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ဟုတ်လား"

ကျော့ကျော့အသံက တွေသံပါ။

"တွေမနေနဲ့ . . . ကိုယ်လုပ်စရာရှိတာ သွားလုပ်၊ သွား"

"သွားမှာပါ"

"နင် ခုလို လာချောင်းတာကို မြယွန်းသိရင် မလွယ်ဘူး"

အကြည့်က လှေကားဆီသို့ ရောက်သွားလေလျှင် –

"ဟောဟိုမှာ မောင်မင်းထက် ပြန်လာပြီ"

ပြောပြောဆိုဆိုနှင့် ဒေါ်ခင်မာ တံခါးကို အမြန်ဖွင့်ပြီး မြယွန်း အခန်းထဲသို့ ဝင်ခဲ့လေသည်။ အခုချိန်မှာ ဒီအခန်းထဲ မြယွန်းနဲ့ရှု နှစ်ယောက်တည်းရှိနေလို့ မဖြစ်ဘူးလေ။ သူမပါရှိနေမှ ဖြစ်မှာပေါ့။ ဒါကြောင့် ဝင်လာခဲ့စဉ် –

"မမခင် သုတ်သီးသုတ်ပျာနဲ့ ဘာဖြစ်လာတာလဲ"

"မောင်မင်းထက်ပြန်လာပြီ မြယွန်း"

"ဟုတ်လား"

"ဟုတ်တယ် မြယွန်း။ ရှူး မင်းသွားတော့လေ"

"ဟုတ်ကဲ့"

ရှူး မျက်နှာမပျက်အောင် ထိန်းရင်း အပြင်သို့ထွက်အလာမှာ ဦးမင်းထက်နှင့်ဆုံလေလျှင် –





"ရှူး"

"ဗျာ"

"ဘာဝင်လုပ်တာလဲ"

"မမကို ဆေးလာတိုက်တာပါ"

"မမခင်နဲ့ကျော့ကျော့ ရှိနေတာပဲဥစ္စာ"

"ဒေါ်ခင် အထဲမှာရှိပါတယ်။ မမက ကော်ဖီပူပူလေးသောက်ချင်တယ်ဆိုလို့ နှစ်ယောက်လာဖြစ်တာပါ"

"ဩော်"

တကယ်လည်း ကော်ဖီပါလာပို့ရတာမို့ ဦးမင်းထက် ဝင်သွားလည်း ဖြေရှင်းရတာ ပြဿနာမရှိနိုင်ပါဘူး။ ဦးမင်းထက် ဘာမှ ဆက်မပြောတော့ပဲ အခန်းထဲသို့ ဝင်ခဲ့စဉ် အခန်းထဲမှာ ရှူးပြောသလိုပဲ မမခင်ရော ကော်ဖီခွက်ရောက ရှိနေသည်လေ။ ဒီတော့ သူ ဘာပြောစရာရှိတော့မှာလဲ။

ကျော့ကျော့ သူ့ကိုပြောလိုက်ပုံတွေကတော့ –

ရှူးနဲ့မြယွန်း ရှိသားရဲ့လားလို့ မသင်္ကာဖွယ်ရာတွေပါ။ စောင့်ကြည့်ရဦးမှာပေါ့။

"မြယွန်း"

"ဟော . . . ကိုတောင်ပြန်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဆေးသောက်ပြီးပြီလား"

"ခုလေးတင်ပဲသောက်ပြီးပြီ ကို"

"စူး လာတိုက်တာလား"

"ဟုတ်တယ်လေ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး"

ဒေါ်ခင်မှာ ကော်ဖီပန်းကန်နဲ့ ရေဖန်ခွက်ကိုယူပြီး ထွက်လာခဲ့တော့သည်။ စိတ်ကတော့ တထင့်ထင့်ပါပဲ။ မောင်မင်းထက် ဘာတွေများ ဆက်မေးနေဦးမလဲ။ ဒီလောက်တော့ မြပွန်း ဖြေရှင်းတတ်မှာပါလေ။

"ဒေါ်ခင်"

"ဟင်"

ဒေါ်ခင် အပေါ်ထပ်က ဆင်းလာတာနှင့် စူးက အနားရောက်လာကာ –

"အစ်ကိုကြီး ဘာပြောသေးလဲ"

"ထွေထွေထူးထူးတော့မပြောပါဘူး၊ နောက်ကိုဆင်ခြင်ပါသွားရယ်။ မင်းဖြစ်ချင်သလို ဖြစ်မလာနိုင်ဘူးလို့ ဒေါ်ခင်ပြောထားသားပဲ"

"ဒါဆို ကျွန်တော်တ ချောင်းကြည့်ပြီးပြုံးပြိုန်ပဲ လုပ်နေရတော့မှာလား ဒေါ်ခင်"





ဒေါ်ခင် သက်ပြင်းချလိုက်မိ၏။ ဒီကလေးရဲ့ဝဋ်ကြွေးတွေ ဘယ်တော့မှ ကျေပါ့မလဲနော်။ မြပွန်းနဲ့ ရင်းရင်းနှီးနှီး မနေချင်ပါနဲ့လို့ ခြောထားလျှက်နဲ့ ပြောလို့မရ။ ခုမှဒုက္ခ။

"မြပွန်းရဲ့မျက်နှာကို အနီးကပ်မြင်ခွင့်ရနေရင် ကျေနပ်ပါတယ်လို့ မင်းပြောခဲ့တာလေ။ အခု မြင်ခွင့်ရနေပြီပဲဥစ္စာ။ အတူတူသွားခွင့်လာခွင့်လည်း ရနေတာပဲ ကျေနပ်ပါတော့ စူးရယ်"

"သံယောဇဉ်ဆိုတာ တားဆီးဖြတ်တောက်ပစ်လို့မှမရဘဲ ဒေါ်ခင်ရယ်"

"စူး"

စူးရဲ့မျက်ဝန်းတွေက ရီဝေဝေပါ။ လွတ်လပ်စွာ ခံစားခွင့်ရတဲ့နေရာမှာတော့ သူ လွတ်လပ်စွာ ခံစားပါရစေ။ မမနဲ့ပတ်သက်ပြီး သူ့ရင်ထဲမှာ စူးနင့်နေခဲ့တာတွေ ဘယ်သူသိသလဲ။ ရင်ထဲမှာရှိတာတွေ ထုတ်ပြခွင့်မရတဲ့ဘဝမှာ ကိုယ်က လမင်းဆီမှာ ထွမင်းဆီဆမ်း ရွှေသင်ဗန်းနဲ့ ပေးပါလို့ တောင်းနေရသူလိုပါ။

"မောင်မင်းထက် တစ်မျိုးထင်သွားရင်မကောင်းဘူး စူး။ တော်ကြာ လက်ရှိရထားတဲ့အခွင့်အရေးကို မင်း ဆုံးရှုံးသွားလိမ့်မယ်"

"ဟုတ်ကဲ့ . . . ကျွန်တော် ဆင်ခြင်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆင်ခြင်ပါ စူး၊ မင်း အဓိကသတိထားရမှာက ကျော့ကျော့ပဲ။ သူ မင်းနဲ့မြပယ္ပွန်းကို တစ်မျိုးထင်နေတယ်"

ဒါပဲပြောပြီး ဒေါ်ခင် စူးရေ့ကနေ ထွက်လာခဲ့တော့သည်။ သတိပေးထားတဲ့ကြားက ရှေ့ဆက်တိုးရင်တော့ သူ့ထိုက်နဲ့သူ့ကံပဲပေါ့။

တကယ်ဆို မြပယ္ပွန်းကလည်း ဆင်ခြင်သင့်တာ။

အင်း ... သူ့ကိုလည်း သတိပေးထားဦးမှပါလေ။

✸



## အခန်း (၁၂)

"ကိုကို"

"----"

"ကိုကို"

"ဝုတ် ဝုတ်"

လူခေါ်သံနှင့်အတူ ခွေးဟောင်သံပါ ကြားလိုက်ရတော့ စူး မျာပျာသလဲ လှည့်ကြည့်ကာ –

"မင်း ... မင်းက ခွေးတွေခေါ်လာပြန်ပြီလား"

"ခွေးပေါက်ကလေးတွေပါ ကိုကိုရဲ့။ ခွေးမကြီးက ရောင်းလိုက်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင္ ... ဘာ့လို႔ ေရာင္းပစ္တာလဲ"

"ကိုကို႔ကို ကိုက္လို႔ေလ"

ေခြးမႀကီးေရာင္းပစ္လိုက္ၿပီဆိုေတာ့ ေခြးေပါက္ကေလးေတြကို ၾကည့္ၿပီး စူး စိတ္မေကာင္းျဖစ္သြားရသည္။ ဒါဆို ေခြးေပါက္ကေလးေတြ မိခင္မဲ့ျဖစ္သြားၿပီေပါ့။ ကိုယ့္တဝန္နဲ႔စာနာၿပီး ကိုယ့္ေၾကာင့္လို႔ ေခါင္းစဥ္တပ္ခံရတာ ကိုယ့္ရင္ဝကို ဓားနဲ႔အထိုးခံလိုက္ရသလိုပါပဲ။ ေရာင္းၿပီးၿပီဆိုမွေတာ့ ဘာေျပာလို႔ရဦးမွာလဲ။

စူး ...

ပန္းအိုးတစ္လုံးကို သယ္လက္စႏွင့္ ေရႊ႕ၿပီး ေခြးေပါက္ကေလးေတြကို ဖမ္းက ေခါင္းေလးေတြကို ပြတ္သပ္ေပးမိတာ စာနာစိတ္ႏွင့္ပါ။

"ကိုကို"

"------"

"ေခြးေပါက္ကေလးေတြကို ခ်စ္တယ္လား"

"ခ်စ္တာထက္ သနားတာပါ။ ေခြးမႀကီးကိုေရာင္းလိုက္ၿပီဆိုေတာ့ သူတို႔ မိခင္မဲ့ေလးေတြ ျဖစ္သြားၿပီေပါ့"

"နို႔ခြဲေနပါၿပီ ကိုကိုရဲ႕"

"နို႔ခြဲသည္ျဖစ္ေစ၊ မခြဲသည္ျဖစ္ေစ သူတို႔လည္း သူတို႔





အေမနဲ႔ အတူတူ ေနခ်င္ရွာမွာေပါ့"

"အင္း ... ဟုတ္ေတာ့ဟုတ္တယ္ေနာ္"

ေျပာၿပီး ႀကိဳးၾကာ စူးႏွင့္မ်က္ႏွာခ်င္းဆိုင္မွာ ထိုင္ခ်လိုက္ၿပီး ေခြးကေလးေတြရဲ႕ ေက်ာကို ပြတ္သပ္ေပးမိေၚ။ မျဖစ္သာလို႔ ေရာင္းလိုက္ေပမယ့္ ႀကိဳးၾကာလည္း စိတ္မေကာင္းပါဘူး။ ေခြးမက ကိုက္တာမွ အိမ္သားကိုေတာင္ ရန္မူခ်င္ေနတာေလ။

"ကိုကို"

"------"

"စိတ္မေကာင္းျဖစ္သြားတာလားဟင္"

"ဟုတ္တယ္၊ ငါလည္း မိဘမဲ့တစ္ေယာက္ပဲ"

"ႀကိဳးၾကာလည္း မျဖစ္သာလို႔ ေရာင္းလိုက္ရတာပါ။ သူက အိမ္ရွင္ကိုေတာင္ ရန္မူေနေတာ့ေလ"

"ကဲပါ ... အဲဒါေတြထားလိုက္ပါေတာ့။ မင္း ဘာလာသယ္တာလဲ"

"ဟင္ ... အိမ္နီးခ်င္းေတြကို အလည္မလာရဘူးလား ကိုကိုရဲ႕"

"ဘယ္သူ႔ဆီကိုလာတာလဲလို႔ ေမးတာ"

"ဘယ္သူ႔ဆီကိုရယ္လို႔ မဟုတ္ပါဘူး။ ေတြ႕တဲ့သူနဲ႔စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောမှာလေ။ မပြောရဘူးလား"

"ငါကတော့ မအားဘူး။ အိမ်ထဲဝင်သွားလိုက်"

"ကြိုးကြာ . . . ကိုကို့ကို ကူမယ်လေ"

စူး ကြိုးကြာကို ခပ်စူးစူးကြည့်လိုက်တော့ ကြိုးကြာ သူ့ကို ပြန်ကြည့်နေပုံက မဝံ့မရဲနှင့်ပါ။ ပန်းအိုးတွေရွှေ့နေတာကို သူကကူ အောင် နိုင်မှာမို့လို့လား။ အလကားအပိုတွေ။ ပြီးတော့ စူး သူနဲ့ စကားမပြောချင်ပါဘူး၊ ကိုယ့်ဘဝကိုယ်သိလို့ ကင်းကင်းနေတာ အကောင်းဆုံးပဲလေ။

"ပန်းအိုးတွေ ရွှေ့မှာမို့လား"

"-----"

"ကြိုးကြာ သေးတဲ့အိုးတွေ ကူရွှေ့ပေးမယ်နော်"

ပြောပြီး ကြိုးကြာက ပန်းအိုးတစ်အိုးဆီသို့ ထသွားလေလျှင်

"ဟေ့"

"ဟင်"

"မင်း ဘယ်ပန်းအိုးမှ ကူရွှေ့စရာမလိုဘူး။ အိမ်ထဲကိုပဲ ဝင်သွားစမ်းပါ။ ငါ့ကို လာမရှုပ်နဲ့"

"ကိုကိုကလည်း ကြိုးကြာက ကိုကိုနဲ့စကားပြောချင်လို့ ဥစ္စာကို"





"ငါ့မှာ မင်းကို ပြောစရာစကား မရှိဘူး"

ကြိုးကြာ ရှေ့မတိုးနောက်မဆုတ်နှင့် ရပ်နေတာ နှုတ်ခမ်း ...ရှုလို့ပါ။ သူက ကြိုးကြာနဲ့ စကားမပြောချင်ဘူးဆိုတော့ မာနကြီး ...လား။ ဟွန်း မင်းသမီးက မာနမကြီးဘဲ သူက ငါမင်းသမီးရဲ့မောင် ...ဘဝင်လေဟပ်နေသလားမသိပါဘူး။ မှုန်းမို့ကောင်းလိုက်တာ။

"ဟော . . . ကြိုးကြာရောက်နေပါလား"

"ဟင်"

ကိုယ်တွေဆီကိုဦးတည်ပြီး လျှောက်လာနေတဲ့ မမြပွင့်နှင်းကို ...လိုက်ရတော့ ကြိုးကြာခြေလှမ်းတွေက စတင်ရွှေ့လျှားလျက်။

"မမ"

"အလည်လာတာလား ကြိုးကြာ"

"ဟုတ်ကဲ့ မမ၊ အိမ်မှာက သူ့အလုပ်နဲ့သူ လုပ်နေကြတာ ...ကြာနဲ့ စကားပြောမယ့်သူမရှိဘူး။ အဲဒါကြောင့် ပျင်းတာနဲ့ ထွက် ...ခဲ့တာ။ မမရဲ့မောင်ကလေ အရမ်းမာနကြီးတာပဲ သိလား"

"ဟင် . . . စူးနေခကို ပြောတာလား"

ပန်းအိုးကိုချပြီး မတ်တတ်ပြန်အရပ်မှာ ကိုယ့်နာမည် စကားထဲ ...ပါလာသည်မို့ စူး ပြန်ငဲ့ကြည့်လိုက်မိသည်။

"ဟုတ်တယ်လေ၊ သူ့အပြင် ဘယ်သူရှိရဦးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုးကြာကို ရှူးနေခက ဘာပြောလို့လဲ"

"ကြိုးကြာက ပန်းအိုးတွေကူသယ်မယ်ဆိုတာကို မလိုဘူး တဲ့။ ပြီးတော့ ကြိုးကြာကို ပြောဖို့စကား မရှိဘူးတဲ့လေ"

မြယွန်းပြုံးလိုက်မိသည်။ နှုတ်ခမ်းလေးရှူးပြီး ပြန်ထိုင်နေပုံက ကလေးဆန်ပြီး ချစ်စရာကောင်းနေတာကို။ မြယွန်းရင်ထဲမှာ ဖြစ်တည် သွားသောအချစ်သည် ကြိုးကြာအပေါ်မှာ ကိုယ့်ညီမလေးလို ကိုယ့် သမီးလေးလိုပါ။ မိသားစုအရင်းအချာဆိုလို့ လင်နဲ့မယားနှစ်ယောက် တည်းရှိတဲ့ဘဝမှာ အခုမှပဲ စိုပြေလာတော့မယောင်ပါ။

"ဒီကောင်မလေး တော်တော်ချွန်တွန်းလုပ်ပါလား။ ပြော စရာစကားမရှိလို့ မရှိဘူးပြောတာ ဘာဖြစ်လဲ"

"ကိုကို့မှာ ပါးစပ်ကြီးနဲ့ မဟုတ်ဘူးလား"

"ပါးစပ်ကြီးနဲ့လေ"

"ပါးစပ်ရှိရင် စကားပြောတတ်ရမှာပေါ့။ ကိုကိုက ရွှေအ မဟုတ်တာ"

"ဟ ... နင်က အလုပ်မရှိတဲ့လူလေ။ ပါးစပ်လည်းအား လူလည်းအားပဲ။ ငါက အလုပ်လုပ်နေတာ မောလို့ မပြောနိုင်ဘူး"

"အလကား ကြီးကျယ်တာပါ"

ကြိုးကြာက မျက်စောင်းလေးထိုး၍ ပြောလေသည်။ မြယွန်း





အတော့ ရှူးနေခရဲ့ မောလို့ဆိုတဲ့စကားကြောင့် စိတ်မကောင်းဖြစ်သွား ရသည်သာ။ ဟုတ်တာပေါ့ ပန်းအိုးတွေ တစ်လုံးပြီးတစ်လုံး ရွှေ့နေရ တာ မောမှာပေါ့။ သူများတွေလို သူလည်း လူငယ်ပီပီ သွားလာ ပျော်ပါးချင်ပေမယ့် ကိုယ့်မျက်နှာကို မြင်ရဖို့အတွက် သူ့ခမျာ အရာ အားလုံးကို ဒီအိမ်ရဲ့ခြံဝန်းအောက်မှာ နှစ်မြှုပ်ထားခဲ့တာ။

ကိုယ်လည်း သူ့ကိုထားချင်ပါတယ်။

သူများတွေနဲ့တန်းတူလေ။ မဖြစ်သာတဲ့အခြေအနေမို့သာ ခံနိုင်နာနဲ့ ကြည့်နေရတာပေါ့။

"ရှူးနေခ"

"ဗျာ"

"မောနေရင်လည်း နားတော့လေ။ ဒီပန်းအိုးတွေက မရွှေ့ ရင်လည်း လှနေတာပဲဥစ္စာ။ ထားလိုက်တော့။ ဒီလောက် ရွှေ့ပြီးသွားတာ အမြင်ပြောင်းနေပြီပဲလေ"

"ရပါတယ် မမရဲ့၊ ကျွန်တော် မမောပါဘူး"

"တွေ့လား။ စကားပြောတာ အခုတစ်မျိုး တော်ကြာတစ်မျိုး ... တွန်း ဒီကလည်း ကိုယ်နဲ့စကားမပြောချင်တဲ့သူနဲ့ မပြောတော့ပါ ဘူး"

မမောဘူးဆိုတော့ ကြိုးကြာကတစ်မျိုးပါလား။ ကော်တော်



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာရှာတဲ့ကောင်မလေးဟု စူးက နှုတ်ခမ်းကို ဖိကိုက်ပြော
ကြိုးကြာက မျက်စောင်းထိုးလေသည်။

"ကဲ . . . ကြိုးကြာ"

"____"

"လာ . . . အိမ်ထဲကို သွားရအောင်"

"ဟုတ် မမ"

အိမ်ထဲဝင်ကာနီးတောင် ကြိုးကြာက နှုတ်ဆက်သွားသော
တာ မျက်စောင်းနှင့်လေ။ စိတ်မရှိပါနဲ့ချာတိတ်ရယ်။ မင်းတို့လို ငွေ
ကြေးရှင် ခနရှင်တွေနဲ့ ငါ မပတ်သက်ရဲလို့ပါ။ လူကြီးနဲ့လူငယ်ဆို
တော့ ဘာအကြောင်းလဲ။ အခုက လူငယ်ချင်းတွေ။ စူးအတွက်
ရှေ့မှာ သာဓကရှိခဲ့သည်လေ။

ဖေဖေ –

သူ့ငွေးသမီးကိုချစ်မိခဲ့လို့ ရင်နာစရာတွေနဲ့ ဆက်တိုက်ကြုံ
ရတာ။ သေသည်အထိ အချစ်ဆိုတဲ့အရာကို မျှော်လင့်တောင့်တသွား
ရတာလေ။

ကလေးတစ်ယောက်နဲ့ အမျိုးမျိုး ဒုက္ခရောက်ခဲ့တာတော်
မေမေ့ကို မမုန်းနိုင် မမေ့နိုင်နဲ့ သစ္စာတွေ ကြီးမားပြခဲ့သူ။

ဒါကြောင့် –





အနေနီးရောကနေ သံယောဇဉ်တွယ်တာမျိုး စူး ဘယ် မိန်းက
လေးအပေါ်မှာမှ သံယောဇဉ် မတွယ်ချင်တာပါ။

"မမ"

"ဟင်"

"တစ်နေ့လောက် မမကို ကြိုးကြာ ထမင်းဟင်းတွေ ချက်
ကျွေးချင်တယ် သိလား"

မြယွန်း လက်မောင်းကို ဖက်တွယ်ထားပြီး ပြောလိုက်တဲ့
ကြိုးကြာပုံစံက တကယ့်ကို အပြစ်ကင်းစင်တဲ့ ကလေးတစ်ယောက်
နှယ်ပါ။

"ကြိုးကြာက ချက်တတ်တယ်လား"

"ချက်တတ်တာပေါ့ မမရဲ့။ ကြိုးကြာတို့အိမ်မှာ အိမ်အကူ
တစ်ယောက်တော့ရှိတယ်။ ဒါပေမဲ့ . . . မေမေက ကိုယ်တိုင်ပဲချက်တာ
လေ။ ကြိုးကြာကိုလည်း သင်ပေးထားတော့ ကြိုးကြာ ချက်တတ်
တာပေါ့"

"တယ်ဟုတ်ပါလား။ ကြိုးကြာက တော်လိုက်တာ။ အချို့ဆို
ကြိုးကြာအရွယ်မှာ အပြင်ထွက်ပြီး ကဲလို့ သဲလို့ကောင်းတုန်းပေါ့"

"ကဲတဲ့အခါလည်း ကဲတာပေါ့ မမရဲ့"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကြာက ခေါင်းလေးညိတ်ပြ၍ ရယ်နေလေသည်။ သူ့အရမ်းလေးစားမြတ်နိုးခဲ့ရတဲ့ မင်းသမီးတစ်ယောက်နဲ့ ခုလို ရင်းရင်းနှီးနှီး ခင်မင်ခွင့်ရတာ သူ့အတွက်တော့ ထီပေါက်သလိုပါ။

"ကြိုးကြာလက်ရာကို မမစားမယ် မဟုတ်လား"

"အင်း . . . စားမှာပေါ့။ ဘယ်တော့ချက်ကျွေးမလဲ ပြော"

"မမ ခုလိုအိမ်မှာရှိနေမယ့် နေ့တစ်နေ့ပေါ့"

"Ok လေ . . . စားရသေးတာပေါ့။ လက်ရာကောင်းလို့ကြိုက်ရင် မမ ကြိုးကြာကိုဆုချမယ်"

"မမ တကယ်ပြောတာလား"

"အကယ်တစ်တောင်"

"မမကို အရမ်းချစ်တယ်"

ကြိုးကြာက မြယွန်းခါးကို ကျစ်နေအောင် ဖက်ထားလေတော့ မြယွန်းက ကြိုးကြာပခုံးလေးကို ပြန်ဖက်ထားလိုက်သည်။ သံယောဇဉ်ဆိုတာ သွေးသားတော်စပ်ခြင်း မတော်စပ်ခြင်းနဲ့ လုံးဝမသက်ဆိုင်။ လူတစ်ယောက်ရဲ့စိတ်နေသဘောထားနဲ့ပဲ သက်ဆိုင်တာပါလေ။

✸



## အခန်း (၁၃)

"မမ"

"ဟင်"

မြယွန်း မနက်ဖြန်ရိုက်ဖို့အတွက် ဇာတ်ဝင်ခန်းမှာ ကိုယ်ပြောရမယ့်စကားလုံး ဇာတ်ညွှန်းတွေကို ကျက်နေစဉ် ကျော့ကျော့ရောက်လာပြီးခေါ်တာကြောင့် –

"ဘာလဲ ကျော့ကျော့"

"ဧည့်သည်ရောက်နေတယ် မမ"

"ဘယ်သူလဲ"

"မင်းသမီးနိုးသားဖြူဖြူပါ မမ၊ ဖြူနုနေတာပဲ လူကိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



မမရယ်"

"ဟင်"

တကယ်ပဲ မြယွန်း အံ့သြသွားရ၏။ ကိုယ်က မဖိတ်ခေါ်ဘဲ ရောက်လာတဲ့ညေ့သည်။ အလည်ခေါ်ရလောက်အောင်လည်း ရင်းရင်းနှီးနှီး မရှိခဲ့ပါဘူး။ သူ ဘာလာလုပ်တာလဲ။ ဘာအတွက် လာတာလဲ။ စူးနေခဆီကိုလာတာလား။ မြယွန်း အခြားနေရာတွေ ဘယ်လောက်ပဲ သဘောကောင်းကောင်း

စူးနေခနဲ့ ပတ်သက်လာရင်တော့ –

သည်းမခံနိုင်တာ အသေအချာပါ။ သူလို အနံ့အသက် မကောင်းတဲ့ မိန်းကလေးမျိုးနဲ့ စူးကို မပတ်သက်စေချင်ပါဘူး။

"သူက ဘာကိစ္စနဲ့ လာတာလို့ ပြောလဲ ကျော့ကျော့"

"အဲဒါတော့ ကျော့ကျော့မမေးဘူး မမ။ မမနဲ့တွေ့ချင်လို့ ပြောလို့ မမကိုလာခေါ်တာပါ"

"ကောင်းပြီလေ ... ငါ လာခဲ့မယ်"

"ဟုတ်ကဲ့"

ကျော့ကျော့လှည့်ထွက်သွားမည်အပြုတွင် –

"မမ"

အသံနှင့်အတူ တံခါးဝမှာပေါ်လာတာ စူးရဲ့မျက်နှာ။ ကျော့ကျော့ မမမျက်နှာကို ပြန်စဲ့ကြည့်လိုက်တော့ မျက်မှောင်ကြုတ်နေပုံက အလိုမကျမှုတွေ အထင်းသားနှင့်ပါ။ ဘာကိုအလိုမကျ ဖြစ်နေတာလဲ။ အချင်းချင်းတွေပဲ ဥစ္စာကို။

"မိုးသားဖြူဖြူရောက်နေတယ် မမ"

"ငါသိတယ်"

လေသံက မညင်သာသလို လူကလည်း ထရပ်လိုက်ကာ–

"မင်းနဲ့တွေ့ပြီးပြီလား စူးနေခ"

"ဟုတ်ကဲ့ ... အခုပဲ တွေ့လာတာပါ"

"အေး ... အခုတွေ့လာခဲ့တာကိုထားတော့ နောက်ထပ်မင်း သူနဲ့တွေ့စရာအကြောင်း မရှိဘူး။ ကိုယ်လုပ်စရာရှိတာကိုပဲ သွားလုပ်"

"ဟုတ်ကဲ့"

စူး လှည့်ထွက်သွားမည်အပြုတွင် –

"ခဏနေဦး"

"ဟုတ် ... ဘာပြောစရာရှိလို့လဲ မမ"

"မင်း ဒီအပေါ်ထပ်မှာပဲနေ။ မိုးသားဖြူဖြူ မပြန်မချင်း အောက်ထပ်ကို လုံးဝဆင်းမလာခဲ့နဲ့"

ပြောပြီး မြယွန်း အခန်းထဲမှထွက်သွားလေတော့သည်။







www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပေးတဲ့သူကလည်းပေါ့၊ နာခံတဲ့သူကလည်း နာခံနေတာ အလုပ်ရှင်နဲ့အလုပ်သမားကြားက သမားရိုးကျဆက်ဆံရေးနဲ့မတူတာတွေလည်း ရှိနေတော့ ဘယ်လိုနားလည်ရမလဲ။ အစက သံသယ။ အခုတော့ မတိကျသေးပေမယ့် ရာခိုင်နှုန်း ရှစ်ဆယ်လောက်က သေချာနေသလိုပဲလေ။

ဘယ်သူကစပြီး မရိုးသားတာလဲ။

စူးလား မမ်လာ။ ဘယ်သူကပဲစစ အိမ်တောင်သည်နဲ့လူမို့လေး မတန်တာတော့ အမှန်ပဲ။ စူးကို နှုတ်မြောလိုက်တာ။

"ကျော့ကျော့"

"ဟင်"

"ဒို့ကို ဘာကြည့်နေတာလဲ။ မမသွားပြီ လိုက်သွားလေ"

"ဪ . . . အေး အေးပါ"

အပေါ်ထပ်ကနေ ဆင်းလာတဲ့ မြပွန်းမှာတော့ မိုးသားဖြူနဲ့တွေ့ဆုံရမှာကို စိတ်လည်းမပါ ဝမ်းလည်းမသာပေ။

"မိုးသားက ဒီကားမှာ အကယ်ဒမီဆုမှန်းထားတာလား"

"ကြိုးစားတော့ ကြိုးစားနေတာပဲ။ အကယ်ဒမီကိုတော့ မမှန်းရဲပါဘူး ဦးရယ်။ အကယ်ဒမီဆုရဖို့က ကံလည်း ပါတယ်လေ"

"အင်း . . . ဒါလည်း ဟုတ်တာပါပဲ"





"ဟော . . . မမ လာပြီ"

ကိုယ့်အိမ်လာတာ ညှော်ခံဖို့စိတ်မပါပေမယ့် တာဝန်ဝတ္တရားအရတော့ ပြုံးပြလိုက်သည်သာ။

"ကိုလည်း ပြန်ရောက်နေပြီကိုး"

"မှုတ်တယ်၊ ဒီနေ့ စောစောပဲပြန်လာခဲ့တာ။ ခေါင်းနည်းနည်းကိုက်နေလို့လေ"

"ဟုတ်လား . . . ဒါဆို သွားနားလိုက်လေ ကိုရဲ့"

"ရပါတယ် . . . တော်ကြာ မိုးသားက သူကို ညှော်ခံစကားပြောချင်လို့,လို့ ထင်နေပါဦးမယ်"

"ဪ . . . မထင်ပါဘူး ဦးရဲ့။ ရပါတယ် သွားနားလိုက်ပါ"

ရပါတယ်ဆိုပေမယ့် ဦးမင်းထက်သာက ထမသွားပေ။ ဒါလည်း ကောင်းပါတယ်။ သူရှိနေတော့ မြပွန်းစကားပြောရတာ သက်သာတာပေ့ါ။ မြပွန်းအစား သူပြောပေးတော့လေ။ အခုတော့ မြပွန်းကပဲ စကားစရှာသား။

"မိုးသား ဘယ်ကလှည့်ဝင်လာတာလဲ။ ဒီကိုပဲ တမင်လာတာလား"

"ဟုတ် . . . ဒီကိုပဲ တမင်လာခဲ့တာ မမ"

"ကိစ္စရှိလို့လား မိုးသား"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး မမရဲ့။ မိုးသား မမတို့အိမ်ကို အလည်လာချင်နေတာ ကြာပြီလေ။ လာမယ် လာမယ်နဲ့ မလာဖြစ်ဘူး။ ဒီနေ့တော့ ဖွတ်ထွက်လာခဲ့တာ"

"ဪ"

ဪဆိုပြီး စကားက အစပျောက်သွားသလိုပါ။ ဒေါ်ခင်မာက အလိုက်သိစွာပဲ ပန်းသီးဖျော်ရည်လာချပေးပြီး ပြန်ထွက်သွားလေသည်။ အိမ်ရှင်ဝတ္ထုရေးအတိုင်း ဧည့်ခံတာ သူ ဘာကြိုက်လဲ မမေးမိသည့်အတွက် စိတ်မကောင်းလည်းမဖြစ်မိပေ။ ကြိုက်တာ မကြိုက်တာကတော့ သူ့အကြောင်းပဲပေါ့။

မိုးသား ...

မျက်လုံးက အငြိမ်မနေဘဲ တစ်ခုခုကို ရှာဖွေနေသလိုပါ။ အိမ်ကြီးရဲ့အပြင်အဆင်တွေကိုပဲ လိုက်ကြည့်နေသလား။ ဒါမှမဟုတ်

"စောစောက စူးနေခရောက်လာပြီး အပေါ်ထပ်ကို တက်သွားတာ အခုထိ ပြန်ဆင်းလာတာ မတွေ့သေးဘူးနော်"

"ဪ ... အပေါ်ထပ်မှာ ဝရန်တာထွက်ပြီး ဝတ္ထုထိုင်ဖတ်နေပြီ ထင်တယ်။ စူးနေခက ဝတ္ထုဖတ်ရတာ ဝါသနာပါတယ် မိုးသားရဲ့။ ဝတ္ထုဖတ်ပြီဆို ထမင်းမေ့ ဟင်းမေ့ပဲ"

"ဟုတ်လား"





မြပွင့်း ခေါင်းညိတ်ပြတာကိုကြည့်ပြီး ဦးမင်းထက်သာ မျက်မှောင်ကြုတ်သွားလေသည်။

သူ စူးကျာနယ်နဲ့ အခြားစာအုပ်တွေ ဖတ်တာတော့ တွေ့ဖူးပါသည်။

ဒါပေမဲ့ ... အချစ်ဝတ္ထုဖတ်တာတွေ့ခဲ့သလို မြပွင့်းပြောသလိုပဲ စွဲစွဲလမ်းလမ်းကြီး ဖတ်တာမျိုး မဟုတ်ပါဘူး။

ဒါ ...

မြပွင့်း ဘာသဘောနဲ့ ညာတာလဲ။ ကျော့ကျော့ပြောသလိုရှေ့ဖတ်သက်ပြီး မြပွင့်း သဝန်တိုနေတာလား။

"ဒါဆို နောက်နေ့ကျရင် အိမ်ကစာအုပ်တွေ ယူလာပေးဦးမှပဲ။ မိုးသားလည်း ဝတ္ထုဖတ်ရတာ ဝါသနာပါတယ်လေ။ လစဉ် ကိုယ်ကြိုက်တဲ့စာရေးဆရာတွေရဲ့စာအုပ်တွေကို ဝယ်ထားတာ"

"အားနာစရာကြီး မိုးသားရယ်၊ လာမပို့ပါနဲ့။ စူးနေခက စာအုပ်ကိုဖတ်ပြီး ရှိသေတာမဟုတ်ဘူး။ ဟိုထား ဒီထားနဲ့ပဲ ပြိကုန်တာပဲ။ သူ့ဘာသာသူ ဆိုင်မှာပဲ ငှားဖတ်ပါလိမ့်မယ်ကွယ်"

"မြပွင့်း"

ဦးမင်းထက်သာ ခေါ်လိုက်တော့မှ မြပွင့်း ခင်ပွန်းကိုသတိရပြီး ပါးစပ်ပိတ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးသားက စေတနာနဲ့လာပို့မယ်ဟာကို ပို့ပါစေ။ ဆိုင်မှာ သွားငှားတော့ အချိန်ကုန်အလုပ်ပျက်တာပေါ့"

"ဟုတ်တယ် ... ဟုတ်တယ်၊ မိုးသားကလည်း အပိုင်ပေး မှာပါ မမရဲ့"

ဟူး ... စကားပြောတာ အပိတ်အဆို့တွေကောင်းကြတော့ ဆက်စရာစကားကို မရှိတော့သလိုပါပဲ။ ဒီလောက်ပို့ချင်မှတော့ ပို့ပါ စေတော့။

✸



အခန်း (၁၄)

"မင်းကို ကိုယ် ဘယ်လိုနားလည်ရမှန်း မသိတော့ဘူး မြွှန်း"

စကားက အဆက်အစပ်မရှိပဲ မြယွှန်း ပါးစပ်ကလေးပွင့်ဟ သွားပြီး ခင်ပွန်းသည်ကိုကြည့်နေမိသည်။ သူ့ဆီက ဘာစကားသံမှ ထပ်ထွက်မလာတော့မှ –

"ကို ဘာကိုပြောတာလဲ"

မြယွှန်းမေးတော့ ဦးမင်းထက်သာ မြယွှန်းဘက်သို့လှည့်ပြီး မျက်နှာချင်းဆိုင်လိုက်ကာ –

"မင်းနဲ့ရှူးကိုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"မင်းတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးက လိုသည့်ထက်ပိုနေတယ်လို့ ကိုယ်ထင်တယ်။ အိမ်ရှင်နဲ့အလုပ်သမား ဒီလောက်ရင်းနှီးနွေးထွေးဖို့မလိုဘူးလေ"

"ကိုက ဘယ်လိုထင်လို့လဲ ပြောပါဦး"

"ဘယ်လိုထင်ရမှန်းမသိလို့ကို ခက်နေတာ"

မြယွန်း နှုတ်ဆိတ်သွားမိ၏။ ကိုယ့်ရဲ့စိုးရိမ်ပူပန်မှုတွေက ဒီလောက်တောင်ပဲ သရုပ်ပျက်သွားခဲ့သလား။ အင်း . . . နောက်ကို ဆင်ခြင်မှထင့်ပါရဲ့။

"မြယွန်း"

"-----"

"နောက်ကိုဆင်ခြင်ပါလို့ပဲ ကိုယ်ပြောချင်တယ်"

"ကို အဲဒီလိုပြောနေရအောင် မြယွန်းတို့က ဘာဖြစ်နေလို့လဲ ကို။ မြယွန်းက ဘယ်သူ့အပေါ်ပဲဖြစ်ဖြစ် ခွဲခြားပြီး မဆက်ဆံတတ်ဘူးဆိုတာ ကို သိပါတယ်"

ဦးမင်းထက်သာ ဇနီးသည်၏မျက်နှာကို ခပ်စူးစူးကြည့်လိုက်မိ၏။ ကျော့ကျော့ပြောတဲ့စကားနဲ့သာ သူ့ရင်ထဲမှာ သံသယဆူးစူးနေတာ၊ ယုံတော့မယုံချင်ပေ။ အဲဒါ မြယွန်းရဲ့ ကိုယ်ကျင့်တရားကို သုံးကြည့်ခဲ့လို့ပဲလေ။ အခု ရူးနေခန့်ပတ်သက်ပြီး မြယွန်း သဝန်တိုနေပုံပေါက်တာကို ကိုယ်တိုင်လက်တွေ့မြင်လိုက်ရတော့ ဘယ်လိုစဉ်းစားရမလဲ။

နိုးတဲ့သူနိုးကလည်း နိုးတယ်လို့ ဝန်ခံမှာမဟုတ်ဘူးလေ။ ကိုယ်ကလက်တွေ့မိအောင် ဖမ်းပြနိုင်မှပေါ့။ ဟုတ်ရင်ကျော် မုတ်ရင်ပေါ်တဲ့။ တစ်နေ့နေ့တော့ အမှန်တရားတွေ ပေါ်လာမှာပါ။

"မြယွန်း ခွဲခြားပြီးမဆက်ဆံတတ်တာကို ကိုယ်နားလည်ပါတယ်။ ရူးအပေါ်မှာ နည်းနည်း သဒ္ဒါပိုနေသလားလို့ပါ။ ပြီးတော့ သဝန်တိုတဲ့ပုံပေါက်နေသလားလို့"

"ကို"

"----"

"အဲဒါတော့ . . . ကို မြယွန်းသိက္ခာနဲ့ ကိုယ်ကျင့်တရားကို အရှမ်းစော်ကားလွန်းသွားပြီ။ မြယွန်းနဲ့ရူးက ကိုတို့ထင်စရာပုံ ပေါက်နေလား။ မြယွန်းတို့က ရိုးရိုးသားသား မောင်နှမလို သားအမိလို ချစ်ခဲ့ကြတာပါ"

"တကယ်တမ်း သားအမိ မောင်နှမ မဟုတ်ဘူးလေ။ ငါက သူများနားမှာ လျှို့ထွက်လာမှ သိရတာကွ။ သူများပြောမှ ငါ့ တော်တော်ညံ့တဲ့ယောက်ျားပါလားလို့ သိရတော့တယ်။ မင်းတို့







www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် ... ကျွတ်"

"ကို"

"အပြောမခံချင်ရင် ဆင်ဆင်ခြင်ခြင်နေကြ"

"ကို"

မြယွန်း ဘာဆက်ပြောမလဲ နားမထောင်တော့ဘဲ ဦးမင်းထက် ထွက်လာခဲ့တော့သည်။ ဆင်ခြေပေါ်တာအများလုပ်သူတွေရဲ့ ကိစ္စလေ။ သူတို့ဆင်ခြေထဲမှာ ကိုယ်ဆက်ပြီး မျောမနေနိုင်ပေ။

"မမကို ကြိုးကြာပြောပြီးသွားပြီ ကိုကိုရဲ့။ ဒီတစ်နေ့လေးတော့ လိုက်ပို့ပေးပါနော် ...နော် ကိုကို။ ကြိုးကြာမွေးနေ့မို့လို့ လိုက်ပို့နိုင်းတာ။ ဒီတစ်ခါတည်းပါဆို"

"ငါ မအားပါဘူးဆို"

"မအားတော ကိုကို ဘာလုပ်ရမှာလဲပြော။ ကြိုးကြာ ဝိုင်းကူပြီးလုပ်ပေးမယ်။ ဥဩကိုပါ ကူခိုင်းမယ်ကိုကိုရာ။ ဥဩ နင် ကူလုပ်မယ်မို့လား"

"အာ ... မလုပ်ပါဘူး။ ပင်ပန်းမယ်ထင်ရင် လေတောင်မချွန်ချင်ဘူး"

"ဥဩ"

ဒီနေ့ ဥဩပါ ပါလာပြီး စူးကို ဂျိုကျနေကြတာလေ။ ဥဩက





ဘာလုံးကန်ဖို့ ခေါ်နေတာဖြစ်ပြီး ကြိုးကြာက ဘုရားလိုက်ပို့ခိုင်းနေတာပါ။

"ငါက ဒီနေ့ ဘုရားသွားပြီး ကုသိုလ်ကောင်းမှုလုပ်မလို့တဲ့ ... သိလား။ ကူမလုပ်လို့ကတော့ နင်သေရင် ပြိတ္တာဖြစ်လိမ့်မယ် သိလား"

"ဖြစ်ပါစေ ... စကားမပြောရတော့ လေကုန်တောင် သက်သာသေးတယ်"

"ဥဩ ... နင်နော်။ ဒီမှာပြောလို့မရရတဲ့အထဲ ပါးစပ်ချွဲအောင် ပြောနေတာတောင် သနားဖော် မရဘူး။ ငိုတောင် ငိုချင်လာပြီ"

ပြောနေရင်း ငိုသံပါလာတော့ ဥဩက ရယ်သလို စူးလည်းမြူးမိပါသည်။ ဒီကောင်မလေး တကယ့်ကလေးဆိုးလေးပဲ။

"ဥဩ"

"ဟင်"

"နင်က ဘာရယ်တာလဲ"

"မမပဲ ငိုချင်တယ်ဆို ... ငိုလေ။ ကျွန်တော်က ရယ်ချင်လို့ကို ရယ်နေတာ"

"မငိုဘူး ... မငိုဘူး။ ဥဩ အစုတ်ပလုတ်"



www.burmeseclassic.com

www.burmeseclassic.com



"အား"

ငိုမဲ့မဲ့မျက်နှာနှင့် ဥညြကိုပဲ အသလွှတ်ကြီးထုနေတော့ ရူး သူ့မလက်တိုခွဲလိုက်စဉ် –

"ဟင်"

"ဟာ"

အရှိန်လွန်ပြီး ကြိုးကြာကိုယ်လေးက စူးရင်ခွင်ထဲသို့ ထွေး ခနဲ ကျသွားလေလျှင် –

"အက် ... အဲ"

ဥညြ ကြောင်ကြည့်နေမိပြီးနောက်မှ သတိရကာ မျက်နှာကို လက်ဝါးနှင့်အုပ်လိုက်မိချိန်တွင် –

"ဟင်"

မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် ဦးမင်းထက်သာ၏ ခြေလှမ်း တွေက ရပ်တန့်သွားလေ၏။ ကြိုးကြာက စူးရင်ခွင်ထဲမှာ၊ ဥညြက ဘေးမှာထိုင်လို့ ဘာဖြစ်နေကြတာလဲ။

"ကိုကို ... ကိုကို ... ကြိုးကြာကို လွှတ်လေ"

"အော် ... အင်း"

စူး ကြိုးကြာကိုယ်လေးကိုလွှတ်ပေးပြီး ပုံမှန်အနေအထား သို့ ပြန်ဖြစ်သွားလေလျှင် ဥညြက ရယ်ကျဲကျဲနှင့်သာ –





"စောစောကပုံကို ဓာတ်ပုံရိုက်ယူထားလိုက်ရ အကောင်း သား။ Facebook မှာတင်ဖို့လေ ဟဲ ဟဲ"

"ဥညြနော်"

ကြိုးကြာ ရှက်ရှက်နှင့် အော်လေတော့သည်။ မျက်နှာလေး က အဝတ်နီတစ်စလိုပါပဲ။ ဒီကောင်မလေး စူးကို စိတ်ဝင်စားနေတာ များလား။ စူး စိတ်ကဘာလဲ။ ဒီကောင်မလေးကို ချိုင်ဖို့ စိတ်ကူးရှိနေ ပြီလား။ တကယ်စိတ်ဝင်စားရင်တော့ ကောင်းတာပေါ့။ ကိုယ့်မိန်းမနဲ့ ကင်းရှင်းရင်ပြီးရောပဲလေ။

အင်း ... ဒီကိစ္စ ကိုယ်ဝင်ပါမှဖြစ်တော့မှာပါ။ စူးကို အိမ်မှာ ထားချင်တော့ဘူးလို့ပြောရင် အပြစ်ရှာရဦးမှာလေ။ ဒီကောင်မလေးနဲ့ ချစ်သူဖြစ်လို့ ညားသွားရင် နှင်စရာမလိုဘဲ ဖအေးသွားတာပေါ့။

"ဘာတွေဖြစ်ကြတာလဲကွ၊ ငါ မြင်တော့ မြင်လိုက်ပါ တယ်"

"ဟင်"

"အစ်ကိုကြီး"

သူ့ကိုမြင်လိုက်တော့ နှစ်ယောက်စလုံး ကြောင်အမ်းအမ်း တွေ ဖြစ်သွားကြကာ နောက်မှ ကြိုးကြာက –

"ဥညြ ... ပြန်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုးကြာ"

"_____"

"အဝတ်လဲပြီး ပြန်လာခဲ့၊ ငါ လိုက်ပို့မယ်"

ကြိုးကြာ ဘာမှပြန်မပြောတော့ဘဲ ပြေးထွက်လာခဲ့မိတော့သည်။ ဦးမြင်သွားပြီတဲ့၊ ရှက်လိုက်တာနော်။

✸



## အခန်း (၁၅)

ရွှေတိဂုံဘုရားကိုရောက်တော့ ကြိုးကြာက ငှက်လွှတ်၊ ဘုရားပန်းကပ်၊ ပုတီးစိပ်လုပ်တာကိုပဲ စူး စိတ်ရှည်လက်ရှည်နှင့် ထိုင်စောင့်ပေးသည်လေ။ မမက မှာလိုက်တာကို။ ကြိုးကြာအပေါ်မှာ စိတ်ရှည်ပါ၊ သည်းခံပါတဲ့။

မမစိတ်က ဘာလဲတော့မသိပါဘူး။ မိုးသွားဖြူဖြူနဲ့ကျတော့ လုံးဝပတ်သက်တာမကြိုက်ဘဲ။

ကြိုးကြာနဲ့ကျတော့ အတူသွား အတူလာစေချင်တာလေ။ မမ ဘာဖြစ်စေချင်လဲဆိုတာ စူး သိသလိုလို မသိသလိုလိုပဲ။

"ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ပြီးရင် ကန်တော်ကြီးကို သွားရအောင်နော်"

"ဟာ . . . မသွားချင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ကန်တော်ကြီးကို အတွဲတွေပဲသွားတာလေ။ နင်နဲ့ငါက အတွဲမှမဟုတ်တာ"

"ဟာ . . . ကိုကိုကလည်း ကန်တော်ကြီးသွားတိုင်း အတွဲဖြစ်ရရောလား။ သူငယ်ချင်းတွေလည်း သွားနေကြတာကို"

"ငါမသွားချင်ဘူး။ နင်လည်း ရည်းစားရမှ နင့်ရည်းစားနဲ့နင်သွား"

"ကိုကိုလည်း ကိုကို့ရည်းစားနဲ့ကျမှ သွားမယ်ပေါ့ ဟုတ်လား"

မေးပုံက စူစူဆောင့်ဆောင့်ပါ။ ဒီကောင်မလေး နှုတ်ခမ်းက ထစ်ခနဲဆို စူနေတာပဲလေ။

"လိုက်မပို့ချင်နေပါ . . . ရတယ်။ အခုချိန်ထိ ကြိုးကြာက မရောက်ဖူးသေးလို့ လိုက်ပို့ခိုင်းတာကို"

"ရောက်ဖူးချင် ရည်းစားထားလေ"

"မထားဘူး"





"ဟွန်း . . . ကြိုက်တာ မတွေ့သေးလို့ပြောတာ။ တွေ့ရင်ထော့လား"

"ဘာဖြစ်လဲ"

"ကန်တော်ကြီးထဲကပြန်မှာတောင် မဟုတ်ဘူး"

"ကိုကိုနော်"

ဟွန်းဆိုပြီး မျက်စောင်းထိုးကာ ခြေကလေးဆောင့်၍ ကြိုးကြာ ရှေ့မှထွက်သွားလေတော့ စူး မီအောင်လိုက်ရသည်သာ။ စိတ်ဆောက်သွားတဲ့လူရဲ့ခြေထောက်က မြန်လိုက်တာ။

"ကြိုးကြာ"

"-----"

"ကြိုးကြာ နေဦးလေ"

"-----"

"ဟော့ . . . နေဦးလို့ ပြောနေတာကို"

လှေကားကိုနင်းဖြတ်လိုက်လာတဲ့ စူး လှေကားထစ်အထစ်ဆူအောင်မှ နင်းမိရဲ့လားမသိပါဘူး။ စိတ်နဲ့ခြေထောက်က တစ်ထပ်တျနေတယ်ထင်ရလောက်အောင် ကြိုးကြာက မြန်နေတော့ စူးမှာလည်း လိုက်ရတာ တလွှားလွှားနှင့်ပါ။

"ဟင် . . . စူးနေခ"



www.burmeseclassic.com

www.burmeseclassic.com



"_____"

"စူးနေခ"

"ဟင်"

မျက်နှာချင်းဆိုင်ကနေခေါ်ပြီး စူးရှေ့မှာ ပိတ်ရပ်ထားတာက မိုးသားဖြူဖြူပါ။

"စူးနေခ ဘုရားလာတာလား"

"ဟုတ်တယ်"

ဟုတ်တယ်ဆိုပြီး ကိုယ့်ရှေ့က မိုးသားဖြူဖြူကို ကြည့်မနေနိုင်ပေ။ လည်ပင်းကိုရှည်ပြီး ကြိုးကြာသွားရာကိုပဲ လိုက်ကြည့်နေတော့ ခပ်လှမ်းလှမ်းမှာရပ်ပြီး ဒီဘက်ပြန်လှည့်ကြည့်နေတာကို တွေ့သဖြင့် တော်ပါသေးရဲ့ဟု သက်ပြင်းချလိုက်မိသည်သာ။

"ဘာတွေလိုက်ကြည့်နေတာလဲ စူးနေခရဲ့။ ဘာလဲ မိုးသားကို စကားမပြောချင်ဘူးလား"

"ဩော် ... အင်း ... အဲ ... မဟုတ်ပါဘူး။ ဟိုကောင်လေးကို မီအောင်လိုက်နေရလို့ပါ"

"ဟင် ... ဘယ်သူလဲ"

မိုးသားက လှည့်ကြည့်ပြီး ကြိုးကြာရပ်စောင့်နေတာကို မြင်လေတော့ –





"ရပ်စောင့်နေတဲ့တစ်ယောက်လား"

"ဟုတ်တယ် ... ဟုတ်တယ်"

ဒါဆို သွားလေလို့များ ပြောမလားလို့ အားတက်သရော ခွဲလိုက်ပေမယ့် မိုးသားက သူ့ရှေ့မှာ ရပ်မြဲရပ်နေဆဲပါ။

"သူက ဘယ်သူလဲ စူးနေခ။ စူးနေခနဲ့ ဘယ်လိုပတ်သက်လဲ"

"အိမ်နီးချင်းတွေပါ။ ဒီနေ့ သူ့မွေးနေ့လေ။ အဲဒါကြောင့် ဘုရားလိုက်ပို့တာ"

"ဩော်"

ရပ်စောင့်နေရတာကို ကြိုးကြာ စိတ်မရှည်တော့ပေ။ ပြီးတော့ သူက ကြိုးကြာကို မသိပေမယ့် ကြိုးကြာက သိနေသည်လေ။ ကိုကိုနဲ့ ရပ်စကားပြောနေတာ မင်းသမီး မိုးသားဖြူဖြူဆိုတာကိုပေါ့။ မေမေက ကြိုးကြာကို အကုန်ပြောပြထားသည်လေ။ ကိုကို့ကို မင်းသမီး မိုးသားဖြူဖြူနဲ့ ပတ်သက်မှာကို မကြိုက်ဘူးတဲ့။

ကြိုးကြာလည်း မကြိုက်ပါဘူး။

ဒါကြောင့် နောက်ကြောင်းပြန်လှည့်လာကာပင် –

"ကိုကို"

"_____"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို သွားမယ်လေ၊ စကားက ခုထိ ပြောလို့မပြီးသေးဘူးလား"

"လာပြီ ... လာပြီ"

"စူးနေခ"

"ဟင်"

စူး မိုးသားကို ရှောင်ကွင်း၍ ထွက်သွားဖို့ကြိုးစားပေမယ့် မအောင်မြင်ပေ။ မိုးသားက သူရှောင်သွားမယ့်ဘက်ကို လိုက်ရွှေ့ရင်း –

"မိုးသားကို သူနဲ့မိတ်ဆက်ပေးဦးလေ။ ပြီးတော့ စူးနေခတို့နဲ့ အေးအေးဆေးဆေး စကားပြောရင်း တစ်ခုခုလိုက်ကျွေးပါရစေ"

"နေပါစေ ... မစားတော့ပါဘူး"

"ကိုကို"

"ခဏလာဦး"

အမိန့်ဆန်ဆန်အသံနှင့် စူးခေါ်လိုက်တော့ ကြိုးကြာက အနားရောက်လာသည်။ စူပုပ်ပုပ်မျက်နှာကတော့ စောစောက ရှုပ်ပုပ်အတိုင်းပါပဲ။

နည်းနည်းပိုဆိုးလာတယ်တောင် ထင်ပါရဲ့။





"သူနာမည်က ရွှေကြိုးကြာတဲ့။ ကျွန်တော်တို့နဲ့ ခြံချင်းကပ်တယ်။ ကြိုးကြာ"

"ကြိုးကြာက သူ့ကို သိပါတယ်၊ သူ့ကိုမှမသိရင် ခေတ်နောက်ကျတဲ့ ခပ်တုံးတုံး မိန်းကလေးပဲဖြစ်မှာပေါ့"

"ဟုတ်သားပဲ စူးနေခရဲ့၊ ကဲပါ စေတနာရှိလို့ ကျွေးချင်တဲ့သူက ကျွေးတာကို လိုက်စားပေးပါနော်။ ပြင်းရင်တော့ စိတ်ဆိုးမှာပဲ"

"မိုးသားက ဘုရားမသွားတော့ဘူးလား"

"ရပါတယ်၊ ပြီးမှပဲ ပြန်လာတော့မယ်"

အတင်းခေါ်နေတော့လည်း အားနာပါးနာနဲ့ လိုက်ရတော့သည်သာ။ ကြိုးကြာနဲ့ စူးအကြည့်ချင်းဆုံတော့ ကြိုးကြာမျက်ဝန်းတွေက မကျေနပ်သည့်ပုံပါ။ မျက်လုံးချင်းပဲစကားပြောနေကြပြီး စူးကိုနားလည်သလိုနှင့် ကြိုးကြာလိုက်လာခဲ့တော့ လူမှုရေးအရ မပြုံးချင်သည်း ပြုံးပြရသည်သာ။

စားသောက်ဆိုင်တစ်ဆိုင်ကို ရောက်ကြတော့ –

စားစရာတွေမှာနေတုန်းမှာပဲ စူးဖုန်းရောင် အသံမြည်လာပြီး စူးပေါ်လာတဲ့ နံပါတ်ကိုကြည့်လိုက်တော့-ဖုန်းဆက်တာ မမပါ။

"ဟယ်လို ... ဟုတ် မမပြောပါ"

"အခု ဘယ်မှာလဲ၊ ဘုရားမှာလား"



၄

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားကနေပြန်လာပြီ မမ၊ အခုက စားသောက်ဆိုင်ထဲမှာပါ"

"ဟုတ်လား ... ကြိုးကြာရောမို့လား"

"ဟုတ်တယ် မမ၊ သူ ဗိုက်ဆာတယ်ဆိုလို့ပါ"

"ကိုကို"

ကိုယ့်ကိုလွှဲချလိုက်တာမို့ ကြိုးကြာမခံနိုင်ဖြစ်သွားရသည်။ ဒါကြောင့် ခါးလေးမတ်ပြီး ခေါ်လိုက်မိစဉ်မှာပဲ ရွှေက သူမပါးစပ်ကို လှမ်းပိတ်သည်လေ။

"မမ ဘာပြောမလို့လဲ ပြောလေ"

"ဘာမှထွေထွေထူးထူးမပြောပါဘူး။ မင်းတို့နှစ်ယောက် အဆင်မပြေမှာစိုးလို့ လှမ်းဆက်ကြည့်တာ၊ ကလေးကို သည်းခံနော် ကြားလား"

"မမကလည်း ဒါကြီးက ကလေးလား။ မနက်ဖြန် သန်ဘက်ပဲ ယောကျ်ားမအိမ်ရောက်တော့မှာကို"

"ကိုကိုနော် ... ဘာတွေလျှောက်ပြောနေတာလဲ။ မမ သူ ညာနေတာ၊ ကြိုးကြာ ဗိုက်ဆာလို့ဆိုတာ"

"ဟေ့"

ရွှေ ကြိုးကြာပါးစပ်ကို လှမ်းပိတ်ပြန်သည်၊ ဒီကောင်မလေး





...တ်အိုး တုတ်နဲ့ထိုးတော့မယ် ထင်ပါရဲ့။

"ရွှေနေခဲ့"

"ရှာ"

"ဘာတွေဖြစ်နေတာလဲ"

"ဘာမှမဖြစ်ဘူး မမ၊ ကြိုးကြာ လျှောက်ပြောနေတာ"

"ဘာလျှောက်ပြောလို့လဲ။ ဟုတ်တာပြောမလို့။ ပေး ဖုန်း"

"ကြိုးကြာ ဘယ်လိုဖြစ်နေတာလဲ"

မိုးသား သူတို့ကြားမှာ ဘာမှဝင်မပြောမပေ။ အဖြစ်သည်း ...လိုက်ကြတာ အမြင်ကတ်စရာပါပဲ။ ကိုယ့်ကိုကျတော့ ဆက်ဆံတာ ...ချိုးပဲလေ။ ကောင်မလေးကလည်း ကိုယ့်လိုမော်ဒယ်လ်မင်းသမီး ...ယောက်ကို ရမစိုက်သလိုပါပဲ။ ကိုယ်က ကိုယ့်ကို ဘယ်သူပဲ ...ဖြစ် အလေးထား ဂရုစိုက်မှကြိုက်တာ။

အခုတော့ ကြည့်ပါဦး။

သူတို့က ကိုယ်အနားမှာရှိနေတာကို ရှိတယ်လို့တောင် ...င်တဲ့ပုံပါပဲ။ မုန်းဖို့ကောင်းလိုက်တာ။

"ရွှေနေခဲ့"

"ရှာ ... မမ"

"မင်းတို့ ဘယ်အချိန်ပြန်လာမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ပြန်လာမလို့ပဲ မမ။ ဒီမှာ ကြိုးကြာ ရိုကျနေလို့။ ကန်တော်ကြီးကိုလိုက်ပို့ခိုင်းနေတာလေ"

"ဪ ... သူ့ပို့ခိုင်းရင် ပို့လိုက်ပေါ့။ တစ်ခါတလေ အပြင်ထွက်ရတာဥစ္စာကို"

"ဟုတ်ကဲ့ပါ မမ"

"ဒါဆို မမ ဖုန်းချလိုက်တော့မယ်နော်"

"ဟုတ်ကဲ့"

လိုက်ပို့လို့က်ဆိုတဲ့ စကားကြောင့် ကြိုးကြာ မျက်နှာလေး ဝင်းပသွားကာ –

"တကယ်လိုက်ပို့မှာလား"

"ပို့ရတော့မှာပေါ့"

"ဟေး ... ဒါမှ တို့ကိုကိုကွ"

ကြိုးကြာက အသံမပြည်အောင် လက်ခုပ်လေးတီးပြီး ရယ်လေတော့ မိုးသား မျက်စောင်းထိုးလိုက်မိသည်။ ဒီလို မျက်စောင်းထိုးတာကို ကြိုးကြာက မမြင်ပေမယ့် ရှုးကမြင်ပြီး မမြင်ချင်ယောင်ဆောင်နေလိုက်ရသည်သာ။

✸



## အခန်း (၁၆)

"မိုးသားဖြူဖြူနဲ့ မင်းကို မပတ်သက်ပါနဲ့လို့ ငါပြောတာ အခါခါနှစ်ခါမကတော့ဘူး ရှုးနေခ။ ပြောနေတဲ့ကြားက ပတ်သက်ဖြစ်အောင် ပတ်သက်တယ်ဆိုတော့ ဘာလဲ မင်းက ငါ့စကားကို မလေးစားတာလား။ ငါ့ကိုပမာမခန့်လုပ်တာလား ပြောစမ်းပါ"

"မဟုတ်ဘူး မမ၊ မမထင်သလို မဟုတ်ဘူး"

ရှုး ပျာပျာသလဲငြင်းလိုက်ခြင်းနှင့်အတူ ကြိုးကြာအပေါ်မှာ စိတ်ချက်သွားမိသည်။ မိုးသားဖြူဖြူနဲ့တွေ့တဲ့ကိစ္စ သူပြန်ပြောလို့ မမ သိတာလေ။ သူသာပြန်မပြောရင် မမသိစရာအကြောင်းမှ မရှိတာ။ သူ့ရှေ့မှာတင် ဟိုက အတင်းခေါ်နေတာ မမြင်ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကဝတ်နေလို့ သူများကျွေးတာကို လိုက်စားတာမှ မဟုတ်တာ။ ပြီးတော့ မိုးသားဖြူဖြူနဲ့လည်း တွေ့ချင်လွန်းလို့ ချိန်းထားတာမှ မဟုတ်ဘဲလေ။ အမှတ်မထင် တွေ့ရာမှ မိုးသားက တစ်ခုခု ကျွေးပါရစေဆိုလို့ အားနာပါးနာနဲ့ လိုက်သွားခဲ့တာလေ။ ကျွေးတဲ့လူက ကျွေးချင်လို့ အတင်းခေါ်နေတာကို ငြင်းလို့ကောင်းမတဲ့လား။ မိုးသားနဲ့ ကိုယ်က ရန်သူတွေမှ မဟုတ်ကြတာ၊ လူမှုရေးဆိုတာက ရှိသေးသည်လေ။

ဒါကို နားမလည်ကြဘူးတဲ့လား။

"မင်း မှန်မှန်ပြောစမ်း စူးနေခ။ မိုးသားဖြူဖြူကို မင်း စိတ်ဝင်စားနေတာလား။ မင်း နွားဖြစ်သွားလိမ့်မယ်နော်"

"မမ"

"_____"

"သူ အတင်းခေါ်လို့လိုက်သွားမိတာ ကျွန်တော့်မှာ အဲဒီလောက် အပြစ်ကြီးသွားသလားဗျာ။ မိုးသားဖြူဖြူနဲ့ ကျွန်တော်က ရန်သူတွေ မဟုတ်ကြဘူးလေ။ ကျွန်တော် ဘာမှ သူ့ကို စိတ်မဝင်စားဘူး။ အခုလည်း မဝင်စားဘူး။ နောက်လည်းဝင်စားမှာမဟုတ်ဘူး"

"အေး . . . ဝင်စားမိပြီဆိုရင်လည်း ကြိုစဉ်းစားထား။ မင်း ငါ့ကို ပစ်ထားခဲ့နိုင်လားဆိုတာ"





အကြည့်ချင်းဆုံသွားကြခိုက် မျက်ဝန်းနှစ်စုံ၏အဓိပ္ပာယ်က ညီနေသည်။ စူးက မမကို မထားခဲ့နိုင်သလို မြယွန်းကလည်း စူးကို ထွက်ခွာသွားခွင့်မပြုနိုင်ဘူးလေ။

"ကျွန်တော် မမနဲ့ဝေးရာကို ထွက်မသွားချင်လို့ မမ ကြိုးဆွဲရာကနေခဲ့တာပါ"

"ဘယ်လို"

မြယွန်းရင်ထဲမှာ နင့်ခနဲခံစားသွားရသည်။ ကိုယ် ကြိုးဆွဲရာကနေခဲ့တာတဲ့လား။ အဲဒီလိုပြောရအောင် မြယွန်းက ကြိုးကိုင်သူမှ မဟုတ်ပဲလေ။ သူ လျှောက်တဲ့လမ်းက မှားယွင်းသွားမှာစိုးလို့ ထိန်းတော်ဆုံးမတာကလွဲပြီး ကျန်တာအားလုံး သူ့သဘော သူ့စိတ်တိုင်းကျနေခွင့်ပေးထားတာပဲလေ။

ဒါကို ကြိုးဆွဲတယ်လို့ သတ်မှတ်လိုက်တာလား။

"ငါ ကြိုးဆွဲရာ မင်းက ကနေတာ ဟုတ်လား စူးနေခ"

"______"

"ငါ မင်းကို ကြိုးမဆွဲခဲ့ဘူး။ မင်းနေချင်သလိုနေ လွတ်လပ်ခွင့်ပေးထားတာပဲ။ မိုးသားဖြူဖြူနဲ့ မပတ်သက်ရင်ပေါ့။ မင်း သူ့အကြောင်းကို ဘယ်လောက်သိလဲ"

"မသိပါဘူး သိဖို့လည်း မလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ မင်းကို ပွင့်ပွင့်လင်းလင်းပဲပြောမယ် စူးနေခ"

ပြောဖို့အချိန်စောသေးပေမယ့် ပြောမှပဲဖြစ်တော့မှာလေ။ ကြ

သိထားတာအကောင်းဆုံးပါပဲ။ ကြိုးခွဲသူလို့ အပြောခံရလက်စနဲ့တော

မထူးပါဘူး။ ခွဲလက်စနဲ့ ဒီတစ်ကြိုးတော့ ထပ်ခွဲရဦးမှာပါ။ ဒီကြိုး

ခွဲထားနိုင်မှ စူးနေခနဲ့ မြယွန်း ဘယ်တော့မှ ဝေးမသွားဘူးလို့ ထင်

ရဲ့။

ဒါ . . . ကိုယ့်ရဲ့အထင်ပေါ့လေ။

ကံအကြောင်းမလှလို့ ဝေးသွားကြမယ်ဆိုရင်တောင် စူးနေ

ဘဝလေး ရေကန်အသင့်မှာ ကြာတင့်နေမယ်ဆိုရင် မြယွန်း စိတ်ချ

သာနေရမှာပါ။

"ဟုတ် . . . ပြောပါ"

"မင်း တစ်နေ့နေ့မှာ အိမ်ထောင်ပြုခဲ့ရင် မင်းရဲ့အိမ်ထောင်

ဘက်ဟာ ရွှေကြိုးကြာပဲ ဖြစ်စေချင်တယ်"

"ဗျာ"

"အဲဒါ ငါ့ရဲ့ဆန္ဒပဲ"

ပြောသင့်တာပြောခဲ့ပြီးပြီမို့ စူးအခန်းထဲကနေ မြယွန်း ထွက်

လာခဲ့စဉ် –

"ဟင်"





စူး အခန်းထဲကနေ မြယွန်းထွက်သွားတာကိုမြင်လိုက်တဲ့

ကျော့ကျော့ ခြေလှမ်းကိုအသာရပ်ပြီး နံရံမှာ ကိုယ်လေးဝင်ကွယ်လိုက်

မိသည်။ ဘာတွေလဲ။ မမက စူးအခန်းထဲကိုဝင်တာ တွေ့ရသလို

ဖူးကလည်း မမအခန်းထဲကို ဦးမရှိတဲ့အချိန်တွေမှာ ခဏခဏ ဝင်နေ

သတ်တာလေ။

တကယ်ဆိုဖြစ်သင့်ရဲ့လား။

အိမ်ရှင်နဲ့ဒရိုင်ဘာ သူစိမ်းပြင်ပြင်ကြီးတွေပဲလေ။ သူ့အခန်း

ထဲဝင် ငါ့အခန်းသူဝင်ဖြစ်နေကြတာ လွန်တာပေါ့။ ကျော့ကျော့ ခြေဖွ

လျှောက်ခဲ့ပြီး ဖုန်းရှိရာသို့လာခဲ့ကာ ဦးဆီသို့ဖုန်းခေါ်လိုက်သည်။

"ဟယ်လို"

"ဦး . . . သမီးကျော့ကျော့ပါ"

"အေး . . . ပြော ကျော့ကျော့။ ဘာကိစ္စရှိလို့လဲ"

"ဟုတ် ဦး။ ကျော့ကျော့ပြောတာကို ဦး သေသေချာချာ

နားထောင်နော်"

"အေးပါ . . . ပြော"

ကျော့ကျော့က သူမ မြင်တာကိုပြောပြလေလျှင် –

"ကျော့ကျော့"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းကျယ်ကျယ်လေး ပြောပါလား။ နင့်အသံက တိုးနေတော့ ငါ သိပ်မကြားရဘူး"

"ဟာ ... ဦးကလည်း ကျယ်ကျယ်ပြောလို့ဖြစ်မလား။ တစ်ယောက်ယောက်ကြားသွားရင် ဘယ်လိုလုပ်မလဲ"

"ဟင်"

"ဘယ်သူမှမသိအောင် ပြောပြနေရတာကို"

"အေးပါ ... ဒါဆို ဖုန်းချလိုက်။ ငါ အခုပြန်လာခဲ့မယ်"

"ဟုတ် ... ဟုတ်ကဲ့ ဦး"

ကျော့ကျော့ ဖုန်းချပြီး ဦးမင်းထက်ပြန်အလာကို အလုပ်လုပ်ရင်း စောင့်နေမိသည်။ ပိပိရိရိနေမှ။ ဒေါ်ဒေါ်ခင်သိရင် ကျော့ကျော့ကို ဆူဦးမှာလေ။ ဒေါ်ဒေါ်ခင်က မမကဘက်ကလူပဲဥစ္စာ။ ကျော့ကျော့ကတော့ မမနဲ့ဦးကို မဖြစ်စေချင်ဘူးလေ။

"ကျော့ကျော့"

"ရှင်"

"အလုပ်လုပ်နေရင်း ဘာလို့အပြင်ကို ခဏခဏ ထွက်သွားတာလဲ။ ဒီမှာ ရေတ်သီးလာထောင်းပေးပါဦး"

"လာပြီ ... လာပြီ၊ ဗိုက်နာနေလို့ပါ ဒေါ်ဒေါ်ခင်ရဲ့"

"ဘာတွေအစားများလို့လဲ"





"ဘာမှထွေထွေထူးထူး မစားမိပါဘူး။ အခန့်မသင့်လို့ ဖြစ်တာနေမှာပါ"

"ကဲပါ ... လာ ရေတ်သီးထောင်း"

"ဟုတ်ကဲ့"

ရေတ်သီးထောင်းဆိုလို့ ရေတ်သီးသာထောင်းနေရတယ် နားက ကားသံကိုပဲ နားစွင့်နေမိတာလေ။ တံခါးဖွင့်ပေးဖို့က ဦးမြကြူ ရှိနေတော့ ဘယ်လိုထွက်သွားရပါ့မလဲ။

"တီ တီ"

"ဟော"

"ဘာဖြစ်တာလဲ"

ပါးစပ်က ဟောခနဲအသံထွက်သွားတော့ ဒေါ်ခင်မာက လှည့်ကြည့်ပြီးမေးလေလျှင် –

"ဘာမှမဖြစ်ပါဘူး"

ကျော့ကျော့ ကိုယ်ရှိန်သတ်၍ နေလိုက်ရတော့၏။ နောက်မှ ဲ လူအလစ်ကိုကြည့်ပြီး သွားပြောပြတော့မည်လေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ကြိုးကြာ ရူးဘေးမှာ ငြိမ်သက်စွာထိုင်နေတာကြာပြီလေ။ ကိုကိုက ဂျာနယ်ဖတ်နေပြီး ကြိုးကြာကို စကားတစ်ခွန်းမှမပြောတော့ ကြိုးကြာလည်း ဘယ်ကနေ စပြောရမှန်းမသိတော့ပါဘူး။ ဒေါ်ခင်ပြောပြတာ မနေ့ကကိစ္စနဲ့ပတ်သက်ပြီး ကိုကို အဆူခံရတယ်တဲ့။

အဲဒါ ကြိုးကြာလျှာရှည်လို့ အဆူခံရတာပေါ့။

မိုးသားဖြူဖြူနဲ့ တွေ့တဲ့ကိစ္စကို ကြိုးကြာက မမကိုပြန်ပြောမိတာကိုးလေ။ ကိုကို ကြိုးကြာကိုစိတ်ဆိုးနေမှာပေါ့။ ဟူး . . . ကြိုးကြာ တောင်းပန်မှဖြစ်မှာပါ။

"ကိုကို"





"_____"

"ကိုကို"

"ဘာလဲ"

ဂျာနယ်ဖတ်မပျက် ကြိုးကြာကိုမကြည့်ဘဲ ထူးလိုက်တာလေ။ ကြိုးကြာ မဝံ့မရဲနှင့်ပဲ –

"ကြိုးကြာက အဲဒီလောက်အထိ ဖြစ်သွားလိမ့်မယ်လို့ မထင်လို့ မမကို ပြန်ပြောလိုက်မိတာပါ။ ကြိုးကြာ တောင်းပန်ပါတယ်နော်။ နောက်ဆို ကြိုးကြာ မပြောတော့ပါဘူး"

"____"

"ကြိုးကြာက မမ မကြိုက်မှန်းမှမသိတာ"

"______"

"တကယ်ပြောတာပါ။ နောက်ကို ကြိုးကြာမပြောတော့ပါဘူး"

ကြိုးကြာအသံက အသနားခံသလို အညံ့ပေါက်နေတာမို့ထင့် ဂျာနယ်ကို မျက်နှာရှေ့က ဖယ်လိုက်ပြီး –

"နောက်ထပ် မပြောတော့ဘူး ဟုတ်လား"

"အင်း . . . ဟုတ်တယ်လေ"

"နင် နောက်ကိုမပြောဖို့အတွက် ငါက မိုးသားဖြူဖြူနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထပ်တွေ့ရဦးမှာလား။ အဲဒိုတွေမပြောနဲ့၊ သူနဲ့ငါက တွေ့ရေး အကြောင်း မရှိတော့ဘူး"

"ပြောလို့ရမလား ကိုကိုရဲ့"

အဲ . . . ကိုယ့်စကားပြောလောသွားတာ လေထွားသလိုဖြစ် နေပြီလား။ နောက်ထပ်တွေ့စရာအကြောင်းက ဘာလို့မရှိရမှာလဲ။ ရှုတင်မှာ တွေ့ရတာပဲလေ။ ဒီဇာတ်ကားပြီးသွားရင်တော့ မပြောတတ် ဘူးပေါ့။ အခု မပြီးသေးသရွေ့တော့ တွေ့နေရဦးမှာပါပဲ။

"ရှုတင်မှာတွေ့နေမှာပဲဥစ္စာ"

"ရှုတင်မှာတွေ့လည်း သူနဲ့ငါပဲတွေ့မှာ နင်မပါဘူး"

"အံမာ . . . ဘာလို့မပါရမှာလဲ။ ကြိုးကြာ အားတဲ့အခါ တွေမှာ မမနဲ့ ရှုတင်လိုက်ဖို့ ပြောထားပြီးသား"

"ဘာ"

"မကျေနပ်ဘူးလား မကျေနပ်ရင် မမကို သွားပြော"

မျက်နှံလေးပင့်ပြီး မခံချင်အောင်ပြောလေတော့ စူး အသည်း ယားသွားလေသည်။ မမက မှာထားသည်လေ စူးအိမ်ထောင်ပြုရင် စူးရဲ့အိမ်ထောင်ဘက်က ရွှေကြိုးကြာပဲဖြစ်ရမယ်တဲ့။ အဲဒီစကား ကြောင့် သင့်မြတ်အောင် အလိုလိုက်အကြိုက်ဆောင်ပေးရမယ့်အစား စချင်စိတ်တွေသာ ဖြစ်ပေါ်လာကာ –





"လိုက်လာခဲ့ ကားပေါ်ကနေ ကန်ချပစ်ခဲ့မယ်"

"ဘာ"

"မကြားဘူးလား"

"ကန်ချရဲ ချကြည့်ပါလား"

"ဘာဖြစ်လဲ"

"ခြေထောက်ကို ရိုက်ချိုးပစ်မှာပေါ့"

"အံမယ်"

စူး ချက်ချင်းပဲ ကြိုးကြာအနားသို့ ရွှေ့ထိုင်မိကာ –

"နင်က ငါ့ခြေထောက်ကို ရိုက်ချိုးမယ် ဟုတ်လား"

"ဒါပေါ့"

"အဲဒါဆို အခု ရိုက်ချိုးလိုက်လေ။ အဲဒါမှ နင် ဒုက္ခိတရဲ့ ယောက်ျား ဖြစ်မှာ"

"ဟင်"

ကြိုးကြာ မျက်လုံးဝိုင်းလေးနှင့် စူးကို ဖျော်ခနဲမော့ကြည့် လိုက်တာ အံ့ဩလွန်းလို့ပါ။ ကိုကို ဘာကို ဘယ်လိုပြောလိုက်တာလဲ။ ကြိုးကြာပဲ နားကြားမှားသွားတာလား။ ဒါမှမဟုတ် အဓိပ္ပာယ်တစ်ခုကို ကြိုးကြာက နားမလည်တာလား။ မသဲကွဲတော့ပေ။

စူးကတော့ . . .

www.burmeseclassic.com



ပြောပြီးမှ ကိုယ်စတာ လွန်သွားပြီဆိုတာ သတိထားလိုက်မိ၏။ တစ်နေ့ဆိုတာကို ကြိုးသိထားပေမယ့် ခုလိုကြီးတော့ မပြောသင့်ဘူးထင်ပါရဲ့။ သူနဲ့ကိုယ်က ချစ်သူအဆင့်တောင် မရောက်သေးပဲနဲ့လေ။

"ကိုကို ကိုကို ဘာပြောလိုက်တာလဲဟင်။ ကြိုးကြာ နားမရှင်းလို့"

"ဆောရီး . . . ဘာမှမဟုတ်ဘူး"

ပြောပြီး ဂျာနယ်ကို ကောက်ကိုင်ပြီး မျက်နှာရှေ့မှာကွယ်လိုက်တော့ ကြိုးကြာက ဖယ်ချကာ –

"ကိုကို"

"------"

"ကိုကိုဆို"

"ဘာလဲ ဟာ"

"ပြောပါဆို"

"ဘာပြောရမှာလဲ"

"စောစောကစကား ပြန်ပြောပါဆို"

"ကျွတ်"

"မပြောဘူးလား ပြောမလား"





"ဟာ . . . ခက်တော့တာပဲ။ မပြောသင့်လို့ မပြောတော့တာကို ဘာလို့ ကတ်သပ်လိုက်မေးနေတာလဲ၊ မပြောဘူး"

စူး စိတ်မရှည်သလို ပြောပြီးထသွားတော့ ကြိုးကြာကလည်း အလိုက်လာသည်။ စူးက ခြံထဲကိုဆင်းမလို့လေ၊ စူး ထွက်လာစဉ်မှာပဲ ကားတစ်စီးက ခြံထဲသို့ ဝင်လာပြီး စူးဘေးနားမှာ ကပ်ရပ်ကာ –

ကားတံခါးကို ဖွင့်ဆင်းလာသူကတော့ –

"စူးနေခ"

"ဟင်"

သူ့အကြောင်းပြောပြီးရုံပဲရှိသေး အခုရောက်လာပြီ။ မတ်သတ်ရပ်နေတာကို ကွက်ကွက်ကွင်းကွင်းကြီးမြင်နေမှတော့ ဘယ်ကိုချေးပုန်းရမလဲ။ ကြိုးကြာပြောတာလေ။ နောက်ထပ် တွေ့စရာအကြောင်းမရှိတော့ဘူးဆိုတာကို ပြောလို့ရမလားတဲ့။ အခုပဲ တွေ့နေပါပြီ။

"စူးနေခက ဝတ္ထုဖတ်ဝါသနာပါတယ်ဆိုလို့ မိုးသားစာအုပ်တွေ အများကြီးယူလာတယ်။ သယ်ပေးပါဦး စူးနေခရဲ့"

နောက်ကလိုက်လာတဲ့ ကြိုးကြာလည်း မိုးသားကိုမြင်တော့ ခြေလှမ်းတွေ ရပ်တန့်သွားခဲ့သည်သာ။

"မိုးသားဖြူဖြူ"



www.burmeseclassic.com

www.burmeseclassic.com



"လာလေ . . . စူးနေခရဲ့"

စူး ကြိုးကြာကို ပြန်ငဲ့ကြည့်လိုက်မိသည်။ ကြိုးကြာကလည်း သူ့ကိုကြည့်နေတာ ဘယ်လိုလဲဆိုသည့်သဘောလေ။ ဘာတတ်နိုင်မှာလဲ။

ရှောင်လို့မှ မလွှတ်တော့တဲ့ဟာကို။ မမရော ကြိုးကြာရော ဒီလောက်တော့ နားလည်ပေးနိုင်မှာပါ။

"စူးနေခ"

"ဟင် မမ"

တော်ပါသေးရဲ့။ နောက်မှာရောက်လာတာက မမလေ။ စူး ရှေ့မတိုးနောက်မဆုတ်နှင့် ရပ်နေဆဲမှာပဲ –

"ဪ . . . မိုးသားပါလား"

"ဟုတ် . . . မမ မိုးသား စာအုပ်တွေလာပို့တာပါ"

"ဟုတ်လား"

"ဟုတ်"

"ဪ . . . စူးနေခ"

"ရှာ"

"ကြိုးကြာနဲ့ အပြင်သွားမလို့ဆို မသွားဘူးလား"

"သွားမလို့ပါပဲ မမ။ ကြိုးကြာသွားမယ်လေ"





စူးက ခေါင်းညိတ်ခါတော့ ကြိုးကြာ ကြောင်အမ်းအမ်း လေးနှင့်ပဲ ပါသွားလေသည်။ အစက ခြံထဲတင်ဆိုပြီး ဆင်းလာခဲ့ပေ မယ့် အခုတော့ ကားပေါ်တက်ပြီး အပြင်ထွက်ဖို့ပဲ ဖြစ်လာခဲ့သည်လေ။ အပြင်ရောက်မှ သွားရမည့်နေရာသည် ဦးတည်ရာမဲ့ပဲပေါ့။

ဒါသည်

ကွေ့နည်းရှောင်နည်းတစ်မျိုးပဲပေါ့။ ကျန်ခဲ့တဲ့ မိုးသားဖြူဖြူ နဲ့ မြယွန်းတို့မှာတော့ –

"မိုးသား အိမ်ထဲဝင်လေ။ စာအုပ်တွေ ဦးမြကြူ လာယူလိမ့် မယ်"

မိုးသား အိမ်ထဲကိုသာ ဝင်လိုက်လာရတယ်၊ စိတ်ကတော့ ကြည်လင်ပေ။ ဒါ ဘာအချိုးချိုးတာလဲ။ သူမ လာမှပဲ ထွက်သွားကြ ရတယ်လို့။ တကယ်ပဲ အစကတည်းက သွားဖို့ထွက်လာတာလား။

ဒါမှမဟုတ်

ကိုယ်လာမှ အပြင်ထွက်ဖို့ ဖြစ်လာတာလား။

"ထိုင် မိုးသား ကျော့ကျော့ရေ"

မြယွန်း မီးဖိုချောင်ဘက်သို့လှည့်ပြီး ကျော့ကျော့ကို ခေါ်လိုက် တော့ –

"လာပြီ မမ"



www.burmeseclassic.com

www.burmeseclassic.com



"လှရှုည်းပဲမလာနဲ့ ငြည့်သည်ရောက်နေတယ် တစ်ခုခုလေ
စီစဉ်ခဲ့ပါဦး"

"ဟုတ်ကဲ့"

ဟုတ်ကဲ့သံအဆုံးမှာ မြယွန်းမျက်နှာက မိုးသားဘက်ဆီ
ပြန်လှည့်လာကာ –

"စာအုပ်တွေ တကူးတကလာပို့တာ အားနာစရာကြီး မိုးသား
ရယ်။ လမ်းကြုံမှ ဝင်ပေးရောပေါ့"

"မိုးသားတို့အိမ်မှာ စာအုပ်တွေက အများကြီးမမရဲ့။ ခုပို့
လာပို့လိုက်တော့ နည်းနည်းရှင်းသွားတာပေါ့"

ဟင် ပြောပုံကလည်း သူ့အိမ်မှာရှင်းသွားပြီး ကိုယ့်အိမ်က
သူ့အိမ်မှာရှိတဲ့ အမှိုက်တွေ လာအပစ်ခံရတဲ့ အမှိုက်ပုံလိုလိုပါလား
ကျေးဇူးတင်ရမယ့်အစား ပက်ခနဲပြန်ပြောချင်စရာကောင်းအောင် ပြော
တာ။ သူလာမပို့တော့ရော ဗူးနေခအတွက် ကိုယ်က စာအုပ်ဝယ်မပေး
နိုင်တဲ့ သူမှမဟုတ်တာ။

"ပြီးတော့ ဗူးနေခက စာဖတ်ဝါသနာပါတယ်ဆိုလို့ အသုံးဝင်
တဲ့သူဆီကို ပို့ပေးရတာ ကုသိုလ်ရတယ်လေ"

"ဩော် မိုးသားကို မမ တစ်ခုပြောထားဦးမယ်"

"ဟုတ် ပြောပါ မမ"





မြယွန်းမကြိုက်တာကိုတော့ မကြိုက်တဲ့အတိုင်း ပြောဖို့ ဆုံး
ဖြတ်လိုက်ကာ –

"ဗူးနေခကို မင်း ဗူးနေခလို့ မခေါ်ပါနဲ့"

"ရှင် ဘာဖြစ်လို့လဲ"

"ဗူးနေခကို ဗူးနေခလို့ အပြည့်အစုံခေါ်တာ မမတစ်ယောက်
တည်းပဲ ရှိတယ်။ မမကလွဲရင် ဘယ်သူခေါ်တာမှ မမ မကြိုက်ဘူး"

မိုးသား တွေခနဲဖြစ်သွားရ၏။ အဲဒါက ဘာသဘောလဲ။
သူနှာမည့် ဗူးနေခမို့လို့ ဗူးနေခခေါ်တာကို မကြိုက်ဘူးတဲ့လား။

"ဒါဆိုလည်း ရတယ်လေ၊ မိုးသား သူ့ကို ဗူးလို့ပဲခေါ်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ဟူး"

ကားကိုရပ်ပြီး စူး ဟူးခနဲ သက်ပြင်းကိုမှုတ်ထုတ်ပစ်လိုက်သည်။ တော်ပါသေးရဲ့ ရှောင်ထွက်လာလို့ရလို့လေ။ မမသာ ရောက်မလာရင် စူးအခက်တွေ့နေဦးမှာ။ စာအုပ်တွေလာပို့တာတဲ့။ ဘာစာအုပ်တွေလဲ။ စူးက ဝတ္ထုဖတ် ဝါသနာပါတယ်ဆိုလို့ ဝတ္ထုစာအုပ်တွေ လာပို့တာတဲ့။

ဒါ အကြောင်းပြချက်ပဲဖြစ်မှာပေါ့။





သူ့ကို ဘယ်သူကပြောလဲ။ စူးက စာဖတ်ဝါသနာပါပေမယ့် ချစ်ဝတ္ထုတွေဖတ်တာမှ မဟုတ်တာ။ မမပဲပြောထားတာလား မသိဘူး။

"ကိုကို"

"-----"

"ကိုကို"

"ပြော"

"အခု ဘယ်သွားမှာလဲ"

"နင် ဘယ်သွားချင်လဲ"

"ဘယ်ကိုသွားရမှာလဲ ဘယ်မှမသွားချင်ဘူး။ ပိုက်ဆံလေး ဘာလေးပါလာရင်တော့ တစ်ခုခုသွားစားလို့ရတာပေါ့။ အခုက မြန်းကြီး ထွက်လာတာဆိုတော့ တစ်ကျပ်မှ မပါခဲ့ဘူး။ ကိုကို့မှာရော ပါလား"

စူး အင်္ကျီအိတ်ရှိရာနေရာ ရင်ဘတ်ကို ထောက်ပြနှင့်စမ်းလိုက်မိတာ –

"မပါဘူးလေ"

"အဲဒါကြောင့် ပြောတာပေါ့"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုပဲ ပြောတာလေ၊ သူနဲ့ နောက်ထပ်တွေ့ရော အကြောင်းမရှိဘူးလို့"

"ငါမတွေ့ချင်တာကိုပြောတာ"

"ထားပါ၊ အခု ဘယ်သွားမလဲ"

"ဘယ်မှမသွားဘူး"

ဟုတ်တယ်လေ၊ ဘယ်သွားနေဦးမှာလဲ။ ကိုယ့်မှာ ပိုက်ဆံတစ်ကျပ်မှမပါဘဲ လျှောက်သွားနေရင် အရေးအကြောင်းဆို ဘယ်ပိုက်ဆံနဲ့ ဖြေရှင်းမလဲ။ ဒါကြောင့် ရှူး လက်ပိုက်ကာ ကုရှင်ကို မှီပြီး မျက်လုံးကို မှိတ်ထားလိုက်သည်။ အိပ်ပျော်သွားတော့လည်း ပျော်ပေါ့။

"ကိုကို"

"——"

"ကိုကို"

"ဘာလဲ"

"အိပ်မလို့လား"

"အင်း"

ရှူး အင်းဆိုတော့ ကြိုးကြာ ဘာမှ ဆက်မပြောတော့ပေ။ သူအိပ်ရင် ကိုယ်လည်းအိပ်ရုံပဲရှိတာပေါ့ဟု ကုရှင်ကိုမှီပြီး ကြိုးကြာ





မျက်လုံးကို မှိတ်ထားလိုက်မိသည်။ သူကတော့ အိပ်ပျော်လား မပျော်လား မသိပါဘူး။ ကြိုးကြာကတော့ မှေးခနဲဖြစ်သွားစဉ် –

"ဟင်"

ကိုယ့်ကို ဖက်လိုက်တဲ့ အေးစက်စက်အထိအတွေ့ကြောင့် ကြိုးကြာ လန့်နိုးပြီး ကြည့်လိုက်တော့ –

"အမယ်လေး"

ကြိုးကြာ လန့်ပြီးဆောင့်တွန်းလိုက်ပေမယ့် မရပေ။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ဗရပွနှင့် အဆီပြန်နေတဲ့ မျက်နှာကြီးက ကြိုးကြာမျက်နှာနှင့် နီးနီးကပ်ကပ်ပါ။ ဆံပင်တွေကလည်း စုတ်ဖွာဖွာနှင့် ပြုံးနေတဲ့ နှုတ်ခမ်းသားက ပြာအက်အက်နှင့်ပါ။

"ရှင် ဘယ်သူလဲ၊ ဘာလုပ်တာလဲ ဖယ်ပါ"

"ဟီး ဟီး"

"ဖယ် ... လွှတ်၊ ကိုကို လုပ်ပါဦး"

"ချစ် ဘာဖြစ်နေတာလဲ ချစ်ရဲ့။ ကိုယ် ချစ်ကို လိုက်ရှာနေတာလေ။ အခုတွေ့ပြီ နောက်တစ်ခါ ထွက်မပြေးပါနဲ့တော့။ ကိုယ့်ကို မထားခဲ့ပါနဲ့ ချစ်ရယ် နော်"

"ဘယ်ကချစ်လဲ၊ ရှင် ဘယ်သူလဲ ဖယ်နော်"

"ချစ် ကိုယ်နဲ့ပြန်လိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အား . . . ကိုကို"

"ဟင်"

ကြိုးကြာရဲ့အော်သံကြောင့် စူး ဖျတ်ခနဲလန့်နိုးသွားစဉ် -

"ကိုကို ကယ်ပါ"

"ကြိုးကြာ"

ကြိုးကြာကို လူစ်ယောက်က ကားပေါ်မှ အတင်းဆွဲချနေသဖြင့် စူး ကားတံခါးကိုဖွင့်ပြီး အတင်းဆင်းလိုက်ကာ -

"ဟေ့လူ ခင်ဗျား ဘာလုပ်တာလဲ"

"------"

"လွှတ် သူ့ကိုလွှတ်"

စူး ကြိုးကြာကိုဆွဲပေမယ့် မရပေ။ သူဆွဲ ကိုယ်ဆွဲ ဖြစ်နေကြပြီး တစ်ဖက်လူက ကြိုးကြာ သူ့လက်ကလွတ်ထွက်သွားတာနှင့် ကိုယ့်ကို စားတော့ ဝါးတော့မတတ် စူးစူးရဲရဲကြည့်ကာ -

"ငါ့မိန်းမကို နိုးတဲ့ကောင်၊ မင်းကို ငါ အသေသတ်ပစ်မယ်"

"ဟာ"

"မင်းကို ငါသတ်မယ်"

"ဟေ့လူ"





တစ်ဖက်လူက အတင်းဝင်ထိုးလေသဖြင့် စူး ရှောင်တိမ်းကာ

"ခွပ်"

"အ"

"ခွပ်"

"------"

"ကိုကို သတိထားနော်"

"ဘုတ်"

"အင့်"

"ဗိုမှာ ဗိုမှာတွေ့ပြီ။ မလုပ်နဲ့ မလုပ်ပါနဲ့"

အော်ဟစ်ပြီးပြေးလွှားလာတာ ယောကျ်ားနှစ်ယောက်နှင့် မိန်းမတစ်ယောက်ပါ။

"သီဟ"

သီဟဆိုပြီး သူတို့လူကို သူတို့ ဆွဲလွဲခေါ်ကြလေသည်။

"သီဟ သတိထားလေကွာ၊ သူက ချစ်ချစ်မဟုတ်ဘူး"

"ဘာလို့မဟုတ်ရမှာလဲ။ ချစ် ချစ် ကိုယ်နဲ့ပြန်လိုက်ခဲ့၊ ပြန်လိုက်ခဲ့ပါ ချစ်ရယ်"

ကြိုးကြာမှာ ကြောက်လွန်းလို့ သူ့နောက်မှာကွယ်ပြီး သူ့အကျႌ ဖက်ထားလျက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"သူက ချစ်ချစ်မဟုတ်ဘူး သီဟ၊ မင်း သတိထားစမ်းပါ"

"ကိုလတ် သူ့ကိုခေါ်သွား"

"သီဟ ညီလေး၊ သူက ချစ်ချစ်မဟုတ်ဘူးကွ။ မင်းရဲ့ချစ်ချစ်က အိမ်မှာပြန်ရောက်နေပြီ"

"ဟင်"

သီဟဆိုတဲ့လူ တွေခနဲဖြစ်သွားကာ –

"ခင်ဗျားတို့ တကယ်ပြောတာလား"

"တကယ်ပေါ့၊ ချစ်ချစ်က အိမ်မှာမင်းကိုစောင့်နေတယ်။ တော်ကြာ မင်းပြန်မလာရင် ထွက်ပြေးနေဦးမယ်။ မင်းပြန်လိုက်ခဲ့နော်"

"အင်း လိုက်မယ် လိုက်မယ်"

သီဟကိုခေါ်သွားကြပြီး ရပ်ကျန်ခဲ့တဲ့ အမျိုးသမီးကြီးမှာ မျက်ရည်ဝေ့ဝေ့နှင့်ပါ။ ရှူးမျိုကြီးကြာကို တစ်လှည့်စီကြည့်ရင်းမှ–

"အန်တီ တောင်းပန်ပါတယ် သားရယ်။ အန်တီ့သားလေးက စိတ်ဝေဒနာရှင်လေးပါကွယ်။ စောစောကနစ်ယောက်က သူ့ကို အမြဲစောင့်ကြည့်နေရတာပေါ့။ အခုလည်း အလစ်ထွက်သွားတာ တော်ပါသေးရဲ့ ဒီနေရာမှာတင်တွေ့လို့"

"သူက ငယ်ငယ်ကတည်းကလား အန်တီ၊ ဘာဖြစ်တာလဲ"





"ငယ်ငယ်ကတည်းက မဟုတ်ပါဘူးကွယ်။ သူ ဒီလိုဖြစ်တာ နှစ်နှစ်ကျော်လောက်ပဲရှိပါသေးတယ်"

"ဪ"

ပြောပြီး အန်တီကြီးက သူ့သားထွက်သွားရာဆီသို့ ခပ်ငေးငေးလေး လိုက်ကြည့်နေသည်။ ဪ မိဘဆိုတော့လည်း သူ့သား အတွက် တော်တော်လေး ခံစားနေရမှာပေါ့။

"သားက သူ့မိန်းမကို သိပ်ချစ်တာလေ။ ချစ်လွန်းတော့ ချစ်ချယ်တာပေါ့ကွယ်။ သူ့ အချစ်ကြီးတဲ့ဒဏ်ကို ကြာတော့ တစ်ဖက်သူက မခံနိုင်ဘူးပေါ့။ ဒါနဲ့ပဲ ချစ်ချစ်က အိမ်ကနေထွက်သွားတာ။ သားနဲ့ရန်ဖြစ်သွားတာလေ။ အဲဒီနေ့မှာပဲ ချစ်ချစ်မှာ ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားရှာတာ"

"ဪ"

"အချစ်ကြီးတဲ့သားကတော့ သူ့မိန်းမစိတ်နဲ့ ခုလိုဖြစ်သွားတော့တာပါပဲကွယ်"

သီဟအကြောင်းကိုကြားလိုက်ရတော့ ရှူး တကယ်ပဲ စိတ်ထောင်းဖြစ်သွားရသည်။ အချစ်ကြောင့် ရူးသွပ်သွားကြတယ်ဆိုတာ ဝတ္ထုအဖြစ်နဲ့သာ ဆူး ကြားဖူးခဲ့တာ။ အခုလို လက်တွေ့မြင်လိုက်ရတော့ အချစ်က ဘယ်လောက်တန်ခိုးကြီးမှန်းသိပါပြီ။ သိတော့ သိခဲ့



www.burmeseclassic.com

ပါတယ်လေ။ ကိုယ်တွေ့ကြုံရတာတော့ မဟုတ်ဘူးပေါ့။ မေမေ အချစ်ကြောင့်ပဲ စိတ်ထောင်းလို့ ကိုယ်ကြေဘဝနဲ့ အသက်ပါဆုံးသွားခဲ့တာပါ။

"ကြားရတာ စိတ်မကောင်းပါဘူး အန်တီ၊ တကယ်ပါ"

"ကံတရားသတ်မှတ်တဲ့အတိုင်းပေါ့ သားရယ်။ ဘာတတ်နိုင်မှာတဲ့လဲ"

သားလို့အခေါ်ခံလိုက်ရတာကြောင့် ဖူးရင်ထဲမှာ စိတ်မကောင်း ပိုဖြစ်မိ၏။ အဲဒီလိုခေါ်တာ ကိုယ့်နားထဲမှာ နားဝင်အချိုဆုံးပါပဲ။ ဩော်. လူတဝကိုရတဲ့လူတိုင်း ပြည့်စုံမှုဆိုတာကို မရနိုင်ကြဘူးဆိုတာကို နားလည်ထားပေမယ့်လေ။

"ကဲ သား"

"-----"

"အန်တီ့ကိုခွင့်ပြုပါဦးနော်"

"ဟုတ်ကဲ့ခင်ဗျ"

သီဟ အမေထွက်သွားပြီးနောက်မှာတော့ ဖူး ကြိုးကြာဘက်သို့ လှည့်လိုက်စဉ် –

"ကိုကို အဟင့် ဟင့်"

ကြိုးကြာက သူ့ရင်ခွင်ထဲသို့ တိုးဝင်ပြီး သူ့ခါးကိုဖက်ကာ





ငိုပါလေတော့သည်။ ဖူး ကြိုးကြာလက်တွေကို ဖယ်မချရက်ပါဘူးလေ။ သူ့ခမျာ ကြောက်နေရှာမှာပေါ့။ အတန်ကြာမှ ကြိုးကြာ သူ့မျက်နှာကို မော့ကြည့်ကာ –

"ကြိုးကြာ ကြောက်လိုက်တာ ကိုကိုရယ်"

သူ ကြိုးကြာခေါင်းလေးကို ပွတ်ပေးမိကာ –

"ဘာကြောက်စရာရှိလို့လဲ ကြိုးကြာရဲ့ယ်။ ကိုကိုရှိနေတာပဲ ဥစ္စာ"

ဒီတစ်ခါ ဖူးရင်ထဲမှာ နွေးထွေးနေပြီး ကြိုးကြာအပေါ် ယုယမိတာ ဘယ်သူ့အမိန့်အာဏာကြောင့်မှ မဟုတ်ပေ။ ကိုယ်တိုင် ရင်ထဲမှာ ဖြစ်ပေါ်လာတဲ့ ဆန္ဒအတိုင်းမို့ ယခု ဖြစ်တည်သွားတဲ့ နွေးထွေးနူးညံ့မှုတို့ကို –

အချစ်လို့ခေါ်ပါသလား။

www.burmeseclassic.com

## အခန်း (၁၉)

မြယွန်းမှိုလာပြီဆိုတာနှင့် မိုးသားမျက်လုံးက အငြိမ်မနေ စူးကို ရှာနေတာလေ။ အဟွန်း စိတ်ဝင်စားလွန်းလို့ မမြင်ရ မနေနိုင် ဖြစ်နေတာတော့ မဟုတ်ပါဘူး။ မိုးသားအတွက် စူးနေခဆိုတာ စာမျှ လောက်တဲ့ ယောက်ျားပဲလေ။ ရှပ်ချောတာကလွဲရင် ဘာများမက်မော စရာရှိလို့လဲ။ အခုက –

အဖြစ်သည်းနေတဲ့ မြယွန်းမှိုကို အမြင်ကတ်လို့လေ။ ခပ်ရိုး ရိုးပြောရရင် အဲဒီမိန်းမက ကောက်ရိုးပုံစောင့်တဲ့ခွေးလိုပဲပေါ့။ သူ့ အတွက်လည်း မဟုတ်သူများကိုလည်း မပေးနိုင်တာလေ။

ဟွန်း တွေ့ကြသေးတာပေါ့။





"ကြိုးကြာ"

"ရှင် မမ"

"ကားပေါ်ကဆင်းလေ"

"မဆင်းတော့ဘူး မမ၊ ကားပေါ်ကနေပဲကြည့်နေတော့ မယ်"

"ကြည့်ချင်လို့ လိုက်လာပြီးမှ မမနဲ့လိုက်သွားလေ"

"ကိုကိုကလည်း ကြိုးကြာ မမနဲ့လိုက်သွားရင် ဒါရိုက်တာက ကြိုးကြာကိုမြင်ပြီး မင်းသမီးတင်ရိုက်ချင်ပါတယ်ဆိုရင် ဘယ်လိုလုပ် မလဲ။ ကြိုးကြာက ကြည့်တာပဲဝါသနာပါတာ၊ ကိုယ်တိုင်က သရုပ် ဆောင်တတ်ဘူး"

ကြိုးကြာအပြောကြောင့် မြယွန်းနဲ့ စူးရယ်လိုက်မိကြသည်။ ဒီကောင်မလေးကြောင့် ဘာရယ်လို့မဟုတ်ဘဲ စူးရင်ထဲမှာ တစ်မျိုး တော့ တစ်မျိုးဖြစ်နေခဲ့ပြီလေ။

"ကဲပါ မလိုက်ချင်ရင်လည်း နေခဲ့လေ။ စူးနေခ ကြိုးကြာ ကိုထားခဲ့ပြီး လျှောက်သွားမနေနဲ့နော်"

"ဟုတ်ကဲ့ပါ မမ"

ကားပေါ်ကနေ မြယွန်းသာဆင်းလာပြီး စူးက ဆင်းမလာ။ ဒါကြောင့် မိုးသားကားဆီသို့သာ လျှောက်သွားလိုက်သည်တွင်–



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

"ဟင်"

"မမိုးသားဖြူဖြူ ဒီကိုလာနေတာထင်တယ်"

"အဲဒါ ငါက ဘာလုပ်ရမှာလဲ"

"မသိဘူးလေ၊ ကြိုးကြာ ပုန်းနေပေးရမလားလို့ပါ"

"ဘာဆိုင်လို့လဲ မလိုဘူး"

"ပြီးတာပဲ"

မိုးသားက ကြိုးကြာထင်တဲ့အတိုင်းပဲ လျှောက်လာတာ သူတို့ကားဆီသို့ တန်းတန်းမတ်မတ်ပါ။ အနားမှာ ကြိုးကြာရှိနေတာ သူ ရှောင်နေစရာမလိုဘူးလေ။ ဒီလောက်ဆို သဘောပေါက်ရမှာပေါ့

"စူး ဟင်"

မိုးသားက စူးဆီကိုလာတာ ကြိုးကြာကိုပါ မြင်လိုက်ရတာ အံ့ဩသွားဟန်ရှိကာ –

"သြော် ကြိုးကြာပါ၊ ပါလာတာကိုး"

"ဟုတ်"

ကြိုးကြာ ကောင်းကောင်းမွန်မွန်ပဲ ပြန်ဖြေလိုက်သည်။ ကြည့် မရတာက ကြည့်မရတာပဲလေ။ လူမှုရေးတော့ နားလည်ရမှာပေါ့ မိုးသားကတော့ မဲ့ခနဲဖြစ်ကာ –





"မမြပယွန်းက စူးကို စိတ်မချလို့ အစောင့်အရှောက်နဲ့ ထား တာထင်တယ်၊ ဟုတ်လား"

"ဟင်"

မိုးသားစကားက ဘာလဲ စူးနဲ့ကြိုးကြာ အကြည့်ချင်းဆုံသွား ကြလေသည်။ ဒီစကားက မြပယွန်း၊ စူး၊ ကြိုးကြာ သုံးယောက်စလုံး ကို ထိနိုက်စေသောစကားပါ။

"ဒါပေါ့လေ ... စကားပုံကိုက နွားအိုမြက်နုကြိုက်ဆိုတာ ရှိနေတာကိုး။ ပိုက်ဆံရှိတဲ့ သူတွေက မြက်နုကို ရေလောင်းပြီး မွေး ထားတာ မဆန်းပါဘူး"

"မိုးသားဖြူဖြူ"

"အဟွန်း"

"မင်း စကားတွေက မမနဲ့ငါ့သိက္ခာကို စော်ကားလွန်းတယ် နော်။ မင်းစကားရဲ့ အဓိပ္ပာယ်က ဘယ်အထိ သက်ရောက်သွားလဲ ဆိုတာသိရဲ့လား"

"နားလည်တဲ့အတိုင်းပဲ သက်ရောက်သွားမှာပေါ့"

"မင်း"

စူး ဒေါသဖြစ်သွားပြီး ကားတံခါးကို တွန်းဖွင့်ဆင်းလိုက် တော့ ကြိုးကြာလည်း ဆင်းလိုက်လေသည်။ အစက ဒီလောက်အထိ



www.burmeseclassic.com

www.burmeseclassic.com



ရှူး ထင်မထားခဲ့ပါဘူး။ ဒါကြောင့် အားနာစိတ်နဲ့ ရှူး ကောင်းကော
မွန်မွန် ဆက်ဆံခဲ့တာ။ မမပြောပြလို့ သူ့အကြောင်းတွေကို သိပေမယ့်
ကိုယ်နဲ့မဆိုင်ဘူးဆိုပြီး အလိုက်အထိုက်နေခဲ့တာ။

ခုတော့ –

သူ့စကားတွေက တစ်ဖက်သားသိက္ခာကို စော်ကားလာတာ

"လူတိုင်းကို မင်းရဲ့စိတ်နဲ့ မနှိုင်းနဲ့ မိုးသားဖြူဖြူ"

"ဒါဆို ရှူးတို့က ဖြူစင်တယ်ပေါ့"

"ဟုတ်တယ်၊ မမနဲ့ငါက မောင်နှမလို သားအမိလိုချစ်ခြ
တာ။ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို မင်း ဘာမှ ပြောစရာမလိုဘူး"

မိုးသားက ခေါင်းကိုမော့၍ ရယ်လိုက်ကာ –

"တကယ်ရယ်ရတယ် သိလား။ ဟာသစကားတွေ ပြောခ
တောင် ဒီလောက်ရယ်ရမှာမဟုတ်ဘူး"

"နေစမ်းပါဦး။ မင်းနဲ့ ဘာဆိုင်လို့ မင်းက စပ်စုနေတာလဲ"

ရှူးမျက်နှာကို စေ့စေ့ကြည့်ပြီး မိုးသားက ရှေ့တစ်လှမ်းတိုး
လိုက်တော့ ရှူးနဲ့ ရင်ဘတ်ချင်းက ထိလုမတတ်ပါ။ ရှူးကပဲ စိတ်မလုံ
စွာ နောက်သို့ တစ်လှမ်းဆုတ်လိုက်သည်လေ။ ကြိုးကြာကလေး
မတ်တပ်လေးရပ်လို့ ကြောင်ကြည့်နေသည်သာ။ မိုးသား ရှူး ရင်ဘတ်
ကို ဖွဖွလှမ်းထုပြီး –





"မိုးသားက ရှူးကို စိတ်ဝင်စားလို့ပေါ့။ ပြီးတော့ ဒီကိစ္စ
သားနဲ့ မဆိုင်ရင်တောင် ဦးမင်းထက်သာနဲ့တော့ ဆိုင်မှာပါ"

"ဘာ"

"မိုးသားတယ်ဆိုရင် ရှူး သက်သေပြနိုင်ရမယ်လေ"

ဘယ်လိုသက်သေပြရမှာလဲ။ ကိုယ့်ဘာသာကိုယ် အေးအေး
ဆေးနေချင်တာတောင် နေလို့မရ၊ ဘာတွေ ဖယားလာရှုပ်မှန်းကို
သိတော့ပါဘူး။ ကိုယ့်ကိုစိတ်ဝင်စားလို့တဲ့။ ကိုယ့်မှာ ဘာချူစရာ
ရာမှမရှိတာကို သိသိနဲ့ ခုလိုပြောတာ –

ဟူး

သူဘက်က တကယ်ဆိုလည်း ကိုယ်ကတော့ ရှောင်လေ
ဝေးပဲ လုပ်ရမှာ။ မမကမကြိုက်သလို ကိုယ်ကိုယ်တိုင်ကလည်း
ဝ်မှုဝင်စားလို့ မရတာလေ။

"ငါ ဘယ်လို သက်သေပြရမလဲ"

မိုးသားမျက်နှာကို စောင်းငဲ့ပေးပြီး သူ့ပါးတစ်ဖက်ကို လက်
ထိုးပြလေလျှင် –

"မင်း အရှက်မရှိဘူးလား မိုးသားဖြူဖြူ။ ငါက ယောကျ်ား
နော်၊ ဘာမှ နစ်နာစရာမရှိဘူး။ သူများတွေမြင်သွားရင်"

"ရပါတယ်၊ ရှူးသာနမ်းရဲရင် နမ်းလိုက်။ အဲဒါမှ ယော်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



ကျင်က ရှူးနဲ့ မမြပယွန်းကို အမြင်ရှင်းကြမှာလေ"

တကယ်တော့ မိုးသားက မြပယွန်းစိတ်ကို ကလိတာလေ။ အခုလောက်ဆို လှမ်းကြည့်နေရောပေါ့။ ရှူးသာ မိုးသားကို နှမ်းလိုက်ရင် သူ ဘယ်လိုခံစားရမလဲ။ ဘယ်လိုပေါက်ကွဲမလဲဆိုတာ သိချင်စမ်းပါဘိ။ ရှူးနဲ့ပတ်သက်လာရင် ကြီးကျယ်တတ်တဲ့မိန်းမ။ ခင်တို့စိတ်တွေ ဘာလဲဆိုတာ အများသိအောင်ကိုပြချင်တာ။

"မင်းက တော်တော် အနမ်းခံချင်နေတယ်ပေါ့ ဟုတ်လား"

မိုးသားက ဆတ်ခနဲခေါင်းညိတ်လေတော့ ရှူးလည်း ဒီလောက်တောင် ရှိလှတာဆိုပြီး –

"ကဲ"

"ရှူးနေဦး"

ရှူး ဖျတ်ခနဲ ငုံ့အနမ်းမှာ မမရဲ့ခေါ်သံကို အနီးကပ်ကြားလိုက်သည်တွင် –

"မမ"

"ငါ့ အတန်တန်မှာထားတဲ့ကြားက ဖွတ်ထိုးမိုက်ချင်တဲ့ကောင် ကဲ"

"ဖြန်း"

"ဟင်"





ရှူး ပါးတစ်ဖက် ပူသွားလေတော့သည်။ တစ်ဖက်ကို အမြင်ကတ်လို့လုပ်လိုက်တဲ့ အပြုအမူအတွက် တစ်ဖက်က အလျော်ပြန်ယူသွားတာက ပါးတစ်ဖက်ပါ။ ရိုက်ပါစေ၊ မမရိုက်လိုက်တဲ့ လက်ဝါးထဲမှာ စေတနာတွေပါနေတာပဲလေ။ သူတားခဲ့တာကို ကိုယ်ကလည်း မသိလို့ မဟုတ်ပါဘူး။

သူ့ မိန်းကလေးက အရှက်မရှိ ပညာပြလိုက်တာပါ။ ဒါကပဲ ကိုယ်ပါ အရှက်ရဖို့ ဖြစ်လာပြီမှန်း ခုတော့ စဉ်းစားမိလိုက်ပါပြီ။

"အဟွန်း . . . ဒီလိုဖြစ်မယ်မှန်း မိုးသားသိတာပေါ့"

"ဘာ"

"အဲဒါ ဒေါ်မြပယွန်းမှိုရဲ့ အတွင်းစိတ်က ဘာလဲဆိုတာ သိသွားတာပေါ့။ ဒီလိုသိချင်တာကလည်း ရှူးနဲ့ပတ်သက်လာရင် သူ ကြီးကျယ်လွန်းလို့ အမြင်ကတ်လို့ကိုလုပ်လိုက်တာ။ အခု သိသွားပြီဆိုတော့"

"မင်း"

"နောက်တစ်ဆင့်က ဦးမင်းထက်သာကို သံတော်ဦးတင်ဖို့ပဲ"

"ဟင် . . . နင် ယုတ်မာလှချေလား မိုးသားဖြူဖြူ။ နင်ခုလိုလုပ်တော့ နင့်အတွက် ဘာအကျိုးရှိမှာမို့လို့လဲ ပြောစမ်း"

www.burmeseclassic.com



"အကျိုးအမြတ်မလိုပါဘူး။ ဒရိုင်ဘာကို မိုးကျရွှေကိုယ် ထင်ပြီး အဖြစ်သည်းနေတဲ့ ရှင့်ကိုကြည့်မရလို့ ရှင်းလား"

"ဘာ နှင်"

"မမ"

"မမ"

ပြောပြီး လှည့်ထွက်သွားတဲ့ မိုးသားဖြူဖြူကို လက်ညှိုးထိုး ရင်း မြယွန်း ယိုင်ခနဲဖြစ်သွားတော့ စူးနဲ့ကြီးကြာက ထိန်းလိုက်လေ သည်။

"မမ မမ သတိထားလေ"

မြယွန်း စိတ်ကိုတင်းပြီး ကိုယ့်ကိုယ်ကိုယ် ပြန်ထိန်းလိုက် ကာ ...

"ရတယ် ... ရတယ်၊ ငါ ဘာမှမဖြစ်ဘူး။ နင် ငါ့အသာကို မထိနဲ့ ဖယ်"

ပြောရင်း စူးလက်တွေကို ဖယ်ချလေသည်။ ထိုစဉ်မှာပဲ ဘေးကလူတွေရောက်လာပြီး –

"ဘာဖြစ်တာလဲ၊ ဘာဖြစ်ကြတာလဲ"

"ဘာမှမဖြစ်ပါဘူး"

"မြယွန်း"





ဒါရိုက်တာပါ ရောက်လာပြီး မေးလေတော့လည်း အကျိုး အကြောင်း ဘယ်သူကမှ ဂယနဂဏ မဖြေပေ။ ဒီကိစ္စက သူများသိလို့ အဆင်ပြေမယ့်ကိစ္စမှ မဟုတ်ပဲလေ။

"ကိုသန့်စင်"

"ပြောလေ မြယွန်း"

"ကျွန်မ ဒီကားကို ဆက်မရိုက်ပါရစေနဲ့တော့"

"ဟင်"

"ဟာ ... အဲဒီလိုလုပ်လို့မရဘူးလေ မြယွန်းရဲ့။ မြယွန်း ဒီနေ့ နားချင်နားလိုက်ပါ။ ဆက်မရိုက်ဘူးဆိုတာတော့ မလုပ်ပါနဲ့ မြယွန်းရယ် ... နော်"

မြယွန်း ခေါင်းညိတ်လိုက်မိ၏။ မိုးသားဖြူဖြူနဲ့ ဆက်မရိုက် ချင်တော့ပေမယ့် ငွေညှာစရာ ထောက်ထားစရာမျက်နှာတွေက ရှိနေ သေးသည်လေ။ ရုပ်ရှင်ကားကြီးတစ်ကား ဖြစ်ဖို့ဆိုတာ လွယ်တာမှ မဟုတ်ဘဲ။

✸



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"စူးနေခက မိန်းကလေးတစ်ယောက်ပါးကို နမ်း၊ မင်းက ဘာမှ ကမ္ဘာပျိုသလို ကြောက်နေစရာမလိုဘူး မြယွန်း။ ပြီးတော့ ပါးရိုက်ဆုံးမရလောက်အောင် သူမှာ အပြစ်မရှိဘူး။ လူပျိုနဲ့အပျိုဒါ သဘာဝပဲလေ"

"သဘာဝကို လွှန်ဆန်ပြီး မြယွန်းက သဝန်တိုပြနေတာ မဟုတ်ဘူးကို။ အခုဟာက လူမြင်ကွင်းမှာ"

"လူမြင်ကွင်းမှာမကလို့ လူပုံအလယ်မှာပဲဖြစ်ဖြစ် အဲဒါ သူတို့ သမိုင်း သူတို့ရေးကြတာပဲ။ မင်း ဘာမှ စွက်ဖက်စရာမလိုဘူး။ အရှင်းဆုံးပြောရရင် စူးက မင်းရဲ့သား၊ မင်းရဲ့မောင် မဟုတ်ဘူးကွ။ မင်းမှာ





ကိုယ်ထိလက်ရောက် ပါးရိုက်ပြီး ဆုံးမပိုင်ခွင့်မရှိဘူး"

"ကို"

မြယွန်းရင်ထဲမှာ နင့်ခနဲဖြစ်သွားရသည်။ သွေးသားမတော်စပ်လို့ သူမမှာ ဆုံးမပိုင်ခွင့် မရှိဘူးတဲ့လား။ ရှိတာပေါ့။ သူမမှာ ဆုံးမပိုင်ခွင့်ရှိလို့ ဆုံးမခဲ့တာ။ စူးဘဝလေး လှပတင့်တယ်နေတာကိုပဲ မြယွန်းက မြင်ချင်တာလေ။ ဒါကြောင့် အမျိုးမှန်ပြီး အဖိုးတန်တဲ့ ကြိုးကြာကိုပဲ လက်ထပ်ရမယ်။ ကြိုးကြာနဲ့ပဲ သဘောတူတယ်လို့ ပြောထားပြီးသားပါ။

မိုးသားဖြူဖြူဆိုတာက –

အပေါ်ယံ ရှေ့မှန်ကြီးပြီး အတွင်းမှာ မစင်လူးထားတဲ့ မိန်းကလေးလေး။ ဒီလိုမိန်းကလေးမျိုးနဲ့ စူးနေခကို သဘောမတူနိုင်ပါဘူး။ ဘာကြောင့် စူးနေခအပေါ် အဲဒီလောက် စေတနာမေတ္တာတွေ ထားနေသလဲဆိုရင် –

"စူးနေခက ကိုရဲ့သားဆိုရင် သူ့ကို မိုးသားလို မိန်းကလေးမျိုးနဲ့ သဘောတူမှာလား"

"ဘာ"

မြယွန်း ဘယ်လိုပုံစံနဲ့ ဒီလိုမေးလိုက်တာလဲ။ ကိုယ်ရှေ့မှာ သားသမီးမရှိတာတော့ မှန်ပါတယ်။ ဒါပေမဲ့ သူများသားသမီးကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်သားသမီးလို သဘောထားပြီးတော့ အဲဒီလောက်အထိတော့ လိုက်ပြီး ဂရုမစိုက်နိုင်ပေ။ မြယွန်းဆိုလိုချင်တာက စူးကို သူ့သားတစ်ယောက်လို ချစ်နေတာလား။

သားတစ်ယောက်လိုချစ်ရင်လည်း –

ကိုယ့်သားအရင်းမဟုတ်တဲ့အတွက် ဒီလိုတွေလုပ်ရင် ပတ်ဝန်းကျင်က သို့လော သို့လောတွေ ထင်ကြမယ်ဆိုတာ သူ မသိဘူးလား။

"စူးနေခက မိဘမဲ့လေးပါ"

"ဟ … မိဘမဲ့တိုင်းကို ကိုယ့်သားသမီးလို သဘောထားပြီး လိုက်ကရုဏာထားနေရမှာလား။ သနားတယ်ဆိုတာကထားတော့ အခု မင်းလုပ်ပုံက လိုသည်ထက်ပိုနေတာလေ"

"အဲဒါ ကို့မှာ ဖခင်စိတ်မရှိလို့ ဒီစကားမျိုးပြောတာ"

"မြယွန်း"

"–––––"

"မင်းကိုငါ ဘယ်လိုမှ နားမလည်နိုင်တော့ဘူး သိလား"

နားမလည်တာကို နားလည်အောင်ရှင်းပြဖို့ မြယွန်းမှာ အခွင့်အရေးမရှိပါဘူး။

ဒီတော့ သူပြောသမျှ ငြိမ်ခံနေရမယ့်အဖြစ်ပါ။





"မင်းနဲ့စူးရဲ့ဆက်ဆံရေးက ဒီအတိုင်းပဲ ဆက်သွားနေမယ်ဆိုရင်တော့"

"ဘာဖြစ်လဲ"

"နောက်မှ ငါ့အဆိုးမဆိုနဲ့"

"နေစမ်းပါဦး … ဒီသတင်းက ကိုယ့်နားကို ပေါက်တာမြန်လှချေလား။ ဘယ်သူပြောတာလဲ"

"ဘယ်သူရှိရဦးမှာလဲ၊ မိုးသားဖြူဖြူပဲပေါ့"

မြယွန်း အောက်နှုတ်ခမ်းကို ဖိကိုက်မိလိုက်သည်။ မိုးသားဖြူဖြူဆိုတဲ့ကောင်မလေး တော်တော်မွှေနေပါလား။ သူ ဘာဖြစ်နေတာလဲ။ မြယွန်းကို မနာလိုတာလား။ စူးကို စိတ်ဝင်စားပြီး ကိုယ်ကတားဆီးနေလို့ မစားရတဲ့အမဲ သဲနဲ့ပက်တာလား။

"ပုပ်ရင်ပေါ် ဟုတ်ရင်ကျော်တယ်ဆိုတဲ့ စကားကို မင်းကြား ဖူးမှာပေါ့။ မင်း ဆင်ခြင်ပါ မြယွန်း"

"ကိုက မြယွန်းကို စူးနဲ့ဘယ်လိုထင်နေတာလဲ"

"ပြောပြဖို့လိုမယ် မထင်ပါဘူး"

"ကို"

ဒီလောက်အထိ တစ်ခါမျှ တင်းတင်းမာမာ မဖြစ်ဖူးတဲ့ လင်မယား။ ခုတော့ နှစ်ယောက်စလုံးက မျက်နှာကျောတွေတင်းနေလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကို တစ်နေ့သိလာမှာပါ"

"ဘာကိုလဲ"

"အမှန်တရားကိုပေါ့"

"အမှားတစ်ရုံမဖြစ်ဖို့ပဲ မင်းကြိုးစားပါ"

ပြောပြီး ထွက်သွားတဲ့ခင်ပွန်းအါကျောပြင်ကို ကြည့်ရင်း မြယွန်း သက်ပြင်းချလိုက်မိသည်။ မြယွန်း တကယ်ပဲ ဆင်ခြင်ဖို့ လိုနေပြီလား။

အို ဘယ်သူတွေ ဘယ်လိုပဲထင်ထင် မြယွန်းကတော့ ရှေ့ အပေါ်ထားတဲ့မေတ္တာတရားတွေကို ဝိုချင်သာဝိုလာမယ် ဘယ်တော့မှ လျော့သွားမှာ မဟုတ်ပါဘူး။

✹



## အခန်း (၂၁)

"ဒေါက် ဒေါက်"

"______"

"ဒေါက် ဒေါက်"

"စူးနေခ"

"______"

"စူးနေခ"

တံခါးခေါက်ပြီးခေါ်နေတာ မမအသံမို့ စူး အိပ်ရာကနေထပြီး တံခါးသွားဖွင့်ပေးလိုက်သည်။ တံခါးဖွင့်လိုက်လို့ မြင်ရတဲ့မျက်နှာက မမတစ်ယောက်တည်းမဟုတ်ပါဘူး။ ကြိုးကြာလည်း ပါသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ရှူး ဘယ်သူ့ကိုမှ စကားမပြောဘဲ ကိုယ့်အခန်းထဲသို့သာ ပြန်ဝင်လာပြီး ခုတင်ပေါ်မှာ ထိုင်ချလိုက်သည်။

"ရှူးနေခ"

"____"

"မင်း မနေ့က တစ်နေ့လုံး ထမင်းမစားဘူးဆို ဟုတ်လား"

"____"

"မေးနေတာဖြေလေ"

"မဆာလို့ မစားတာပါ"

"မညာတတ်ဘဲနဲ့ မညာစမ်းနဲ့ ရှူးနေခ။ မှန်မှန်ပြောစမ်း။ မင်း ငါ့ကို စိတ်ကောက်နေတာမဟုတ်လား"

ရှူး တကယ်ပဲ စိတ်ကောက်နေတာလေ။ ဒါကြောင့် ဘာမှ ပြန်မပြောဖြစ်ပါ။ မြယွန်း ရှူးဘေးမှာ ဝင်ထိုင်ပြီး ရှူး ခေါင်းလေးကို သူမရင်ခွင်မှာ အပ်ထားလေတော့ ကြိုးကြာ ကြောင်သွားလေသည်။ အံ့ဩသွားသည်ပဲဆိုပါတော့။ မမက ရှူးနဲ့သူမ မောင်နှမဝမ်းကွဲလို့ ပြောထားပေမယ့် အမှန်က သူစိမ်းပြင်ပြင်ဖြစ်ပြီး ပတ်ဝန်းကျင်က အမြင်မရှင်းဖြစ်နေတာလေ။ ဒါကို ဒီလောက်အထိ ရင်းနှီးပူးကပ်နေတာတော့ မကောင်းဘူးပေါ့။

သူတို့ရင်ထဲမှာ ဘယ်လောက်ပဲဖြူစင်ပါတယ်ပြောပြော-





ဒီလိုမျိုးနေတာမြင်ရင် ပတ်ဝန်းကျင်က ဝိုပြောကြတော့မှာပေါ့။

"ဆိတ်ဆိတ်နေတာ ဝန်ခံခြင်းတဲ့၊ စိတ်ကောက်တာ သေချာနေပြီ"

ပြောပြီး မြယွန်း ရှူးခေါင်းလေးကို ပွတ်ပေးတော့ ရှူး မျက်ရည်တွေဝေ့လာသည်။

"ကျွန်တော် စိတ်ကောက်တာမဟုတ်ပါဘူး။ ဝမ်းနည်းလို့ပါ"

"မမလွန်သွားတယ်ဆိုတာကို မမသိပါတယ်။ မှားတယ်ဆိုရင်လည်း စေတနာအမှားဆိုတာ မင်း ဘာကြောင့် မသိရတာလဲ။ ဒိုးသားနဲ့ပတ်သက်တာ မကြိုက်ပါဘူးဆိုမှ မြင်လိုက်ရတဲ့မြင်ကွင်းကို ခင်းပြန်စဉ်းစားကြည့်ဦးလေ၊ ဒေါသဖြစ်စရာမဟုတ်ဘူးလား"

"ကျွန်တော်နားလည်ပါပြီ"

"တကယ်နားလည်တာလား"

ရှူး ခေါင်းညိတ်လိုက်တော့ မြယွန်းမှာ နှုတ်ခမ်းက ပြုံးနေပေမယ့် မျက်ဝန်းဆီမှာတော့ မျက်ရည်တွေဝေ့နေလို့ပါ။ ပြီးမှ ကြိုးကြာကိုကြည့်လိုက်ပြီး –

"ကြိုးကြာ"

"ရှင်"

"ကြိုးကြာကို မမပြောစရာရှိတယ်၊ ထိုင်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"____"

"မမနဲ့စူးနေခကို ဘယ်သူတွေ ဘယ်လိုပဲထင်ထင် မမ ဂရုမစိုက်ပါဘူး။ ဒါပေမဲ့ သူများတွေထင်သလို ကြိုးကြာထင်မှာကို တော့ မမစိုးရိမ်မိတယ်။ အဲဒါကြောင့် ကြိုးကြာ အမှန်တရားကို သိထားသင့်တယ်ထင်လို့ မမပြောပြမှာပါ"

"မမ"

စူး မြယွန်းရင်ခွင်ထဲကနေ မျက်နှာခွာလိုက်ပြီး –

"မမ မပြောပါနဲ့"

"ကြိုးကြာကိုတော့ ပြောပြမှဖြစ်မယ် စူးနေခ။ ဘာကြောင့် ပြောပြဖို့ ဆုံးဖြတ်တာလဲဆိုရင် မမ ကြိုးကြာကိုယုံလို့ပဲ။ ကြိုးကြာက နှုတ်စည်းစောင့်လိမ့်မယ်လို့ မမ ယုံကြည်တယ်"

ဒါ မြယွန်းရဲ့ဆုံးဖြတ်ချက်ပါ။ စူးနဲ့သူမ နှစ်ယောက်တည်း ကြိတ်ခံစားရသမျှ ရင်ထဲမှာ မွန်းကျပ်လွန်းလှပြီလေ။ ဒါကြောင့် အခြား တစ်ဦးတစ်ယောက်ကို ရင်ဖွင့်ချင်နေမိတာပါ။ နှုတ်စည်းစောင့်မယ့် လူမျိုးကိုပေါ့လေ။

သူမမှာ စည်းစိမ်ဥစ္စာတွေ ဘယ်လောက်ပဲ ပြည့်စုံချမ်း သာနေပါစေ။ စိတ်ကတော့ မချမ်းသာခဲ့ပါဘူး။

ကံကြမ္မာရဲ့ လှည့်ကွက်တွေထဲမှာ ဘယ်သူ့ကိုမှ အပြစ်တင်





ချွန်းမသိ ဖြစ်လာသမျှကို ခါးစည်းခံခဲ့ရတာ မြယွန်းတစ်ယောက် တည်းပါ။ အခုတော့ စူးနဲ့ နှစ်ယောက်ပေါ့လေ။ ကိုယ်ကတော့ ထား သော့ ကံကြမ္မာက စူးနေခဘဝထဲကို နာကျင်မှုတွေနဲ့ ရှင်သန်စေပြီး ချိတဲ့တဲ့ဘဝထဲမှာ နစ်မြုပ်ထားခဲ့တာ။ ဒါကို တွေးမိတိုင်း မြယွန်း နှင်ထဲမှာ နွေပေါင်းများစွာခနေခဲ့တာပါ။

"ဟင်"

စူး အခန်းရှေ့ကနေ ဖြတ်လျှောက်တဲ့ကျော့ကျော့ အခန်းထဲ ကစကားပြောသံတွေကြားတာကြောင့် ခြေလှမ်းတွေရပ်တန့်သွားလေ သည်။ ပြီးတံခါးနားကို တိုးကပ်၍ နားထောင်ကြည့်တော့ အသံက စူးနဲ့မမအသံဆိုတာကိုသာသိပြီး စကားသံတွေက မပြတ်သားပေ။

ဒါ သူတို့နှစ်ယောက်ကို လက်တွေ့အမိဖမ်းပြဖို့ အခွင့်အရေး ကောင်းပဲ။ ဦးကို သွားပြောမှဖြစ်မှာပါ။ ကျော့ကျော့ ဦးရဲ့ဘက်တော် သားလုံးလုံးဖြစ်သွားရတဲ့အကြောင်းရင်းကတော့ အခုနောက်ပိုင်းမှာ ဦးမင်းထက်သာက သူမကို အဝတ်အစားတွေအများကြီး ဝယ်ပေး သည်လေ။ ပြီးတော့ မုန့်ဖိုးဆိုပြီး ပိုက်ဆံတွေလည်းပေးတယ်။

ဒါ့အပြင် –

အဖြစ်အပျက်ကို ပြန်တွေးကြည့်မိတော့ ကျော့ကျော့ ရင်ခုန် သံတွေ မြန်ကာ ပြုံးမိသွားသည်သာ။



www.burmeseclassic.com

www.burmeseclassic.com



"ကျော့ကျော့"

"ရှင် ဦး"

"နင်က အဲဒီဝတ်စုံလေးနဲ့ အရမ်းကြည့်ကောင်းတာပဲ ဒီ လာ။ အသားညိုစိမ့်နဲ့ တစိမ့်စိမ့်ကြည့်လေ လှလေပဲ။ အဲဒီဝတ်စုံမျိုး များများ ဝယ်ပေးဦးမှထင်တယ်"

"ဦးကလည်း မဟုတ်တာပြောတော့မယ်"

"ဟုတ်တာပြောနေတာပါ ကျော့ကျော့ရဲ့။ ကျော့ကျော့က သေသေချာချာကြည့်ရင် အရမ်းချစ်ဖို့ကောင်းတာပဲ"

"ဦးပြောတာနဲ့ ကျော့ကျော့ နေတောင်မနေတတ်တော့ဘူး"

ကျော့ကျော့ ရှက်မျက်နှာလေးနှင့် တစ်ဖက်သို့ လှည့်သွား စဉ် ...

"ဟင်"

နောက်ကနေ ခါးကို သိမ်းဖက်တာခံလိုက်ရတာမို့ ကျော့ ကျော့ ကိုယ်လေး တောင့်ခနဲဖြစ်သွားလေသည်။ ကျော့ကျော့က ဓိုဆိုရင် ယင်ဓိုတောင် မသမ်းမှုးသေးတဲ့ အရိုင်းပန်းလေးတစ်ပွင့်ပါ

"ဦး ဦး ... ဘာလုပ်တာလဲ လွှတ်ပါ"

"ဟင့်အင်း ... မလွှတ်ပါဘူး"

"ဦး"





"ဦးက ကျော့ကျော့ကိုချစ်လို့ပါ ကျော့ကျော့ရဲ့။ ဒီနေ့က စပြီး ကျော့ကျော့ဘာပဲလိုချင် လိုချင် ဦးကိုပြောနော်။ ဦးဝယ်ပေးမယ် သိလား"

"ဟာ ... ဦးကလည်း၊ တစ်ယောက်ယောက်မြင်သွားရင် ကောင်းပါဘူး လွှတ်ပါ"

"ဘယ်သူရှိလို့လဲ ကျော့ကျော့ရဲ့ မမခင်က ဈေးကိုသွား တယ်။ မြပုလ္လင်နဲ့ရူးက ရှူတင်သွားတယ်။ ဒီအိမ်မှာ ဦးနဲ့ကျော့ကျော့ နှစ်ယောက်တည်းပဲလေ။ ဦးမြကြူက အကြောင်းမရှိဘဲနဲ့ အိမ်ထဲကို ဝင်လာတတ်သူမှ မဟုတ်တာ။ လွှတ်လွှတ်လပ်လပ် ချစ်လို့ရပါတယ် ဘူ"

"ဦးကလည်း"

ကျော့ကျော့ ဆက်ပြီးမရုန်းမိတော့ပေ။ ဦးက နောက်ဘက် ကနေ သိမ်းဖက်ထားရာမှ လွှတ်ပေးပြီး ကျော့ကျော့ကိုယ်လေးကို သူ့ဘက်သို့လှည့်စေကာ အနမ်းပွင့်တွေခြွေချပေးတော့ တစ်ပွင့်ပြီးတစ်ပွင့် ပါ။ ပြီးတော့ ... ကျော့ကျော့ကိုယ်လေးကို ပွေ့ချီပြီး အပေါ်ထပ်သို့ တက်သွားခဲ့သည်လေ။

ဦးအခန်းထဲကိုရောက်တော့ ကျော့ကျော့ ကြောက်စိတ်တွေ ဝင်လာကာ –



www.burmeseclassic.com

www.burmeseclassic.com



"ဦး ... ကျော့ကျော့ ကြောက် ... ကြောက်တယ်"

"ဘာကိုကြောက်တာလဲ ကျော့ကျော့ရဲ့။ မြယွန်းကိုလား သူတောင် စူးနဲ့ ဖောက်ပြန်နေသေးတာပဲကွာ။ သူ့ကိုပေါင်းရတာ ဦး မသတီတော့ဘူး။ ကျော့ကျော့ကမှ"

"ဟိုလေ ... ကျော့ကျော့ပြောတာက"

ဦးမင်းထက် တွေခနဲဖြစ်သွားပြီးမှ –

"ဘာမှကြောက်မနေပါနဲ့ ကျော့ကျော့ရဲ့။ ဦးအကြောင်းကို ကျော့ကျော့မသိဘူးလား။ ဦးက ကလေးမရနိုင်ဘူးလေ"

အင်း ... ဟုတ်သားပဲ။ ကျော့ကျော့ ဒီအိမ်မှာနေလာတာ ငါးနှစ်ကျော်ပြီပဲလေ။ ဒီအကြောင်းတွေ သိတာပေါ့။ ဦးနဲ့မမတို့ ကလေးမရကြတာ ဦးရဲ့ချို့ယွင်းချက်ကြောင့်တဲ့။

ထို့ကြောင့် ဦးရဲ့အချစ်ရေစီးကြောင်းမှာ ကျော့ကျော့ စီးမျော လိုက်ပါသွားခဲ့သည်ပေါ့လေ။

ကျော့ကျော့ အတွေးစကိုဖြတ်ပြီး ဦးကို ဖုန်းဆက်ပြီး ပြောပြ လိုက်သည်။ သူတို့အိမ်ထောင်ရေးအဆင်မပြေမှ ဦးက ကျော့ကျော့ ကို ဝိုချစ်မှာလေ။ ဦးက သူပြန်လာနေပြီတဲ့။ ဖိုင်တွဲမေ့ကျန်ခဲ့လို့ပြန် လာမယ်။ ကိုယ်က အခြေအနေကြည့်ပြီး စောင့်ကြိုပြောပြလိုက်ရုံသာ။

✸



## အခန်း (၂၂)

"ကဲ ... ကြိုးကြာ"

"ရှင် ... မမ ... အဲ"

"ဘာဖြစ်လို့လဲ"

ကြိုးကြာက ရယ်လိုက်ကာ –

"မမကို ပြောင်းခေါ်ရမလားလို့ပါ"

"အဲဒီလိုတော့ မရဘူးနော်။ ပုံမှန်အတိုင်းပဲခေါ်။ လိမ်တာ တွေ ပေါ်သွားလို့ကတော့ ဒင်းတရားခံပဲ"

စူးပြောလိုက်တော့ ကြိုးကြာက မျက်စောင်းလေးထိုးလိုက် တာ –



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ။ ကြိုးကြာကြောင့် ဘယ်တော့မှ မဖြစ်စေရဘူး။ မမ ဘာပြောမလို့လဲ မသိဘူး ပြောလေ"

"ဘာမှမဟုတ်ပါဘူး။ စိတ်ကောက်နေတဲ့သူကို ချော့ပြီး ထမင်းကျွေးလိုက်ပါဦးလို့ ပြောမလို့"

"မမကလည်း သူချော့ကျွေးမှ စားစရာလား။ ကိုယ့်ဟာသာ ကိုယ်စားမှာပေါ့"

"ဒီကလည်း မကျွေးပါဘူးနော်"

ပြောပြီး ကြိုးကြာက မြယွန်းခါးကို ဖက်လေတော့ စူးစာ မဖက်နဲ့ဆိုပြီး ကြိုးကြာလက်ကို ဖယ်ချကာ သူပဲဖက်လေတော့ -

"စိတ်ပုပ်ကြီး"

"ပုပ်တော့ ဘာဖြစ်လဲ"

"အား"

စူး ကြိုးကြာနှာသီးဖျားလေးကို ဆွဲလိမ်လိုက်တော့ ကြိုးကြာ က 'အား'ခနဲအော်ပြီး မျက်စောင်းထိုးလေသည်။ အဓိကနားလည်ထား သင့်တဲ့သူမို့ ကြိုးကြာကိုပြောပြပေမယ့် အခြားသူတွေကတော့ စူးနဲ့ မြယွန်းကို အထင်လွဲ အမြင်လွဲရှိနေကြဦးမည်သာ။

"ကလေးကို ဘာလုပ်တာလဲ"

"လာပြန်ပြီ ကလေး။ ကလေးမဟုတ်တာ မမသိလို့





အွန်တော်နဲ့"

"ဘာတွေလျှောက်ပြောနေတာလဲ"

"ကဲပါ ... မမ သွားတော့မယ်။ စူးနေခဲ့ ထမင်းစားဖို့ ခေါ်နေမယ်နော်"

"ဒေါက် ဒေါက်"

"ဟင်"

အပြင်က တံခါးခေါက်သံကြောင့် သုံးယောက်စလုံး တံခါးဆီသို့ အကြည့်ရောက်သွားကြလေသည်။ ပြီးတော့ တစ်ယောက် မျက်နှာကို တစ်ယောက် ကြည့်လိုက်မိကြ၏။ သူတို့ပြောတာတွေကို ကျော့ကျော့များ ချောင်းပြီးနားထောင်နေသလား။ ဒါမှမဟုတ် ဒေါ်ခင် မာပဲလား။

"ဒေါက် ဒေါက်"

"မြယွန်း"

"ဒေါက် ဒေါက်"

"မြယွန်း တံခါးဖွင့်စမ်း။ ဒီအခန်းထဲမှာ မင်း ရှိနေတာကို ငါ သိတယ်နော်။ ငါ့ကို တော်တော်အများ ထင်နေလား။ မင်းတို့ ချေးဖာတ် ခင်းနေတာကို ငါသိတယ်။ ငါ နွားမဟုတ်ဘူး အခု တံခါးဖွင့်စမ်း"

"------"



www.burmeseclassic.com

www.burmeseclassic.com



"မြယွန်း"

ဦးမင်းထက်သာမှ မြယွန်း ထသွားပြီး တံခါးဖွင့်ပေးလိုက်သည်။ သူက ဘယ်လိုပြန်ရောက်လာပြီး မြယွန်း ဒီအခန်းထဲမှာရှိနေတာကို တပ်အပ်သိနေတာလဲ။ စူးနဲ့ကြိုးကြာလည်း ထလိုက်လာပြီး သူ့မနောက်မှာ ရပ်လျက်ပါ။

တံခါးဖွင့်လိုက်တော့ –

မျက်နှာကြောတင်းနေတဲ့ ဦးမင်းထက်သာ ခါးထောက်၍ ရပ်နေသည်လေ။ မြယွန်းထွက်လာရင် ပြောချင်တာတွေပြောပြီး ဝုန်းဒိုင်းကြဲဖို့ အသင့်စောင့်နေတာမျိုးပါ။

"ဘာဖြစ်လာတာလဲ"

"ဘာဖြစ်ရမှာလဲ၊ မင်းတို့ ခွေးဖောက်ခင်းနေတာကို အမိဖမ်းဖို့ ပြန်လာတာ"

"ရှင် မဟုတ်ရားမပြောနဲ့ ကိုမင်းထက်"

"ဟင်"

နောက်ကမျက်နှာတွေကို မြင်လိုက်ရတော့ ဦးမင်းထက် အံ့ဩသွားရသည်။ ကြိုးကြာရောပါလား။ ကောင်မလေးကပါ စူး အခန်းထဲကို ဘာကိစ္စရောက်နေတာလဲ။ ဘာတွေလဲ။ သူတို့သုံးယောက် ဘာတွေကြံစည်နေကြတာလဲ စဉ်းစားလို့မရတော့ပေ။





ကိုယ်က ကိုယ့်မိန်းမနဲ့စူးနေခ ဖောက်ပြန်နေတယ်ဆိုပြီး အမိဖမ်းဖို့လာခဲ့တာ။ ခုတော့ ကြိုးကြာပါရှိနေတယ်ဆိုတော့ သူတို့ ဘယ်လိုနားလည်ရမှာလဲ။

"ကြိုးကြာပါ ရှိနေတာလား"

"ဟုတ်တယ်လေ၊ ကိုကို မနေ့က ထမင်းတစ်နေ့လုံးမစား ဘူးဆိုလို့ လာမေးကြတာပါ ဦး။ ဘာဖြစ်လို့လဲဟင်"

ကိုယ်ကပဲ ညံ့တာလား။ သူတို့ကပဲ တော်တာလား။ ဘာလို့ ချွတ်ချော်တိမ်းစောင်းမှုတွေ ရှိရတာလဲ။ မြယွန်းနဲ့စူးနေခရဲ့ ဆက်ဆံရေးက သာမာန်မဟုတ်တာတော့ ကိုယ်လည်း သိနေတာပဲလေ။ အမိဖမ်းဖို့ကြိုးစားတိုင်း တစ်ခါမျှ မအောင်မြင်ပေ။ အခုလည်း ဘာ ဆက်ပြောရမလဲ။

"ကို"

"ဟင်"

"ကိုက နွားမဟုတ်သလို မြယွန်းလည်း မညံ့ဘူးနော်။ ဘာ သဲ စူးနေခနဲ့မြယွန်းကို ဖောက်ပြန်တယ်လို့ စွပ်စွဲလိုက်တာ ကို့မှာ အထောက်အထားတွေ ခိုင်ခိုင်မာမာရှိနေပြီလား။ ရှိနေပြီဆိုရင် ပြော လေ။ မြယွန်းတို့ ဘယ်နေရာမှာ ဘာဖြစ်ကြတယ်ဆိုတာ။ တစ်ယောက် နဲ့တစ်ယောက် ဂရုစိုက်တာ နားလည်မှုရှိတာတွေတော့ လာမပြောနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"______"

"လှုတိုင်းမှာ ကိုယ့်အကြောင်းနဲ့ကိုယ် ရှိတယ်။ ကျွန်မတို့ ရှိုးသားတယ်ဆိုတာကိုဘုရားမှာတိုင်တည်ပြီး သစ္စာဆိုပြရမလား။ ပြီးရင်တော့ ကိုလည်း ဖြူစင်သန့်ရှင်းပါတယ်ဆိုတာ သစ္စာဆိုပြလေ။ အပြန်အလှန်ပေါ့"

"ဟင်"

မြယွန်း နှုတ်ခမ်းကမဲ့ခနဲဖြစ်သွားလေသည်။ ဒီလိုပြောလိုက်တော့ မြယွန်း သူနဲ့ကျော့ကျော့အကြောင်းကို သိသွားပြီလား။ စိုးရိမ်စိတ်နှင့် ထိတ်ခနဲဖြစ်ကာ –

"မလိုပါဘူး"

"အဲဟွန်း"

မြယွန်းရဲ့အပြုံးက ခနဲ့ပြုံးပါ။ သူ့အကြောင်းတွေကို မြယွန်း မသိပဲနေပါ့မလား။ မမခင်က သူတို့ကို အမြဲတမ်း မျက်လုံးဒေါက်ထောက်ကြည့်နေခဲ့တာလေ။ ကျော့ကျော့က သူ့မန္တေကို စောင့်ကြည့်နေသလိုမျိုးပေါ့။ မြယွန်းကိုယ်တိုင်လည်း သိခဲ့တာပဲလေ။ ဘာကြောင့် သိခဲ့သလဲဆိုရင် –

မြယွန်း တစ်ရေးနိုးလို့ သူ့ကိုကြည့်လိုက်ရင် သူ မြယွန်းဘေးမှာ မရှိတော့ဘူးလေ။ အဲဒီလိုမျိုးသုံးညပေါ့။ နောက်တစ်ညမှာတော့





မြယွန်း အိပ်ချင်ယောင်ဆောင်နေခဲ့ပြီး သူထသွားတော့ နောက်ယောင်ခံပြီးလိုက်ချောင်းခဲ့တာ။ သူ ကျော့ကျော့အခန်းထဲကို ဝင်သွားတာပဲလေ။ အဖြေကရှင်းနေတာပဲဥစ္စာ။

ဒါပေမဲ့

ရှင်ဖောက်ပြန်နေပါလားလို့ မြယွန်း တစ်ခွန်းမှ ဖွင့်ဟမပြောခဲ့ပါဘူး။ ကိုယ့်မှာလည်း အပြစ်ရှိနေခဲ့တာပဲလေ။ အဲဒီအပြစ်တွေကို ကိုယ်လုပ်ခဲ့တာမဟုတ်ပေမယ့် ကိုယ်နဲ့သက်ဆိုင်နေတာကိုး။

"ဘယ်လိုပဲမလဲ၊ ရှင့်ဘက်ကလိပ်ပြာမှမသန့်စရာတွေ ရှိနေတာကို။ ဒါပေမဲ့ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်မ ဘယ်တော့မှ ပြောမှာမဟုတ်ဘူး။ အခု ရှင်ပြောလို့ ကျွန်မပြောရတာ"

"မြယွန်း"

"ကျွန်မနဲ့ရှုနေခဲ့က ရှင်ထင်သလို မဟုတ်ဘူး ကိုမင်းထက်။ ကျွန်မတို့ရဲ့ပတ်သက်မှုက"

"မမ"

စူးက ခေါင်းခါပြလေသဖြင့် မြယွန်း ပါးစပ်ပိတ်သွားလေသည်။ ကိုယ့်မှာလည်း ပြောလို့မဖြစ်တဲ့အကြောင်းတွေရှိနေတော့ သူ့ကိုလည်း မပြောတော့ဘူးလို့ ကျောခိုင်းကာထွက်လာခဲ့တော့သည်လေ။ တစ်ခုလိုချင် တစ်ခုကို စွန့်လွှတ်ရမည့်အခြေအနေမှာ သူ့ကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



စွန့်လွှတ်ပါမည်။

ဒါကြောင့် –

သူနဲ့ကျောကျော အဆင်ပြေပြီးလက်ထပ်သွားတဲ့အထိ ဖြစ်စေချင်တာ။

"ဟား ကျွတ်"

အားလုံးထွက်သွားတော့ ဦးမင်းထက်သာ တစ်ယောက်တည်း ရပ်ကျန်ခဲ့သည်သာ။ ကိုယ်က ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီလို့ ထင်နေတာ။ မြယွန်းကသိနေပြီလား။

"ဦး"

"————"

"ဦး"

အနားကိုရောက်လာသူက ကျောကျော့ပါ။

"အခြေအနေဘယ်လိုလဲ၊ သူတို့ကိုတွေ့တယ် မဟုတ်လား"

"သူတို့နဲ့အတူ ကြိုးကြာပါရှိနေတယ်"

"ဟင် ကြိုးကြာက ပဲလော့ကြားဆာညှပ် ဘာလုပ်တာလဲ"

"အဲဒါတော့ မသိဘူး။ အခု သူစိုး သူနိုးဆိုပြီး ကိုယ့်လက်ကိုယ်ဖမ်းဆုပ်အော်သူလို ဖြစ်နေပြီ"

"ဘာဖြစ်လို့လဲဟင် ဦး"





ဦးမင်းထက်သာ သက်ပြင်းချလိုက်ပြီး –

"တို့ကိစ္စကို မြယွန်း ရိပ်မိနေပုံရတယ်"

"ဟင်"

"ဒါပေမဲ့ . . . သူတို့လည်း ဟန်ဆောင်ကောင်းနေကြတာပါ။ ကြောင် ကြာကြာရေမငုပ်နိုင်ပါဘူး။ လက်တွေ့မိအောင် ဖမ်းပြီးမယ်"

ကိုယ့်အပြစ်ကို သူသိသွားပြီဆိုမှတော့ ကိုယ်ကလည်း သူ့အပြစ်ကို ပြန်ထောက်ပြနိုင်ရမှာပေါ့။ ကိုယ်က အပြစ်ရှိသူဆိုပြီး တစ်ဖက်သတ်ကြီးတော့ သိမ်ငယ်မနေချင်ပါဘူး။

ဟူး . . .

မြယွန်းနဲ့သူ ဆက်ပြီး လက်တွဲလို့ ရပါဦးမလားတော့ မသိပေ။

✸



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ကြိုးကြာ အဝတ်တွေလျှောက်ကြည့်နေရင်း စူးဆီသို့ ပြန်လျှောက်လာကာ –

"ကိုကို"

"–––––"

"ကိုကို့ခါးနံ့ပါတ်က ဘယ်လောက်လဲဟင်"

"ဘာလုပ်မလို့လဲ"

"ကိုကို့ကို ဘောင်းဘီဝယ်ပေးမလို့လေ"

"ဘယ်လောက်မှမဟုတ်ဘူး မဝယ်နဲ့"

"ဘာဖြစ်လို့လဲ ကိုကိုရဲ့။ ကြိုးကြာက ဝယ်ပေးချင်လို့ဟာကို"





"ကြိုးကြာ"

"ဟင်"

စူး ကြိုးကြာကို စေ့စေ့ကြည့်လိုက်မိသည်။ သူက စေတနာနဲ့ ဝယ်ပေးချင်တာပေမယ့် စူးက သူများပေးတိုင်း ယူတတ်တဲ့ကောင်မဟုတ်ဘူးလေ။ ကိုယ်နဲ့ သွေးသားမတော်စပ်တဲ့သူတွေဆီကနေ စူး ဘာတစ်ခုမှ အလကားမလိုချင်ပါဘူး။ အဲဒီပေးကမ်းမှုတွေရဲ့နောက်မှာ ကိုယ်က အားနာနေရတာမျိုး မဖြစ်ချင်။

သူပေးတာကို ယူမိရင် ကိုယ်ပြောမယ့်စကားတိုင်း ပြောခွင့်ရချင်မှရမှာ။ ယူမိတာအတွက် ပြန်ထောက်ထားရတာမျိုး မဖြစ်ချင်ပါဘူး။ စူးက ကိုယ့်လုပ်အားခကိုသာ မြတ်နိုးတွယ်တာတတ်သူလေ။

"မင်းက ငါ့ကို သူများဝယ်ပေးတိုင်း ယူတတ်တဲ့ကောင်လို့ ထင်နေတာလား"

"မထင်ပါဘူး ကိုကိုရဲ့။ ကြိုးကြာက စေတနာနဲ့ပါ"

"မထင်ရင် ငါ့အတွက် ဘာမှ မဝယ်နဲ့။ မင်းအတွက်ပဲ မင်းလိုချင်တာ မင်းဝယ်၊ ပြီးရင်လာခဲ့၊ ငါ ကားပေါ်ကစောင့်နေမယ်"

ပြောပြီး စူးလှည့်ထွက်လာခဲ့တော့သည်။ ကိုယ်ဆက်ရပ်နေရင် ကိုယ့်ခါးနံ့ပါတ်ကိုမပြောလည်း မှန်းပြီးဝယ်နေမှာစိုးလို့လေ။ ပြီးတော့ ကိုယ် ကြိုးကြာကိုပြောစရာရှိတာကလည်း အများပါ။ သူ



www.burmeseclassic.com

ကားပေါ်ကနေ ကြာကြာမစောင့်လိုက်ရပါဘူး။ ကြိုးကြာ ပြန်ရောက်လာသည်လေ။

"မြန်လှချေလား"

"ကိုကို့ကို အားနာလို့ပါ"

"ဘာအတွက်လဲ"

"ကိုကို အကြာကြီးစောင့်နေရမှာကိုပေါ့။ ပြီးတော့ ... ကြိုးကြာလည်း သိပ်ဝယ်စရာမရှိလို့လေ။ ဒီနေ့ ဘာဖြစ်နေမှန်း မသိဘူး။ မြင်သမျှပစ္စည်းတွေ မျက်စိထဲမှာမတိုးသလိုပဲ။ အဲဒါကြောင့် မဝယ်တာပါ"

"ငါ့ကိုရော မျက်စိထဲ တိုးလား"

"ရှင်"

"ဩော် ... ဒီနေ့ မြင်သမျှပစ္စည်း မျက်စိထဲမတိုးဘူးဆို တော့ ငါ့ကိုလည်း မျက်စိထဲ မတိုးဘူးလားလို့ပါ"

"ဘာဆိုင်လို့လဲ ကိုကိုရဲ့၊ ကိုကိုကလူလေ။ ပစ္စည်းမှ မဟုတ်တာ"

စူး လွန့်ခနဲပြုံးလိုက်မိသည်။ ဟုတ်သားပဲ။ သူ မျက်စိထဲ မတိုးတာက ပစ္စည်းလို့ ထည့်ပြောတာပဲဥစ္စာ။

"ထားပါတော့၊ ကဲ ... ဘယ်သွားချင်လဲပြော"





"ကိုကို့သဘောလေ၊ ကိုကိုသွားချင်တဲ့နေရာကိုသွားပေါ့။ ကြိုးကြာကတော့ လိုက်မှာပဲ"

"ဒါဆို ကမ္ဘာ့အပြင်ဘက်"

"အဲဒါတော့ နည်းနည်းများသွားပြီ"

"ဒါဆို မလိုက်ဘူးလား"

"သွားလေ"

ဒါ လိုက်မယ်ဆိုတဲ့သဘောပေါ့။ ဒါကြောင့် စူး ကားကို ကန်တော်ကြီးဘက်သို့ မောင်းလာခဲ့သည်လေ။ သူပြောမယ့်စကားနဲ့ အသင့်တော်ဆုံးနေရာပဲပေါ့။ ကန်တော်ကြီးကိုရောက်တော့ –

"ဟင် ... ကိုကိုမောင်းလာတာ ကန်တော်ကြီးကိုပဲ"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"ဝင်မလို့လား"

"အင်း"

စူး ခေါင်းညိတ်လိုက်တော့ ကြိုးကြာပုံစံက အံ့ဩသလိုပါ။

"ကိုကိုပဲ ပြောတာလေ။ ကန်တော်ကြီးကိုလာတာ အတွဲမှ ဆို"

"မင်းလည်း ရောက်ဖူးချင်တယ်လို့ ပြောတယ်လေ"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို စကားမရှည်နဲ့ ဆင်း"

ကြိုးကြာ ကားပေါ်ကဆင်းလိုက်၏။ ကိုယ်ရောက်ဖူးချင်တဲ့ နေရာကို ရောက်ဖူးပြီလေ။ ရန်ကုန်မှာမွေး ရန်ကုန်မှာပဲကြီးပြင်းခဲ့ပေမယ့် ကြိုးကြာက သူများခေါ်တိုင်း မလိုက်၊ နေရာတိုင်းကိုသွားသူ မဟုတ်ပေ။ ကျောင်းစာကိုပဲ အလေးထားပြီး အိမ်နဲ့ကျောင်းကလွဲရင် မိဘတွေမပါဘဲ လျှောက်မသွားတတ်ပါဘူး။

"သူငယ်ချင်းတွေ ဘာတွေနဲ့ မလာဖူးဘူးလား"

"ဟင့်အင်း ... မလာဖူးပါဘူး။ သူတို့သွားလို့ပြန်လာရင် သူတို့ပြောပြတာကိုပဲ နားထောင်တတ်တာ"

"အခုရောက်ဖူးတော့ ပျော်လား"

"အင်း ... ပျော်တာပေါ့"

"ပိုပျော်အောင် လုပ်ပေးမယ်"

"ဟင်"

ပြောပြီး သူက ကြိုးကြာပခုံးကို ဖက်လိုက်တော့ ကြိုးကြာ ခြေလှမ်းတွေ ရပ်တန့်သွားပြီး ကိုယ်လေးကတောင် မတ်သွားလေသည်။

"ဘာလုပ်တာလဲ"

"ပိုပြီး အဓိပ္ပာယ်ရှိသွားအောင် ဖက်တာလေ"





"ဘာဆိုင်လို့လဲ"

"ဆိုင်တာတွေ ပြောပြမယ်"

စူး ကြိုးကြာကိုယ်လေးကို တံတားလက်ရန်းမှာ ဆွဲပေးပြီး သူက ရှေ့မှာရပ်ကာ ကြိုးကြာမျက်နှာလေးကို စေ့စေ့ကြည့်လေတော့ ကြိုးကြာမှာ ဘာမှ နားမလည်သလို သူ့ကို မျက်လုံးဝိုင်းလေးနှင့် မော့ကြည့်နေသည်လေ။ အတန်ကြာမှ –

"ကိုကို ဘာပြောမလို့လဲ"

"ချစ်စကား"

"ရှင်"

"တကယ်ပြောတာ၊ မင်းကို ကိုယ်ချစ်တယ်"

ကြိုးကြာ ရှက်မျက်နှာလေးကို ဟိုလွှဲ ဒီလွှဲလုပ်တော့ သူက ကြိုးကြာမေးစေ့လေးကို ကိုင်ပြီး မော့စေကာ –

"ကြိုးကြာကရော ကိုကို့ကိုချစ်လား"

"အဲဒါ ကြိုးကြာမသိဘူး"

"ဟင် ... ဘာလို့မသိရမှာလဲ။ ကြိုးကြာ ကိုကိုနဲ့ မခေါ်မပြောပဲ နေနိုင်လား။ ကိုကိုနဲ့ မတွေ့ဘဲနေနိုင်လား။ နေနိုင်တယ်ဆိုရင် မချစ်ဘူး။ မနေနိုင်ရင် ချစ်လို့ပေါ့။ ကြိုးကြာ စဉ်းစားကြည့်လေ"

ကြိုးကြာ တွေခနဲဖြစ်သွားလေသည်။ ကြိုးကြာ ကိုကိုနဲ့



www.burmeseclassic.com

www.burmeseclassic.com



မခေါ်မပြောပဲ မနေနိုင်ပါဘူး။ မမြင်ရပဲလည်း မနေနိုင်ဘူးလေ။ ပြီးတော့ ကြိုးကြာ ကိုကိုနဲ့စကားပြောနေရရင် ကိုကို့ကိုမြင်နေရရင် ပျော်နေတာပဲလေ။ ရင်ထဲမှာ နွေးခနဲဖြစ်လိုက် အေးခနဲဖြစ်လိုက်နဲ့ တစ်ခါတလေ ရင်ခုန်တတ်ခဲ့တာတွေ။

ဒါ . . . အချစ်ပဲဆိုတာ ကြိုးကြာသိပါတယ်။ ဒါပေမဲ့ . . . ကိုယ်က မိန်းကလေးပဲလေ။

"စဉ်းစားရပြီလား"

"ဟင့်အင်း"

"အဲဒါဆို ကိုယ့်ဘာသာပဲ အဖြေရှာကြည့်တော့မယ်။ မျက်နှာမော့"

"ဘာလုပ်မလို့လဲ"

"အဖြေရှာမယ်လေ"

"ဘယ်မှာလဲ"

"မျက်လုံးထဲမှာပေါ့"

"ဘာအဖြေမှမရှိဘူး ဖယ်ပါ"

"ဘာလို့မရှိရမှာလဲ"

စူး ကြိုးကြာမျက်နှာလေးကို သူ့လက်ဖဝါးနှစ်ဖက်နှင့် ညှပ်ယူပြီး မော့စေကာ ကြိုးကြာက မျက်လုံးကိုမှိတ်ထားကာ –





"ကဲ . . . ရှာ"

"ရတယ်လေ၊ မျက်လုံးမှိတ်ထားလည်း နှလုံးသားက အသံတွေကို ကြားနေရတာပဲဥစ္စာ"

"ဟင်"

ကြိုးကြာ မျက်လုံးလေးတွေ ဖျတ်ခနဲပွင့်လာတော့ –

"နှလုံးသားက ပြောနေတယ်"

"ဘယ်သူ့နှလုံးသားလဲ"

"ကြိုးကြာ နှလုံးသားကလေ ကိုကို့ကိုချစ်တယ်။ ကိုကို့ကို ချစ်တယ်၊ အရမ်းချစ်တယ်။ အားကြီးချစ်တယ်။ အများကြီးချစ်တယ်တဲ့"

"သွား . . . ဟုတ်လည်း မဟုတ်ဘဲနဲ့"

ချစ် မျက်စောင်းလှလှလေးကြောင့် စူးရင်ထဲမှာ နွေးထွေးထွေးရှုံ့သွားလေသည်။

ဩော် . . . ဒါကြောင့်ပဲ လူသားတွေအားလုံး အချစ်ဆိုတဲ့အရာကို လိုချင်တောင်းတ တပ်မက်ခုံမင်ကြတာကိုး။

"ဖြေလေ၊ မဖြေရင် ဖက်နမ်းမှာနော်"

"ကိုကို ဘယ်လိုဖြစ်နေတာလဲ"

"မဖြေဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ရုးမျက်နှာလေး ငှံ့ကျလာတော့ ကြိုးကြား သူမမျက်နှာလေးကို လောက်ဝါးနှစ်ဖက်နှင့်အုပ်ကာ –

"ကိုကိုပြောတဲ့အတိုင်းပဲ"

"မရဘူးလေ၊ ကြိုးကြာရဲ့ ဒီပါးစပ်ကနေ ကိုယ်တိုင်ပြော"

"အဟွန်း"

ကြိုးကြာက ရှက်ရယ်လေးရယ်လေလျှင် –

"ကြာတယ်ကွာ ... ကဲ"

"ဟာ ... ကိုကို"

သူမျက်နှာကို ကြိုးကြားက လက်ဖဝါးလေးနှင့် တွန်းပစ်လိုက်ပြီး –

"ချစ်တယ်"

"ဘယ်လို"

"ချစ်ပါတယ်ဆို"

"အသံက တိုးတိုးလေးရယ် မကြားရဘူးကွာ။ ကျယ်ကျယ်လေးထပ်ပြော"

"ကိုကိုနော် လူလည်မကျနဲ့"

"လူလည်မကျစေချင်ရင် သေသေချာချာပြောလေ။ အခုက မပွင့်တစ်ပွင့်နဲ့"





ကဲ ... ဒီလောက်တောင်ရှိလှတာဆိုပြီး ကြိုးကြာ သူမျက်နှာကို မော့ကြည့်ကာ –

"ဟုတ်ကဲ့ ... ချစ်တယ် ချစ်တယ် ချစ်တယ် ချစ်တယ်။ ကိုကို့ကို အရမ်းချစ်တယ်။ ကဲ ကျေနပ်ပြီလား"

"ဟာ ... ဝမ်းသာလိုက်တာကွာ"

ချစ်တယ် ပြောတော့လည်း သူရင်ခွင်ထဲကို ထွေးခနဲရောက်သွားတာပါပဲ။ ဒီတစ်ခါတော့ ကြိုးကြာ မရုန်းတော့ပေ၊ ကိုယ့်ချစ်သူရဲ့ ရင်ခွင်ပဲမို့ –

လိုလိုလားလားနဲ့ကို တိုးဝင်မိခဲ့တာပါ။

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ကလေးနှစ်ယောက် ချစ်သူတွေဖြစ်ကြပြီဆိုတော့ သူတို့ လက်ထပ်ဖို့အတွက် မြယွန်း ကြိုးပမ်းရတော့မည်လေ။ မြယွန်း စူးနေခအတွက် စိတ်အေးချင်ပါပြီ။

ဒါကြောင့် ...

ကြိုးကြာတို့အိမ်သို့ ရောက်လာခဲ့ပါပြီ။

"ထူးထူးခြားခြား အလည်လာတာလား မြယွန်း။ လာ ... ထိုင်လေ"

"ဆိုပါတော့ နေကောင်းရဲ့လားသီသီ"

"နေကောင်းတယ် မြယွန်း။ ဒေါင်ဒေါင်မြည်ပဲ"





"သီသီကိုအားကျလိုက်တာ၊ မြယွန်းကတော့ ချူချာလို့ ကိုယ့်ကိုယ်ကိုယ်တောင် စိတ်ပျက်မိတယ်"

"ဩော် ... ဒါကတော့ မြယွန်းရယ် ဘယ်သူက ရောဂါသည် ဖြစ်ချင်ပါ့မလဲ။ သွေးနဲ့ကိုယ် သားနဲ့ကိုယ်ဖြစ်လာတာတော့ ဘယ်တတ်နိုင်မှာတဲ့လဲ"

မြယွန်း ကြိုးကြာကိုမတွေ့တော့ မျက်လုံးနှင့်ရှာနေမိသည်။ ပြီးတော့ ကြိုးကြားရဲ့အဖေရောပေါ့။ ကိုယ်ပြောမယ့်စကားက လူစုံမှ ပြောတာအကောင်းဆုံးပဲလေ။

"သီသီခင်ပွန်းရော မတွေ့ပါလား။ ကြိုးကြာကိုလည်း မတွေ့ဘူးနော်"

"ရှိတယ် မြယွန်း။ သားအဖတွေ အပေါ်ထပ်မှာလေ။ သမီးက သူ့အဖေစာရင်းဇယားတွေ ကူလုပ်နေတာထင်တယ်"

"ဟုတ်လား။ ဒါဆို သီသီနဲ့ပဲ ပြောရတော့မှာပေါ့"

"ဟင် ... မြယွန်းက ပြောစရာရှိလို့လား။ ပြောလေ မြယွန်းရဲ့။ သီသီတို့အိမ်သားတွေက ဘာကိစ္စပဲဖြစ်ဖြစ် တစ်ယောက်ပြီးရင် ပြီးပါတယ်။ သူ့အလုပ် ကိုယ်ဝင်မရှုပ်သလို ကိုယ်လုပ်တာကိုလည်း သူ လက်ခံတယ်လေ"

"ဟုတ်လား ... ဒါဆို ကောင်းတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မြယွန်းတို့လည်း သူ့အလုပ်ကိုယ်ဝင်မရှုပ်သလို ကိုယ့်အလုပ်ကိစ္စလည်း သူ ဘာမှ ဝင်မပြောဘူးလေ။ လင်မယားတွေ တိုင်တိုင်ပင်ပင်ပဲနေလာခဲ့တာ စိတ်ချမ်းသာစရာပါပဲ။ အခုတော့ အဲဒီလို မဟုတ်တော့ပါဘူး။ သူ့ အိမ်ထောင်ရေး ဖောက်ပြန်တာကို သိနေမှတော့ မြယွန်းစိတ်ချမ်းသာပါ့မလား။

ဒါပေမဲ့ . . .

မြယွန်း ရှိနေသရွေ့ စိတ်ဆင်းရဲမှာစိုးလို့ ရေငုံနှုတ်ပိတ်နေခဲ့တာပါ။ မြယွန်း သူနဲ့ ကွဲဖို့ကွာဖို့ဖြစ်လာလည်း ဝမ်းမနည်းပါဘူး။ ဒီအတိုင်း ခရီးဆက်နေရမှာကိုပဲ စိုးတာပါ။

"မြယွန်း ဘာပြောစရာရှိလို့လဲ ပြောလေ"

"ပြောရမှာ အားတော့နာပါတယ် သီသီရယ်။ ဒါပေမဲ့ ပြောလည်း ဖြစ်မှာ။ အခြားတော့ မဟုတ်ပါဘူး။ သားရေး သမီးရေးကိစ္စ ဆွေးနွေးချင်လို့ပါ"

"သားရေး သမီးရေးကိစ္စ"

"ဟုတ်တယ် သီသီ၊ စုးနေခနဲ့ကြိုးကြာက လူငယ်ချင်း မေတ္တာမျှနေကြတာလေ။ အဲဒါကြောင့် မြယွန်းက မိဘတစ်ယောက်အနေနဲ့ လာပြီးကမ်းလှမ်းတာပါ"

"ဟင်"





ဒေါ်မျိုးသီသီဝင်း တွေခနဲဖြစ်သွားလေသည်။ သမီးလေးက တစ်ခါမှ ချစ်သူရည်းစားမထားဖူးဘူးလေ။ အခု စုးနေခနဲ့ ချစ်သူတွေ ဖြစ်နေပြီတဲ့လား။ မိမိတို့ကလည်း သမီးကို ဘယ်လိုလူမျိုးနဲ့မှ သဘောတူပါတယ်။

ဘယ်လိုအဆင့်အတန်းမျိုးဆိုရင် သဘောမတူဘူးရယ်လို့ သတ်မှတ်မထားပေ။ သမီးက ချစ်လို့ရွေးချယ်တဲ့သူဆိုရင် –

ဆင်းရဲချမ်းသာမရွေး သဘောတူပေးဖို့ စိတ်ကူးထားတဲ့ အထဲမှာ ရိုးသားကြိုးစားတဲ့သူ ဖြစ်ရမယ်ဆိုတဲ့ သတ်မှတ်ချက်တော့ ရှိတာပေါ့လေ။ အခု စုးက သတ်မှတ်ချက်အတိုင်း ရိုးသားကြိုးစား သူလေးဆိုတော့ –

"အဲ့ဒါ . . . သီသီ ဘယ်လိုသဘောရလဲဟင်။ ဟိုလေ စုးနဲ့ ထိမ်းသက်ပြီး မင်္ဂလာကိစ္စအားလုံး မြယွန်းတာဝန်ယူမှာပါ။ သီသီတို့ ပူက်နာမငယ်စေရပါဘူး"

"မင်္ဂလာကိစ္စ မြယွန်းတာဝန်မယူလည်း သီသီက သဘောတူပါတယ်။ သမီးလေးစိတ်ချမ်းသာရင်ပြီးတာပါပဲ။ ဂုဏ်တွေ ငွေတွေ သမီးလေးအတွက် မလိုတော့ပါဘူး။ စုးက ရိုးသားကြိုးစားတဲ့လူပဲ လေ"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာ သီသီရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခဏနော် . . . မြယွန်း။ သီသီ သမီးလေးကို သွားခေါ်လိုက်ဦးမယ်"

"ကောင်းပါပြီ"

ဒေါ်မျိုးသီသီဝင်း ထသွားပြီး သိပ်မကြာလိုက်ပါဘူး ဦးဒေါ်င်းရော ကြိုးကြာရောပါလာသည်လေ။

"မမ"

ကြိုးကြာက မြယွန်းဘေးမှာ ဝင်ထိုင်ပြီး မြယွန်းလက်မောင်းကို ဖက်ထားလေတော့သည်။

"ကြိုးကြာ ဖေဖေ့အလုပ်တွေ ကူလုပ်နေတာဆို ဟုတ်လား"

"ဟုတ် . . . မမ၊ အားနေတာနဲ့ ကူလုပ်နေတာလေ"

"ကောင်းတာပေါ့ကွယ်၊ မိဘကို ကူလုပ်ရာကနေ နောက်တော့ ကိုယ်တိုင် ဦးစီးပြီး စီးပွားရေးလုပ်ငန်းတွေ လုပ်နိုင်တာပေါ့"

"ဟုတ်တယ် မြယွန်းရေ၊ သားက ကျောင်းမပြီးသေးတော့ အားကိုးလို့ မရသေးဘူးလေ။ ဒါကြောင့် သမီးကိုပဲ အားကိုးရတော့မှာ"

"ကိုဒေါင်းတို့က အသက်ကြီးရင် အားကိုးစရာရှိလို့ တော်သေးတာပေါ့။ မြယွန်းတို့ကတော့ စူးနေခကိုပဲ အားကိုးရမှာပါ"

"ဒါပေါ့ မြယွန်းရယ်၊ သူက ကိုယ့်အပေါ်ကောင်းရင် ကိုယ်ကလည်း အားကိုးသင့်အားကိုးရမှာပဲလေ။ မဟုတ်ဘူးလား"





"ဟုတ်တာပေါ့ရှင်"

မြယွန်း အပြုံးနှင့်ပြန်ဖြေလိုက်သည်။ အရင်ကတော့ အကယ့်ကိုပဲ မြယွန်းအားငယ်ခဲ့တာပါ။ ကိုယ် အသက်ကြီးရင် အားကိုးစရာလူမရှိဘူးလို့ ထင်ပြီးတော့လေ။ အခုတော့ အားမငယ်တော့ပါဘူး။ စူးနေခတစ်ယောက်လုံး ရှိနေတာပဲလေ။

"ကိုဒေါင်း"

"ဟင်"

"စောစောက သီသီပြောပြတဲ့ကိစ္စ ကိုဒေါင်းသဘောထားက ဘယ်လိုလဲ"

ဦးဒေါင်းအကြည့်က ကြိုးကြာဆီသို့ရောက်သွားကာ –

"အဲဒါ မင်းသမီးရဲ့သဘောထားကို အရင်မေးလေ။ ငါကတော့ မင်းတို့သားအမိသဘောပါ။ ပစ္စည်းဥစ္စာဆိုတာ လူရှာလို့ရတာ၊ နှိုးသားကြီးစားတဲ့လူတွေအတွက် ပစ္စည်းဥစ္စာရှာရတာ မခက်ခဲပါဘူး"

မှန်တာပေါ့။ စကားပုံတောင် ရှိသေးတာပဲလေ။ ဘူးကောင်းတော့ စင်ခံ၊ လင်ကောင်းတော့ တစ်သက်လုံးစံတဲ့။ ပစ္စည်းဥစ္စာတွေ အများကြီးနဲ့တင်တောင်းပြီး လူက မကောင်းရင် ကိုယ့်သမီးလေးပဲ စိတ်ဆင်းရဲရမှာ။ ပစ္စည်းဥစ္စာချမ်းသာဖို့ထက် စိတ်ချမ်းသာဖို့က အဓိကပဲလေ။

www.burmeseclassic.com



"သမီး"

"ရှင်"

"သမီးသဘောကရော"

"မေမေ့သဘောပါ။ မေမေကြိုက်သလိုသာစီစဉ်ပါ မေမေ"

"အမယ်လေး ငါ့ခေါင်းပေါ်ချည်းပဲ။ ပုံချနေကြပါရောလား ဘာလဲ ယုန်ကလေး နှာစေးနေတာလား သမီး"

"မေမေကလည်း"

ကြိုးကြာ ရှက်ကိုးရှက်ကန်းနှင့် ခေါင်းလေးငုံ့သွားလေတော့ အားလုံး ရယ်မိကြလေသည်။ ရှက်သွားတဲ့မျက်နှာလေးက ပန်းရောင် ပြေးလို့ပါပဲ။

"ဒါဆို မြပယွန်း စေ့စပ်ဖို့ရက်ကို သတ်မှတ်လိုက်တော့မယ် နော် သီသီ"

"မြပယွန်းသံဘောပါတဲ့ရှင်"

မြပယွန်းရင်ထဲမှာ ဝမ်းသာလွန်းလို့ တလှိုက်လှိုက်နှင့် အရှေ့ အသည်းတွေပင် လိပ်တက်လာသလိုပါပဲ။ စူးနေခအတွက် စိတ်ချ ပြီဆိုရင် ကျန်တဲ့ပြဿနာအားလုံးကို မြပယွန်း ရင်ဆိုင်ဖြေရှင်းရဲပါသည် လေ။

✸



# အခန်း (၂၅)

မြပယွန်းတစ်ယောက် စူးနဲ့ကြိုးကြာကို အမြန်ဆုံး စေ့စပ်ပေးဖို့ ပြင်ဆင်နေတာကြောင့် ဦးမင်းထက်သာ ဘယ်လိုမှ နားမလည်နိုင် တော့ပေ။ တွေးလေလေ စိတ်တွေက ရှုပ်ထွေးလေလေပါပဲ။ သူတို့ ကြိုးကြာကို အသုံးချကြတာလား။ စူးနဲ့မြပယွန်း တစ်ယောက်အပေါ် တစ်ယောက် ဂရုစိုက်လွန်းတာကြောင့် စူးကို ကိုယ့်ကို အချိန်မရွေး အလုပ်ထုတ်နိုင်တယ်ဆိုတာ သူတို့တွေးမိနေကြမှာပေါ့။

စူးကို အလုပ်ထုတ်လိုက်တာနဲ့ ...

သူတို့နှစ်ယောက် ခုလိုဖောက်ပြန်ချင်တိုင်း ဖောက်ပြန်လို့ ရတော့ဘူးလေ။ စူးနဲ့ကြိုးကြာလက်ထပ်လိုက်ရင် တစ်အိမ်တည်းမှာ



www.burmeseclassic.com

www.burmeseclassic.com



အတူတူမနေကြရတော့ပေမယ့် စူးနဲ့ မြပွန်းတို့ ဟိုတက်ခြ် ဒီဘက်ခြ် လေးပါခြားပြီး အနီးဆုံးမှာရှိနေကြဦးမှာလေ။ သူတို့အကြိုက ကြီးမား

ကျေးဇူးတရားလိုလို မကင်းရာမကင်းကြောင်းလိုလိုနဲ့ ဝတ် သက်ပြီး သူတို့ ဆက်ပြီးဖောက်ပြန်လို့ရတာပေါ့။ မဖြစ်ဘူး ဒီတ် လုံးဝမဖြစ်စေရဘူး။

"ဦး"

"-----"

"ဦး"

"အင် ... ဟင်"

"ဦးကို ကျော့ကျော့ ကြည့်နေတာကြာပြီ၊ ငိုင်တိငိုင်တိုင်နဲ့ ဘာဖြစ်နေတာလဲ"

ဦးမင်းထက်သာ ပါးစပ်ကမဖြေဘဲ ခေါင်းပဲခါပြလေလျှင်–

"ဦး နေမကောင်းလို့လား။ ကျော့ကျော့ ဘာလုပ်ပေးရမလဲ ဟင်။ ဖက်ကြောဆွဲပေးရမလား။ နှင်းပေးရမလား ပြောလေ"

"ရတယ် ငါ ဘာမှမဖြစ်ဘူး"

သူ့ပခုံးပေါ်ကိုရောက်လာတဲ့ ကျော့ကျော့လက်ကို ဦးမင်း ထက်သာ ဖယ်ပစ်လိုက်သည်။

"ဦး"





"-----"

"ကျော့ကျော့ကို ဖုန်းဝယ်ပေးမယ်ဆိုပြီး အခုထိ ဝယ် မပေးသေးဘူးနော်။ ဝယ်ပေးတော့လေ ဦးရဲ့။ ကျော့ကျော့မှာ ဖုန်း ရှိမှ ဦးနဲ့ လွတ်လွတ်လပ်လပ် ဆက်သွယ်လို့ရမှာပေါ့"

"ကျော့ကျော့"

"ရှင်"

"ငါ စိတ်ရှုပ်နေတယ်နော်"

"ဟင်"

ကျော့ကျော့ လျော့ရိ လျော့ရဲပုံစံနှင့် ဦးမင်းထက်သာ ပခုံး ပေါ်ကို မေးတင်ထားရာမှ ခါးလေးမတ်သွားမိကာ –

"ဦးက ဘာကိုစိတ်ရှုပ်နေတာလဲ။ ကျော့ကျော့ကို ပြောပြ လေ။ ကျော့ကျော့ အမြဲတမ်း တတ်နိုင်သလောက် ကူညီနေတာပဲ ဥစ္စာ။ ဦးနဲ့ကျော့ကျော့က လူသိရှင်ကြားမဟုတ်ပေမယ့် လင့်မယား ဖြစ်နေပြီလေ။ ဦး ကျော့ကျော့ကိုမှ ရင်မဖွင့်ရင် ဘယ်သူ့ဆီ သွားဖွင့် မှာလဲလို့"

ဦးမင်းထက်သာ မတ်တတ်ဖြစ်သွားတဲ့ ကျော့ကျော့မျက်နှာ ကို မော့ကြည့်လိုက်မိသည်။ သူမက လူငယ်ဆိုတော့ စကားပြောပုံက ချွတ်ချွတ်ချွတ်ပေါ့လေ။ ဒီလိုကျတော့ လေသံမာမာနဲ့ မပြောရက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဘူးပေါ့။ သူ့ အမှောင်လမ်းကို မှောင်မှန်းသိလျက် သူ ဝင်တွက်

ဆိုတာမျိုး ဖြစ်နေပြီလား။

ဒီဇာတ်လမ်းကိုစခဲ့တာက ကိုယ်။

အခုကျတော့ နုတ်မရ ဖယ်မရဖြစ်နေပြီလေ။ ဘယ်လိုလုပ်ရ

မလဲ။ ကျော့ကျော့ကို အလုပ်ထုတ်ပစ်ရမလား။ ဒါမှမဟုတ် စူးငှ

အလုပ်ထုတ်ပစ်ရမလား။ ဒီလိုလည်း မဖြစ်သေးဘူးထင်ပါရဲ့။ သူများ

သားပျို့ သမီးပျိုကို ခြေတော်တင်ပြီးမှ၊ ဟူး မဖြစ်သေးပါဘူး

အကောင်းဆုံးကတော့ စူးနဲ့ကျော့ကျော့ နှစ်ယောက်စလုံးကို ရှင်းပစ်

အေးမှာပါ။

ဒီတော့ –

မြွေမသေ တုတ်မကျိုးလို့ပဲ ပြောရမလား။ ခဲတစ်လုံးနဲ့ ငှက်

နှစ်ကောင်မှန်အောင် ပစ်တယ်ပဲပြောရမလား ဘာပဲဖြစ်ဖြစ် နှစ်ယောက်

စလုံးကို ရှင်းပစ်လို့ရတဲ့နည်းပဲ သုံးရတော့မှာပေါ့။

"ကျော့ကျော့"

"ရှင်"

"နင် ငါ့ကို တကယ်ကူညီမှာလား"

"ပြောနေရမယ့်သူတွေလား ဦးရဲ့။ အမြဲတမ်းလည်း ကူညီ

နေတာပဲဥစ္စာ။ ကျော့ကျော့ ဘာလုပ်ပေးရမလဲ ပြောလေ"





"ဒါဆို ငါပြောပြမယ်၊ သေသေချာချာ နားထောင်"

"ဟုတ်"

ဘာမှ အကျယ်မြန့်ပြီး မတွေးတတ်သော ကျော့ကျော့တစ်

ယောက် အချစ်နွံမှာလည်း နစ်နေမိတော့ ဦးမင်းထက်သာပြောသမျှ

ခေါင်းညိတ်လို့သာ။ ဆင်မမြင်ဖူးတော့ ကျွဲကို အကြီးဆုံးထင်တာမျိုး။

ချစ်ဖူးတော့ ဦးမင်းထက်သာသည်သာ လောကမှာ အထင်ကရ

ယောက်ျားလို့ သူ့စိတ်ထဲမှာ ထင်နေပြီလေ။

ဗိုဆို ယင်ဗိုတောင်မသန်းခဲ့ဖူးသည့် အရိုင်းပန်းလေး၊

ဦးမင်းထက်သာနဲ့ကျမှ ညှိစော်နံပြီး နွမ်းခြောက်ကြေမွခဲ့ရတာပါ။

"ငါပြောတာ သဘောပေါက်ရဲ့လား ကျော့ကျော့"

"ဟုတ်ကဲ့ သဘောပေါက်ပါတယ် ဦး"

"အေး ... သေသေချာချာ ပိပိရိရိလုပ်။ အဲဒီကိစ္စပြီးရင်

င်လိုချင်တဲ့ဖုန်းကို ငါဝယ်ပေးမယ်"

"ဦး တကယ်ပြောတာနော်"

"အင်း"

"အဲဒါကြောင့် ဦးကိုချစ်တာ"

ပြောပြီး ကျော့ကျော့က သူ့ပါးကို ရွှတ်ခနဲ နမ်းလေတော့

ဦးမင်းထက်သာမှာ နွားပြာကြီး အောက်သွားမရှိဆိုတာမျိုးလေ။



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ထွေးနေတဲ့စိတ်တွေ ခဏတာတော့ ပြေပျောက်သွားသလိုလို
ကျော့ကျော့က သူ့ဘေးနားမှာ ပူးပူးကပ်ကပ် ဝင်ထိုင်လေတော့ -

သူကလည်း ကျော့ကျော့ခါးလေးကိုပြန်ဖက်ကာ ကျော့ကျော့ပါးပြင်ကို နမ်းရှိုက်လိုက်လေသည်။

"ဦး"

"ဟင်"

"ဦး ကျော့ကျော့ကို တကယ်ချစ်တာရော ဟုတ်ရဲ့လား ဟင်"

"အကယ်တစ်ထောင် ချစ်တာပါဗျာ"

"ပိုပြီ"

"မယုံဘူးလား"

"ဟင့်အင်း"

"အဲဒါဆို ယုံအောင်"

"အယ် . . . ဦး"

ကျော့ကျော့လက်ကလေးကာတာ နောက်ကျသွားလေပြီ။ ဦးမင်းထက်ရင်ခွင်ထဲမှာ မလှုပ်သာမလွန့်သာဖြစ်သွားပြီလေ။ ဒါပေမဲ့ သူမ ကျေနပ်နေသည်သာ။

"ဟင်"





မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် မြယွန်း ခြေလှမ်းတွေ ရစ်န့်သွားလေသည်။ မမခင်က မီးဖိုချောင်ထဲမှာ အလုပ်ရှုပ်နေတော့ သူတို့ကို ဘယ်သတိထားနေနိုင်မှာတုံး။ ဒါကြောင့် သူတို့ ဖြစ်ချင်တိုင်း ဖြစ်နေကြတာ။

မြယွန်းက ဒီနေ့ ကောင်းကောင်းနေမကောင်းလို့ ရုံးတင်သွားတော့ဘဲ လမ်းမှာတင် ဆေးခန်းဝင်ပြပြီး ပြန်လာတာပါ။

ခုတော့ . . .

သူတို့ကိုပြန်လာပြီး ချောင်းသလိုဖြစ်နေပါရော့လား။ မဖြစ်ဘူး . . . ဒီကိစ္စ စူး မြင်သွားရင် လူသတ်ပွဲတွေဖြစ်ကုန်မှာ။

မြယွန်း ချာခနဲအပြင်သို့ ပြန်ထွက်လာခဲ့ပြီး -

"စူးနေ့ခ"

"ဗျာ . . . မမ"

"အိမ်ထဲမဝင်နဲ့ဦး"

"ဘာဖြစ်လို့လဲ မမရဲ့"

"မမ အရေးကြီးတဲ့ပစ္စည်းတစ်ခု ဝယ်ဖို့ မေ့ကျန်ခဲ့လို့ အဲဒါ သွားဝယ်ရအောင်"

"ဘာပစ္စည်းလဲ မမ၊ မမကျန်ခဲ့လေ ကျွန်တော် သွားဝယ်ပေးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဝယ်လို့မဖြစ်တဲ့ပစ္စည်းမို့လို့ပေါ့။ ကဲလာ . . . သွားအောင်"

"ဪ"

မြယွန်းက ကြုံသလိုပြောလိုက်တာကို စူးက တစ်ချက်အစိမ့်ပွာယ်ကောက်ပြီး ဘာမှဆက်မပြောဘဲ လှည့်ထွက်လာခဲ့လေသည်။ ကိုယ့်ယောက်ျား သူများနဲ့ဖောက်ပြန်လို့ စိတ်ဆိုးဒေါသဖြစ်ရမယ့်အစား စူးဖုန်ခနဲ့ ပြဿနာတက်မှာကိုပဲ မြယွန်းက စိုးရိမ်နေတာလေ။

မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် –

မြယွန်း ဘာမှမခံစားရဘူးလို့တော့ မထင်နဲ့။ ခံစားရတာပေါ့။ ဒီကိစ္စမျိုးကို ဘယ်သူက ခွင့်လွှတ်နိုင်မှာတဲ့လဲ။ အခုလို မမြင်ချင်ယောင်ဆောင်ပြီး လှည့်ထွက်လာခဲ့တာက ကိုယ့်အကြောင်းနဲ့ကိုယ်။ ကျန်ခဲ့တဲ့သူတွေမှာတော့ –

"ဦး"

"ဟင်"

"ကျော့ကျော့တို့ ဒီလိုချည်းပဲ နေသွားကြတော့မှာလားဟင် မမသိရင် ကျော့ကျော့နဲ့ဦး ဝေးရမှာ။ ကျော့ကျော့ ဦးနဲ့မခွဲနိုင်ဘူး"

"ဒီလိုချည်းပဲမနေလို့ ကျော့ကျော့က ဘာဖြစ်ချင်လို့လဲ"





"အခုလို ခိုးကြောင်ခိုးဝှက်ဘဝမျိုးနဲ့ ကျော့ကျော့မနေချင်တော့ဘူး။ ဦးနဲ့ကျော့ကျော့ လက်ထပ်ကြမယ်လေ"

"ဟာ . . . မဖြစ်နိုင်တာ"

"ဘာလို့မဖြစ်နိုင်ရမှာလဲ။ မမနဲ့ကျော့ကျော့ နှစ်ယောက်စလုံးကို ဦးပေါင်းမယ်ဆိုလည်း ပေါင်းပေါ့။ ကျော့ကျော့ကတော့ ဦးနဲ့ မခွဲချင်တာပဲ သိတယ်"

ကျော့ကျော့မှာ သူဖြစ်ချင်တာတွေပဲ ပြောနေတော့တာလေ။ ဦးမင်းထက် နှစ်သိမ့်ပေးရဦးမှာပေါ့။ သူပြောသလို လုပ်ဖို့က ဖြစ်မှမဖြစ်နိုင်တာ။ ကိုယ့်အရှက်နဲ့ ဂုဏ်သိက္ခာအတွက် အဲဒီလိုကြီးတော့ မလုပ်နိုင်ပါဘူး။ ပြီးတော့ မြယွန်း စိတ်ဆင်းရဲရမှာမျိုးလည်း သူ မလုပ်ချင်ပါဘူး။

"ကျော့လေးကလည်း အခုလည်း တစ်အိမ်တည်းမှာ အတူနေရတာပဲလေ။ ကျော့လေး ပူဆာသမျှလည်း တတ်နိုင်သလောက် ဦး ဝယ်ပေးနေတာပဲဥစ္စာ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ . . ."

ဦးမင်းထက် ကျော့ကျော့နှုတ်ခမ်းလွှာလေးကိုပိတ်ပစ်လိုက်သည်။ အခုနေတော့ ချော့ရဦးမှာပေါ့။ သူနိုင်းတာကို ကျော့ကျော့လုပ်တဲ့နေ့ သူမရော စူးရော ကိုယ့်စရိတ်နဲ့ကိုယ် သွားကြပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှဒါပေမယ့်နဲ့။ ဦးက ကျော့ကျော့ကိုချစ်တယ်။ ကျော့ကျော့ကလည်း ဦးကိုချစ်တာပဲဥစ္စာ ပြီးပြီပေါ့။ ဒီထက်ပိုပြီး လောဘမကြီးနဲ့လေ။ ရတဲ့နေရာမှာ ပျော်နိုင်အောင်ပဲ ကြိုးစား ပာတ်ပြီလား"

"______"

"ကျော့လေး လိမ္မာပါတယ်"

မကျေနပ်ချင်ပဲ ကျေနပ်လိုက်ရသည့်အဖြစ်ရယ်ပါ။ ဒါပေမဲ့လေ ကိုယ်ချစ်မိတာက လူပျိုလူလွတ်မှ မဟုတ်တဲ့ကိုး။ နတ်များလိုရှိတာလေးနဲ့ ကျေနပ်ပါ တောင်းပန်တာကိုပဲ ကျေနပ်ရမည်သာ။



## အခန်း (၂၆)

"ကိုကို"

"——"

"ကိုကို"

"ဟင်း"

"ဟင် ... ထူးပုံကြီးကလည်း"

လေသံကြားလိုက်တာနဲ့ နှုတ်ခမ်းစူပြီဆိုတာကို ရှူး သိနေသည်လေ။

ဒါကြောင့် လက်ထဲက ဂျာနယ်ကိုချပြီး ကြိုးကြာဘက်သို့ လှည့်ထိုင်လိုက်ကာ –



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ... ဘယ်လိုထူးရမှာလဲ။ ခင်ဗျာလို့ ထူးရမှာလား ပြော"

"အင်း ... ထူးပေါ့"

"အဲဒါဆို ပြန်ခေါ်လေ"

ပြန်ခေါ်ဆိုတော့ ရှဲ့တာလားတော့ မသိပါဘူး။

"ကိုကို"

"ခင်ဗျာ"

"ကိုကို့"

"ခင်ဗျာ"

စူးက အသံရှည်နှင့် ထူးလေတော့ ကြိုးကြာက ရယ်သေသည်။ အရင်က ချစ်သူရှိတဲ့လူတွေကိုကြည့်ပြီး စိတ်ရှုပ်စရာလို့ ရှုထင်ခဲ့တာလေ။

အခု ကိုယ်တိုင် ချစ်သူရှိလာမှ ပျော်စရာလေးပါလားလို့ သိလိုက်ပါပြီ။ အချစ်ဆိုတာ နူးညံ့သိမ်မွေ့ခြင်းတွေ စီးဝင်နေတဲ့ စမ်းချောင်းကလေးဖြစ်သလို တစ်ခါတလေကျတော့ မီးလိုပူတတ်သည်တဲ့။

"ကိုကိုက လိမ္မာတယ်"

"မိုက်ရင် ထောင်ကျမှာပေါ့"





"ဒါဆို ကိုကိုက ထောင်ကျမှာကြောက်လို့ လိမ္မာပြနေတာပေါ့ ဟုတ်လား"

"အင်း ... ဟိုထောင်တော့ ကျချင်ကျပါစေ၊ တစ်သက်လုံး လွတ်ရက်မရှိနဲ့လေ။ အဲဒါကြောင့် အခုမိုက်တော့မလို့"

"ဘယ်ထောင်လဲ"

"အိမ်ထောင်"

"ဟာ ... လူလည်ကြီး"

"ဘယ်လိုမိုက်မှာလဲ သိချင်လား"

"အင်း"

ခေါင်းညိတ်ပြပုံလေးက ကလေးတစ်ယောက်နှယ်မို့ စူး အသည်းယားသွားလေသည်။ ဒါကြောင့် ကြိုးကြာ လက်ကလေးကို ဆုပ်ကိုင်လိုက်ပြီး –

"ဒါဆို လိုက်ခဲ့၊ မိုက်ပြမယ်"

"ဘယ်ကိုလဲ ကိုကိုရဲ့"

"မြို့ထဲကိုလေ"

"မလိုက်ပါဘူး"

"မလိုက်ရင် ပွေ့ခေါ်သွားမှာပေါ့"

ပြောရင်း စူးက ပွေ့ချီမယ်လုပ်လေတော့ –



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကိုကို အဲဒီလိုမလုပ်ပါနဲ့၊ လိုက်မယ် ... လိုက်မယ်"

ကြိုးကြာပြောပြီး ထရပ်လိုက်တော့ စူးက လက်ဆွဲပြီးခေါ်ခဲ့လေတော့သည်။ မြို့ထဲကိုရောက်တော့ ဒန်းလေးပေါ်မှာ နှစ်ယောက်အတူထိုင်လို့ ချစ်ကျီစယ်သမှု ပြုရတာပျော်စရာပါ။

"ကြိုးကြာ"

"ဟင်"

"ကိုကို့ကို ချစ်လား"

"အင်း"

"အင်း ... ဘာအင်းလဲ၊ ပါးစပ်ကပြောတာ မဟုတ်ဘူး"

"ပါးစပ်ကပြောနေတာလေ ကိုကိုရဲ့။ ဘယ်သူက နားရွက်နဲ့ပြောနေလို့လဲ"

"မဟုတ်ဘူးလေ၊ ဒီပါးစပ်ကနေ ချစ်တယ်လို့ ပြောခိုင်းတာ"

စူး ကြိုးကြာ မျက်ဝန်းလေးတွေကို စိုက်ကြည့်နေတော့ ကြိုးကြာကလည်း သူ့ကိုပြန်ကြည့်ကာ –

"ချစ်တယ် ... အရမ်းချစ်"

"ဘယ်လောက်ချစ်လဲ"





"ဒီလောက်"

ကြိုးကြာက လက်မထိပ်နှင့် လက်ညှိုးထိပ်ထိပြီး ဝလုံးလို ကွင်းပြလေတော့ –

"နည်းတာပေါ့"

"ဒါဆို ဘယ်လောက်ချစ်ရမလဲ"

"ရင်နဲ့မဆန့်အောင်ချစ်ပေါ့"

"အင်း"

"လာပြန်ပြီ ... ဒီအင်း။ ဘာအင်းလဲ"

"ကိုကိုကလည်း ချစ်တယ်လို့ ပြောတာကို ရင်နဲ့မဆန့်အောင် ချစ်တယ်။ ဟောဒီကမ္ဘာကြီးလောက် ချစ်တယ်။ ချစ်တယ် ချစ်တယ် ချစ်တယ် ကိုကို့ကို အရမ်းချစ်တယ်။ ကဲ ... ကျေနပ်ပြီလား"

"ဟင့်အင်း ... မကျေနပ်ဘူး"

"ဟင်"

"ကျေနပ်အောင် အာဘွားပေး"

"––––"

အာဘွားဆိုတာနှင့် ကြိုးကြာမျက်နှာလေးမှာ ပန်းရောင်ဖြစ်လျက် ငုံ့သွားလေလျှင် စူးက မရမက လိုက်ငုံ့ကြည့်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



"ပေးလေ"

"ဟင့်အင်း"

"ဘာ . . . ဟင့်အင်းလဲ မရဘူး၊ ပေးရမယ်"

"ကိုကို ဘယ်လိုဖြစ်နေတာလဲ"

"ပေးဆို"

"ပါးယောင်အောင်ပေးရမှာလား"

ကြိုးကြာ မျက်စောင်းထိုးပြီးရွဲ့ပြောလေတော့ –

"ဟား ဟား . . . ချစ်သူကသာ ပေးမယ်ဆို ပါးယောင်ရုံတင် မကဘူး၊ ဒီပါးနှစ်ဘက်လုံး ပွဲကျသွားစမ်းပါစေဗျာ၊ ကဲ . . . ပေး"

"အဟွန်း"

တကယ်တမ်းပေးဆိုပြီး သူက မျက်နှာကို တိုးကပ်ပေးလေတော့ ကြိုးကြာမှာ ရှက်ရယ် ရယ်နေတာ တခစ်ခစ်နှင့်ပါ။ ဘယ်လောက်ပဲ စကားနည်းသူဖြစ်ပါစေ အချစ်နဲ့ပတ်သက်လာရင် မသင်ဘဲ တတ်တဲ့စကားလုံးတွေက နှုတ်ဖျားမှာ အလိုလို လှလို့ပါ။ စူးလည်း စကားတွေတတ်နေပြီလေ။

"ပေးလေကွာ၊ ဒီမှာ ခေါင်းငုံ့ပြီး စောင့်နေရတာ လည်ပင်းညောင်းနေပြီကွ"

"ပေးမယ် . . . မျက်စိမှိတ်"





"တကယ်နော်"

"အင်း"

"ကဲ . . . မှိတ်ပြီဗျာ"

စူး လက်ကိုပိုက်ပြီး မျက်စိကိုမှိတ်ထားလိုက်ပါပြီ။ ကိုယ့်ပါးပွင့်ဆီမှာ အေးခနဲဖြစ်သွားမလား၊ နွေးခနဲဖြစ်သွားမလားလို့ စိတ်ကူးနှင့် ရင်ခုန်နေမိသော်လည်း အတန်ကြာသည်အထိ ပါးပြင်ဆီမှာ ဘာ ထိတွေ့မှုမှ ရှိမလာပေ။

"ကြိုးကြာ"

"– – – – –"

"အာဘွားပေးတော့လေ၊ ဘာလဲ ကိုကို့ကိုစိုက်ကြည့်ပြီး ရင် ခုန်နေတာလား"

"– – – – – – –"

"ကြိုးကြာ"

ဘာ . . . တုံ့ပြန်သံမှ မကြားရဘဲ တိတ်ဆိတ်နေလေလျှင် စူး သည်းယားလာပြီး မျက်လုံးကိုဖွင့်ကြည့်လိုက်တော့ –

"ဟင်"

ကြိုးကြာက သူနှင့် ခပ်လှမ်းလှမ်းမှာရပ်နေပြီး လက်သူ့ကြိုးလေးကို ကွေးချည်ဆန့်ချည်လုပ်ကာ –



www.burmeseclassic.com

www.burmeseclassic.com



"ကရော် ကရော် ရှက်ပါတယ်ဟေ့"

"-----"

"ကရော် ကရော် ... ရှက်ပါတယ် ဟေ့"

"ကြည့်စမ်း ... လူကိုညာသွားတာ။ အညာမလေး တွေ့မယ်"

"ခစ် ခစ်"

စူးက ပြေးလိုက်လေတော့ ကြိုးကြာလည်း ထွက်ပြေးတော့သည်။ အခု ပြေးလို့လွတ်ပေမယ့် အိမ်ထောင်ကျသွားရင် ပြေးမလွတ်ဘူးဆိုတာ။

✵



## အခန်း (၂၇)

ဒီနေ့ ...

မြယွန်း ဇာတ်သိမ်းခန်းကို ရိုက်ရမှာပါ။ ဇာတ်ကားအစမှာ ...ကတော့ အဟုတ်သားပေါ့။ ဇာတ်လမ်းထဲကလိုပဲ အခုတော့ ...ယ့်လက်တွေ့ဘဝသည်လည်း စိတ်မချမ်းသာစရာ စိတ်ရှုပ်စရာ ...နိုင်ပါ။ ဇာတ်ကားဇာတ်သိမ်းခန်းနဲ့ တကယ့်လက်တွေ့ဘဝ ...သိမ်း ထပ်တူမညီပါစေနဲ့လို့ပဲ ဆုတောင်းရတော့မယ်လေ။

"စူးနေခ"

"-----"

"စူးနေခ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ကားပေါ်ရောက်နေပြီလို့"

ရှူး လှမ်းအော်လိုက်တာကြောင့် မြပွင့်နီး အိမ်ထဲက ထွက်လာဖို့ ဖိနပ်စီးနေစဉ် –

"မြပွင့်နီး"

မြပွင့်နီးလှည့်ကြည့်လိုက်တော့ ဦးမင်းထက်သာပါ။ သူ့မျက် ဘာမှ မပြောဘဲ တောင့်တောင့်ကြီးရပ်နေလေတော့ –

"ပြောလေ ဘာပြောမလို့လဲ"

"ပြောစရာရှိတာတော့ အမှန်ပဲ"

"ပြောစရာရှိတယ်ဆိုရင် ပြောပေါ့ အားမနာပါနဲ့"

ဦးမင်းထက်သာကလည်း ပြောချင်လို့လာခဲ့တဲ့သူပေ ဒါပေမဲ့ ... ချက်ချင်းမပြောသေးဘဲ ဇနီးဖြစ်သူကို စိုက်ကြည့်တာ အတန်ကြာမှ –

"ဒီနေ့ကစပြီး ရှူတင်ရော ရှူတင်မဟုတ်တာရော စူးနေ ကို ခေါ်သွားစရာမလိုဘူး"

"ဘာ"

"ဟုတ်တယ်၊ လူသစ်ရှာလို့ရမချင်း မင်း ဘယ်ကိုပဲ သွားသွား ကိုယ်လိုက်ပို့မယ်"

မြပွင့်နီး စိတ်ထဲမှာ တင်းခနဲဖြစ်သွားရ၏။





သူ့စကားအဓိပ္ပာယ်က ဘာလဲ။ လူသစ်ရှာလို့ မရမချင်း သူကိုယ်တိုင် လိုက်ပို့မယ်ဆိုတော့ စူးနေခကို အလုပ်ထုတ်မယ်ဆိုတဲ့ သဘောလား။ စူးနေခကို အလုပ် ထုတ်ဖို့ မြပွင့်နီး လက်မခံနိုင်ပေ။ ကိစ္စတွေက သူတို့ထင်သလိုမှ မဟုတ်တာ။

မဟုတ်ဘူးဆိုတာ ...

လက်တွေ့ပြချိန်တန်ရင်တော့ လက်တွေ့ပြမှာပဲလေ။ အခုက အချိန်မတန်သေးဘူးထင်လို့ဆိုတာထက် စူးနေခက မဖြေရှင်းပါနဲ့လို့ ပြောထားလို့လေ။

"အခုလည်း မင်းကို ကိုယ်ပဲ လိုက်ပို့မှာ"

"ဒါဆို ရှင်က ရှင့်အလုပ်ကို မလုပ်တော့ဘူးလား"

ဒါ မေးသင့်လို့မေးလိုက်တဲ့မေးခွန်းပါ။ ဦးမင်းထက်သာကတော့ အမြဲတမ်း ကိုက ကိုကလို့ထည့်ပြောနေတဲ့ ကိုယ့်ဇနီးက အခု ရှင်တွေ ဘာတွေ သုံးလာတော့ ရင်ထဲမှာ အခံရခက်သည်လေ။ သူစိမ်းဆန်တဲ့ အသုံးအနှုန်းက သူနဲ့ကိုယ့်ကြားမှာ [illegible]ခြားလိုက်သလို ပါပဲ။

"မင်းက ကိုယ့်ဘဝမှာ အရာအားလုံးထက် အရေးအကြီးဆုံးပဲ မြပွင့်နီး"

"ဩော် ... ဟုတ်လား"

www.burmeseclassic.com



ပြန်မေးလိုက်ပုံက ခပ်ထွေထွေပါ။ သူ့ဘဝမှာ မြယွန်းက အရေးအကြီးဆုံးတဲ့လား။ မြယွန်းက ကိုယ့်ကိုယ်ကိုယ် ကျော့ကျော့လောက် အရေးမပါတော့ဘူးထင်တာလို့ ပြောချင်လိုက်တာ။ ဒါပေမဲ့ မပြောတော့ပါဘူး။ ပြောလို့ စကားများကြရင် စူးနေခပါလာမှာစိုးလို့လေ။

ဒါဆို ...

ကျော့ကျော့က နံပါတ်ဘယ်လောက်မှာ အရေးပါနေလဲ။ သဝန်တိုလို့ထက် ကိုယ့်သမီးအရွယ်လောက်ရှိတဲ့ ကျော့ကျော့ဘဝလေးကို နမြောလိုက်တာ။ ကိုယ်က ပြုပြင်ပေးချင်ပေမယ့် ကိုယ်သိတဲ့အချိန်က နောက်ကျနေခဲ့ပြီ။

"ကဲ သွားမယ်"

"ခဏနေဦး"

ဦးမင်းထက်သာက အရင်ထွက်သွားလေတော့ မြယွန်း တားလိုက်ရာ ဦးမင်းထက်သာ၏ခြေလှမ်းတွေ ရပ်တန့်သွားလေ၏။

"ရှင်က စူးနေခကို အလုပ်ထုတ်မယ်ဆိုတဲ့သဘောလား"

"အဖြေက ရှင်းနေတာပဲ"

"ကျွန်မ လက်မခံဘူး"

"ဘာ"





"ကျွန်မဘဝမှာ စူးနေခမရှိရင် မဖြစ်ဘူး။ မရှိမဖြစ်က ရှင်တို့ ထင်သလို အခြေအနေမျိုးနဲ့တော့ မဟုတ်ဘူး"

"မြယွန်း"

"သူနဲ့ကျွန်မရဲ့ပတ်သက်မှုကို ရှင်သိအောင် ကျွန်မ အခုပဲ ပြောပြမယ်"

"မမ"

စူး ကားပေါ်က စောင့်နေရာကနေ ကားတံခါးကို အတင်းတွန်းဖွင့်ပြီး ဆင်းလိုက်သည်။ သူ ကြားနေရတာပဲလေ။

"မမ ပြောစရာမလိုဘူးနော်"

"မပြောလို့မရဘူး စူးနေခ။ အခုချိန်မှာမှ မပြောရင် သူတို့ ထင်ချင်ရာထင်နေကြဦးမှာ"

"ထင်ပါစေ၊ အဓိက,က မမနဲ့ကျွန်တော် လိပ်ပြာသန့်ဖို့ပဲလေ"

"စူးနေခ"

စူးကိုမော့ကြည့်လိုက်တဲ့ မြယွန်းရဲ့မျက်ဝန်းထဲမှာ မျက်ရည်တွေ ပြည့်လာသည်။

"ဒါဆို ငါက မင်းနဲ့အဝေးခံရမှာလား။ ငါ့ဘဝမှာ မင်းမရှိလို့ မဖြစ်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"စုးနေခက အဲဒီလောက်တောင် ငါ့ထက်ပိုအရေးကြီးနေ သလား မြယွန်း"

မြယွန်း သူ့ကို ဆတ်ခနဲလှည့်ကြည့်လိုက်ပြီး –

"ဟုတ်တယ် အရေးကြီးတယ်၊ စုးနေခက ကျွန်မသာ အတွက် အလေးအနက်ထားရဆုံး အရေးကြီးဆုံး လူတစ်ယောက် ပဲ။ ဘာဖြစ်လို့ အရေးကြီးလဲ ရှင်သိချင်လား။ ကျွန်မပြောမယ် စုးနေ က ကျွန်မရဲ့"

"မမ"

"–––––"

"မမ,မပြောနဲ့နော်။ မမပြောရဲပြောကြည့် ကျွန်တော် မမနဲ့ အဝေးဆုံးကို ထွက်သွားလိုက်မှာ"

"ဟင်"

"အစ်ကိုကြီးကိုလည်း ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော်နဲ့မမအပေါ်မှာ အမြင်ရှင်းပေးပါ။ အစ်ကိုကြီးတို့ ထင်သလို မဟုတ်ဘူးဆိုတာ"

"မင်း ဘာနဲ့အာမခံမှာလဲ"

စုး နှုတ်ခမ်းကို တင်းတင်းစေ့လိုက်မိပြီးမှ –

"ကျွန်တော် ခေါင်းနဲ့ အာမခံပါတယ်"





"ကောင်းပြီလေ ... မင်းရဲ့ခေါင်းကိုဖြတ်ပြီး ငါ ထောင်ထဲ ဝင်ရမယ့်သူ မဖြစ်ပါစေနဲ့"

ပြောပြီး ဦးမင်းထက်သာ အိမ်ထဲသို့ ပြန်ဝင်သွားလေတော့ သည်။ စုးကလည်း ခေါင်းတင်မကလို့ တစ်ကိုယ်လုံးနဲ့လောင်းကြေး ထပ်ပြီး အာမခံရဲတယ်လေ။ ဘယ်သူတွေ ဘယ်လိုပဲထင်ထင် စုး ရှုမကိုက်တာ မမနဲ့စုးက သွေးသားအရင်းအချာတွေမို့ပါ။ ဒါကို ခေါ်ခင်ရယ်၊ မမရယ်၊ စုးရယ်၊ ကြိုးကြာရယ်ပဲ သိတာပါ။

"မမ ကိုကို"

"ဟင်"

ပြေးလာတာက ကြိုးကြာမို့ စုးက မျက်နှာကိုမပြင်ပေမယ့် မြယွန်းက ချက်ချင်း မျက်နှာကိုပြင်ပြီး ပြုံးလိုက်လေလျှင် ကြိုးကြာ အနားရောက်လာပြီး –

"မမ ဒီနေ့ ဓာတ်သိမ်းခန်းရိုက်မှာဆို"

"အင်း ... ဟုတ်တယ်လေ"

"ဒါဆို ကြိုးကြာကြည့်ချင်လို့ ကြိုးကြာလည်း လိုက်မယ် လေ"

"လိုက်ခဲ့လေ"

"ပေး"



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကြာ 'ဟေး' က ခပ်တိုးတိုးအော်လိုက်ကာ မြယွန်း လက်မောင်းကိုဖက်တွယ်၍ ကားပေါ်သို့တက်ကာ လိုက်ပါသွားထေ တော့သည်။ လမ်းမှာ ကြိုးကြာနှင့်မြယွန်းသာ စကားတွေပြောပြီး စူးက လုံးဝ စကားမပြောပေ။ ရှူတင်ကိုရောက်လို့ မြယွန်းနဲ့လူကွဲသွားမှာ

ကြိုးကြာ ကိုကို့မျက်နှာကိုကြည့်ပြီး သတိထားမိသွားသည် လေ။ စူး မျက်နှာမကောင်းတာကြောင့် –

"ကိုကို"

"……"

"ကိုကို့မျက်နှာလည်းမကောင်းဘူး ဘာဖြစ်နေတာလဲဟင်"

"ဘာမှမဖြစ်ပါဘူး"

"မညာပါနဲ့ ကိုကိုရယ်။ ကိုကို့ရင်ထဲမှာ တစ်ခုခုဖြစ်နေ တယ်ဆိုတာ ကြိုးကြာ သိပါတယ်"

ပြောပြီး ကြိုးကြာ စူးလက်မောင်းကို ဖက်တွယ်လိုက်ပြီး–

"ကိုကို ဘာကိုခံစားနေရတာလဲ ဟင်"

"ကျွတ် … ကိုယ်မပြောချင်ဘူး ကြိုးကြာ"

"ကိုကိုကလည်း ကြိုးကြာက ကိုကို့ရဲ့ချစ်သူလေ။ အေး အတူ ပူအမျှပေါ့ ကိုကိုရဲ့။ ကြိုးကြာကိုမှ ပြောမပြရင် ကိုကို ဘယ် သူကို ပြောပြမှာလဲ"





စူး ကြိုးကြာမျက်နှာလေးကို ခပ်ထွေထွေလေးစိုက်ကြည့် လိုက်မိ၏။ ပြောပြလိုက်ရင် တကယ်ပဲ ရင်ထဲမှာပေါ့သွားမလား။ ဟုတ်တော့ဟုတ်ပါတယ်။ ကြိုးကြာက ကိုယ့်ချစ်သူဆိုတာထက် မကြာခင်ပဲ ဇနီးဖြစ်ရတော့မည့်သူ။ ပြီးတော့ သူတို့ရဲ့လျှို့ဝှက်ချက်ကို လည်း သိနေတာပဲလေ။

"ကိုကို စိတ်ညစ်နေလို့ပါ"

"အဲဒီ စိတ်ညစ်ရတဲ့အကြောင်းရင်းကို ပြောပြလေ"

စူး သက်ပြင်းချလိုက်မိပြီး –

"အစ်ကိုကြီးက ကိုကို့ကို အလုပ်ထုတ်ချင်နေပြီ"

"ဟင်"

ကြိုးကြာ ကိုကို့မျက်နှာကို မော့ကြည့်ပြီး သနားသွားရ သည်။ ကြိုးကြာ ကိုယ်ချင်းစာပါသည်လေ။ ဒါကြောင့် နှစ်သိမ့်ပေးဖို့ အတွက် စူးခါးကို ဖက်လိုက်ကာ –

"ကိုကိုရယ် … သူ ကိုကို့ကိုအလုပ်ထုတ်ချင်လည်း ထုတ် လို့ မရတော့ဘူးလေ။ ကိုကိုက မကြာခင်မှာ ကြိုးကြာတို့အိမ်သား ဖြစ်တော့မှာပဲဟာ"

"ဟုတ်တော့ … ဟုတ်ပါတယ်"

"ဘာကမဟုတ်လို့လဲ ကိုကိုရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မမက ဖွင့်ပြောဖို့ကြိုးစားနေတာ"

"ပြောဖို့အချိန်တန်နေပြီလေ ကိုကိုရဲ့"

စူး ခေါင်းငိုက်စိုက်ချ၍ ဘာမှဆက်မပြောတော့ပေ။ တကယ်ပဲ ဖွင့်ပြောကြတော့မှာလား။ ဖွင့်ပြောလိုက်ရင် မမရဲ့အရှက် မမရဲ့ဂုဏ်သိက္ခာတွေကို ထိခိုက်မှာစိုးလို့ပါ။ ကိုယ်လည်းမမလို့ ခေါ်ရတာ ဘဝင်ကျလို့မှမဟုတ်ဘဲ။ အခြေအနေအရ ခေါ်နေရတာလေ။

တကယ်ဆို မမလို့ခေါ်ရမယ့်အစား တကယ်ခေါ်သင့်တဲ့ အစစ်အမှန် နာမ်စားတစ်ခုကိုပဲ ခေါ်ချင်တာပေါ့။

"ကိုကို"

"------"

"ကိုကို ဘာလို့ အမှန်တရားကိုဆက်ပြီး ဖုံးကွယ်ချင်နေတာလဲ။ အမှန်တရားကို တစ်သက်လုံး ဖုံးကွယ်ထားလို့မရဘူးလေ ကိုကိုရဲ့"

"ကိုကို နားလည်ပါတယ်"

အခုချိန်မှာ ချစ်သူကသာ ကိုယ့်အတွက် အားကိုးရာ တွယ်တာရာလိုဖြစ်နေပြီး ခံစားရသမျှ ချစ်သူကိုယ်လေးကိုပွေ့ပြီး ဖြေသိမ့်လိုက်ရသည်သာ။

✸



## အခန်း (၂၈)

"ကိုကို လာကြည့်ဦးလေ။ ဒီအရောင်လေး ကြိုက်လား"

စူး ရှက်ကိုးရှက်ကန်းပုံစံနှင့် ဘေးဘီကို အရင်ကြည့်မိသည်လေ။

ပြီးမှ ကြိုးကြာအနားသို့ရောက်လာပြီး —

"ကြိုးကြာ ဝတ်မှာပဲလေ။ ကြိုးကြာကြိုက်တဲ့အရောင်ကို ရွေးပေါ့"

"ကြိုးကြာက ကိုကိုကြိုက်တဲ့အရောင်ကို ဝတ်မယ်လို့ စိတ်ကူးထားတာ ကိုကိုရဲ့။ အဲဒါကြောင့်မေးတာကို"

"ရပါတယ်၊ ကိုကိုက ဘယ်အရောင်ကိုကြိုက်တယ်လို့



www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်ချက်ချထားတာ မရှိဘူး။ ကြိုးကြာကြိုက်လို့ ဝတ်တဲ့ အရောင်က ကိုကို့မျက်စိထဲမှာ လှနေမှာပဲ''

''အဲဒါဆိုလည်း ပြီးရော''

စူး ပြုံးနေလိုက်မိသည်။ မမရဲ့ရွေးချယ်မှုက မှန်ကန်ပါတယ်။ စူးကိုယ်တိုင်ကလည်း ကြိုးကြာကိုချစ်တာပဲလေ။ ရေစက်လို့ပဲ ပြောရမလား။ ဖူးစာလို့ပဲ ဆိုရမလား။ ဒီလို ဆုံကြဖို့အတွက် စူးကလည်း မမတို့အိမ်ကို အရောက်လာပြီး ကြိုးကြာကလည်း ဖူးစာရှင်ကိုယ်တိုင်ရှိတဲ့ အရပ်ကို ပြောင်းလာတာပဲလေ။

တစ်ခါတလေ . . .

လူတစ်ယောက်နဲ့တစ်ယောက် တွေ့ဆုံမှုက ဒီထက်မက အံ့ဩဖို့ကောင်းလှသည်လေ။

''စူး''

''_____''

''စူး''

''ဟင်''

နောက်ကနေ ပခုံးကိုပုတ်ပြီး ခေါ်လိုက်တာကြောင့် စူး လှည့်ကြည့်လိုက်တော့ မိုးသားဖြူဖြူပါ။ မတွေ့ချင်တဲ့သူနဲ့မှ လာတွေ့နေတယ်။ စူး မျက်မှောင်ကြုတ်ကြည့်လိုက်တော့ –





''ကြည့်နေပုံက မမြင်ဖူးတဲ့အတိုင်းပဲ။ ဘာလဲ မမြင်ဖူးဘူးလား''

''မမြင်ဖူး၊ မတွေ့ဖူးခဲ့ရင် ပိုကောင်းမှာ''

''ဟင်''

ကဲ . . . မှတ်ကရော။ သူက ရွဲ့မေးတော့ ကိုယ်က ရင်ထဲမှာ ရှိတဲ့အတိုင်း ဖြေတာလေ။ ကြိုက်တာ မကြိုက်တာက သူ့အကြောင်းပေါ့။

''ဘာဖြစ်လို့လဲ စူးရဲ့၊ လူတစ်ယောက်နဲ့တစ်ယောက် သိကျွမ်းခင်မင်ကြတာ ရေစက်ရှိလို့ပဲဥစ္စာ''

ကြိုးကြာက မိုးသားဖြူဖြူကိုမြင်တော့ စူးအနားသို့ရောက်လာသည်။ မိုးသားက မခိုးမခန့်ပြုံး၍ –

''စူးနဲ့ကြိုးကြာ စေ့စပ်တော့မယ်ဆို''

''ဟုတ်တယ်''

''ဘယ်နေ့လဲမသိဘူး''

''အဲဒါ မင်းသိဖို့မလိုဘူးထင်တယ်''

''သိချင်လို့ မေးကြည့်တာကို မပြောချင်လည်း ရပါတယ်။ ဒါပေမဲ့ . . . တို့ ကြိုးကြာကိုတော့ အရမ်းသနားတယ်''

ကြိုးကြာ မျက်ခုံးလေး နှစ်ဖက်စုကျုံ့သွားလေသည်။ သူက



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုသနားတာလဲ။ သူ သနားရအောင် ကြိုးကြာဘဝက ရို
ယွင်းချို့တဲ့နေတာမှ မဟုတ်ဘဲလေ။

"မမိုးသားက ဘာကိုသနားတာလဲ။ ကြိုးကြာက သနား
စရာကောင်းလောက်အောင် ဒုက္ခိတမှမဟုတ်တာ"

"လူဒုက္ခိတထက် နှလုံးသားဒုက္ခိတဖြစ်မှာ ကြိုးမြင်နေလို့
တို့က သနားတာလေ"

"ဘယ်လို"

"မင်း တော်တော်သနားဖို့ကောင်းတယ် ကြိုးကြာ။ မင်း
စူးကို လက်ထပ်လိုက်လို့ စူးရဲ့နှလုံးသားကို မင်းပိုင်မယ်လို့မှာ
ထင်နေလား။ စိတ်ကူးယဉ်အဆင့်နဲ့တင် ကွယ်ပျောက်ပြီး တစ်ချ
မင်းက အသုံးချခံအဖြစ်နဲ့ ဒူးနဲ့မျက်ရည်သုတ်ရမှာ မြင်ယောင်ပါသေး
တယ်"

"မိုးသားဖြူဖြူ"

သူက ခနဲ့တာကို ကိုယ်က ပြန်ရွဲ့ဖို့ ကြိုးကြာ စူးရဲ့လက်ချောင်း
ကို ဖက်လိုက်သည်။ မိုးသားဖြူဖြူ ဘာပြောချင်တယ်ဆိုတာကို ကြိုး
ကြာသိတာပေါ့။ ဒါပေမဲ့ ကြိုးကြာက အမှန်တရားကို သိထားတဲ့သူ
လေ။ အမှန်တရားကို မသိတဲ့သူတို့အတွက်သာ မမနဲ့ ကိုကို့ဆက်ဆံ
ရေးက သူတို့အတွက် အမဲကိုပက်ဖို့ သဲဖြစ်နေတာ။





ကြိုးကြာကလည်း –

ကိုကိုက သဲလူးထားတဲ့ အမဲဖြစ်နေလည်း ရေဆေးစား
ချင်သူပါ။ ဘာလို့လဲဆို ကိုကို့ကိုချစ်လို့ပဲပေါ့။

"ဝေ့ဝိုက်ပြီး ပြောမနေပါနဲ့။ မမိုးသား ဘာကိုပြောချင်တာ
လဲ တည့်တည့်ပဲပြောပါ"

"မင်း တော်တော် ထူသေးတာပဲ ကြိုးကြာ။ ဒီလောက်ပြော
ပြနေတာတောင် နားမလည်သေးဘူးလား။ ဒါဆိုလည်း ပြောပြရသေး
တာပေါ့"

စူး ပြောပါစေဆိုပြီး ပါးစပ်ပိတ်နေလိုက်၏။ ကြိုးကြာက
သူတို့အကြောင်းနဲ့ လျှို့ဝှက်ချက်တွေကို သိနေတာပဲလေ။ ဘာများ
သိဖို့စရာရှိလို့လဲ။ ကြိုးကြာကလည်း ပြောဆိုသည့်သဘောနှင့်
မျက်နှာလေးကို မော့၍ နားထောင်နေလေသျှင် –

"မင်း မျက်စိမမှန်ရင် မြင်မှာပါ"

"ဘာကိုလဲ"

"မမမြယွန်းနဲ့ စူးရဲ့ဆက်ဆံရေးကိုလေ။ တစ်ယောက်နဲ့
တစ်ယောက် အရမ်းကရုဏ်ဆိုက်ပြီး ကြင်နာနေကြတာ သာမာန်မှမဟုတ်
ဘဲ။ တော်ကြာ မင်းက ကြောင်တောင်နိုက်တယ်ဆိုတဲ့ပုံစံမျိုး ဖြစ်
သွားမှာစိုးလို့ တို့က ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မိုးသားဖြူဖြူ ... မင်းမမနဲ့ ငါ့သိက္ခာကို မစော်ကားနဲ့နော်"

"အဟွန်း"

"ငါ ဒီထက်ပိုပြီး သည်းမခံနိုင်တော့ဘူး"

"သည်းခံလိုက်ပါ ကိုကိုရယ်။ စပွန်ဆာပေးနိုင်မယ့် ယောက်ျားဆိုရင် အိုအိုပျို့ပျို့ အလွတ်မပေးချင်တဲ့သူတွေရဲ့ အတွေးထဲမှာတော့ သူ့များကိုလည်း သူ့စိတ်နဲ့ နှိုင်းကြည့်နေမှာပေါ့"

"ဘာ"

"ညီအစ်ကိုမောင်နှမစိတ်ဓာတ် မထားနိုင်သူတွေအတွက် သားအမိ မောင်နှမတွဲသွားရင်တောင် သူတို့လိုပဲလားလို့ တွေးမှာ မဆန်းဘူးလေ"

"ရွှေကြိုးကြာ"

"----"

"နင် ဘာစကားပြောတာလဲ"

ကိုယ်ထိတော့ မချိအောင်နာတတ်သွားတာလား။ မိုးသားဖြူဖြူ မျက်လုံးတွေမှာ ဒေါသရောင်တောက်သွားသည်လေ။ လူတွေက မှန်တာပြောရင် နာတတ်တယ်တဲ့။

"ကြိုးကြာပြောတဲ့စကားထဲမှာ ဘယ်သူဘယ်ဝါ နာမည်





ပါသွားနော်။ တိုက်ဆိုင်မှုရှိရင်တော့ မတတ်နိုင်ဘူးပေါ့"

"တောက်"

"လာ ... သွားမယ်ကိုကို"

ပြောပြီး ကြိုးကြာ ကိုကိုလက်မောင်းကိုဆွဲပြီးထွက်လာခဲ့တော့ ဆိုင်ရှင်က မိုးသားဖြူဖြူကို ရင်ထဲက ကျိတ်ပြီး ဆဲနေမလားတော့ မသိပေ။

ဘာဖြစ်လို့လဲဆို သူ့ကာစတန်မာကို ဘာမှမဝယ်ဘဲ ထွက်သွားအောင်လုပ်လို့လေ။

"ကိုကို"

"ဟင်"

"မမိုးသားက ဘာလို့ အဲဒီလိုစကားမျိုးတွေ ပြောရတာလဲ သိဘူးနော်။ ကိုကို့ကို တစ်ဖက်သတ်များ ကြိုက်နေလား မသိဘူး"

"အဲဒါ သူ့စိတ်ပဲဥစ္စာ။ ကိုကိုက ဘယ်လိုလုပ်ပြီး သိမှာလဲ ကြိုးကြာရဲ့"

"ကြိုးကြာကတော့ အဲဒီလိုပဲထင်တယ်"

"ကောင်မလေး သဝန်တိုနေတာလား"

ရှူးစကားကို ကြားလိုက်ပေမယ့် ကြိုးကြာ ပြန်မပြောဖြစ်ပေ။ အတွေးက ရှေ့ဆက်နေလို့လေ။ မိုးသားဖြူဖြူအကြောင်း မမ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ပြီးတော့ သူ့အကြောင်းကိုယ့်အကြောင်းတွေပေါ့။

"ဟော့"

"ဟင်"

"မေးနေတာကြားလား"

"ဘာလဲကိုကို"

"သဝန်တိုနေတာလားလို့"

"တိုစရာလား ကိုကိုရဲ့။ ကြိုးကြာက ကိုကို့ကို ယုံကြည်တာပဲဟာ။ ကိုကိုကသာ ကြိုးကြာကို တကယ်ချစ်လား မချစ်လား မသိတာ"

"ဩော် ... ချစ်ပါပြီကော ကြိုးကြာရယ်။ မယုံဘူးလား"

"မယုံဘူး"

"ဘယ်လိုသက်သေပြရမလဲ"

"သေပြ"

"ဟင်"

စူး ကြိုးကြာစကားကြောင့် သဘောကျစွာရယ်လေသည်။ ကလေးစိတ်ကလေးပါလာ။ ကိုယ့်ထက်လည်းငယ်တာကိုးလေ။ ငယ်တဲ့သူဆိုတော့ ဆိုးချင်နွဲ့ချင်မှာပေါ့။

"သေပြလို့ဖြစ်မလား ကြိုးကြာရဲ့။ ကိုကိုသေရင် ကြိုးကြာ





ခံစားရမှာပေါ့။ ပြီးတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ ကြိုးကြာပဲ မုဆိုးမဖြစ်မှာပေါ့"

"ဟာ ... ကိုကို ဘာတွေလျှောက်ပြောနေတာလဲ။ ဖွဟဲ့ ... လွဲပါစေ ဖယ်ပါစေ"

"ဒါနဲ့များ သေပြခိုင်းနေသေးတယ်"

ပြောပြီး စူး ဘေးဘီကိုဝေ့ကြည့်လိုက်ကာ လူလစ်တာနှင့် ကြိုးကြာပါးပြင်လေးကို ဖျတ်ခနဲ ငုံနမ်းလိုက်လေတော့သည်။

✸



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ကျော့ကျော့ ဦးနိုင်းတဲ့အတိုင်း လုပ်ဖို့အခြေအနေကို စောင့်ကြည့်နေခဲ့တာလေ။ အခုလည်း စူးအခန်းထဲ ဝင်သွားတာမြင်လို့ လိုက်လာခဲ့တာပါ။ အခန်းတံခါးကို တွန်းကြည့်လိုက်တော့ ပိတ်မထား တာကြောင့် ဝင်လာခဲ့လေလျှင် –

"ဟင်"

"စူး"

ကျော့ကျော့ လက်ထဲက ဖုန်းကိုငုံ့ကြည့်ပြီး မက်ဆေ့ချ် တစ်စောင်ပို့လိုက်သေးသည်လေ။ ဦးဆီကိုလေ။ စူးအခန်းရှေ့ကို လာခဲ့ပါလို့ပေါ့။ ပြီးမှ . . . ခေါင်းကို ပြန်မော့လိုက်လေလျှင် စူးက





အံ့ဩသလို သူမကိုကြည့်ပြီး –

"ကျော့ကျော့ . . . နင် ဘာလာလုပ်တာလဲ"

"အဟွန်း"

"ဒါ . . . ငါ့အခန်းနော်၊ ယောကျ်ားလေး အိပ်တဲ့အခန်းထဲကို နင်က ဘာလာလုပ်တာလဲ"

"စူးကို ပြောစရာရှိလို့ပါ"

"ပြောစရာရှိရင် နင် အပြင်ကနေ ခေါ်ပါလား။ ငါထွက်လာမှာပေါ့။ ကဲ ပြော . . . ဘာပြောမှာလဲ၊ မြန်မြန်ပြော။ ပြီးရင် ထွက်သွားတော့"

တဖြည်းဖြည်းနှင့် ကျော့ကျော့က ရှေ့သို့ တိုးလာလေလျှင် . .

"ကျော့ကျော့"

"––––––––"

"နင် နင် ရှေ့တိုးမလာနဲ့နော်"

"ဩော် . . . ကောက်ညှင်းကမစေး ဆန်ကြမ်းက စေးနေပြန်ပါပြီ စူးရယ်။ ကျော့ကျော့ကိုများ ကြောက်နေလိုက်တာ သရဲ တစ္ဆေကျနေတာပဲ"

"နင် လိုရင်းကိုပဲပြော"

၄



www.burmeseclassic.com

www.burmeseclassic.com



ကျော့ကျော့က ခေါင်းလေးကို ငုံ့လိုက် ကိုယ်လေးကို နွဲ့လိုက် လုပ်ကာ –

"လိုရင်းကို ပြောရရင် စူးကို အရမ်းချစ်တယ်"

"ဟာ"

ပြောပြီး ကျော့ကျော့က စူးခါးကို အတင်းဖက်ပြီးတွန်းလိုက်တော့ စူး ခုတင်ပေါ်သို့ ဖင်ထိုင်ကျသွားသည်တွင် –

"ကျော့ကျော့ . . . နင် ဘာလုပ်တာလဲ ဖယ်စမ်း"

"_______"

"ဖယ်စမ်းလို့ ပြောနေတယ်နော်"

"ဟင့်အင်း"

ကျော့ကျော့က ခွာလို့မရအောင် အတင်းတိုးဖက်နေတော့ စူးမှာ ဘာလုပ်ရမှန်း မသိတော့ပေ။ ကြမ်းကြမ်းတမ်းတမ်း တွန်းထုတ်ဖို့ကျတော့ မိန်းကလေးမို့လို့ ညှာနေရတာပါ။ တစ်ယောက် လောက်တွေ့သွားရင် ဒုက္ခ။

"စူးနေခ"

"______"

စူးခနဲထွက်လာတဲ့အသံနှင့်အတူ –

"စူးနေခ လူမိုက်"





အခန်းထဲကိုဝင်လာတာ မြယွန်းနဲ့ ဦးမင်းထက်သာ ဖြစ်ပြီး မြယွန်းက ဒေါနှင့်မောနှင့် ကျော့ကျော့ကို ဆွဲဖယ်တွန်းထုတ်ပစ်လိုက် သည်။ မြယွန်းကို ဦးမင်းထက်သာ မာယာစကားတွေနဲ့ လှည့်ဖြားပြီး ခေါ်လာခဲ့တာလေ။ အခု ဦးမင်းထက်သာနှင့် ကျော့ကျော့ကတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အောင်နိုင်သူအပြုံးမျိုးတွေ နှင့်ပေါ့။

မြယွန်းကတော့ . . .

မြင်လိုက်ရတဲ့ မြင့်ကွင်းကြောင့် ဒေါသနှင့် တဆတ်ဆတ် တုန်ကာ –

"လူမိုက်"

"မွမ ကျွန်တော် မဟုတ်ဘူးနော်။ မမထင်သလို မဟုတ် ဘူး"

"ဘာမဟုတ်တာလဲကွ။ လက်တွေ့မိနေတာတောင် ငြင်း ချင်တုန်းလား။ မင်းတော်တော်ယုတ်မာတဲ့ကောင်ပဲ စူးနေခ။ မင်း မျက်နှာကို ငါမမြင်ချင်ဘူး။ မင်းလိုကောင်ကို ခေါ်ထားမိတာ တို့မှား တာ။ မင်း ကျော့ကျော့ကို လက်ထပ်မှာလား လက်မထပ်ဘူးလား အဲဒါပြော"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မြယွန်းရော စူးပါ ဦးမင်းထက်သာဆီသို့ အကြည့်ရောက် သွားကြသည်။ စူးစိတ်ထဲမှာ တင်းခနဲဖြစ်သွားရ၏။ ဒါ ကိုယ့်ကို တမင်သက်သက် ချောက်ချတာ။ သူ ခြေတော်တင်ထားတဲ့မိန်းမကို နွားမနှံ့ပိတ်ရောင်းတာမျိုး။ ကိုယ့်ကို တရားခံလုပ်ပြီး အမိဖမ်းတာ

"မင်း ကျော့ကျော့ကို လက်ထပ်ရမယ်"

စူး တစ်ခုခုပြန်ပြောဖို့ ပါးစပ်ပြင်လိုက်စဉ်မှာပဲ မြယွန်းက စူးကိုယ်ကို သူမဘက်သို့ ဆွဲလှည့်ကာ –

"လူမိုက်"

"ဖြန်း"

ပါးတစ်ဖက်ပူသွားပေမယ့် စူး ဂရုမစိုက်နိုင်ပေ။ အမှန်တရားကို ဖြေရှင်းပြဖို့က အရေးကြီးနေတာ မဟုတ်လား။ ဒါကြောင့် မျက်နှာကို ဆတ်ခနဲပြန်မော့ကာ နှုတ်ခမ်းကို ဖိကိုက်မိလိုက်၏။

"စူးနေခဲရယ် ... နင် တောက်"

"မဟုတ်ဘူး မမ၊ သူတို့ ကျွန်တော့်ကို ချောက်ချနေကြတာ။ ဒီမှာ ဦးမင်းထက်သာ ..."

"———————"

ခေါ်ပြီး ဇာတ်ရင်းဇာတ်မြစ်ကို ထုတ်ဖော်သည့်အထိတော့ မပြောချင်ပေ။ ဘာဖြစ်လို့လဲဆို ဦးမင်းထက်သာက မမရဲ့ယောက်ျား





ဖြစ်နေလို့ပဲပေါ့။

ဒါကြောင့် –

"ကျော့ကျော့ကိုလက်ထပ်ရအောင် ကျွန်တော် နွားမဟုတ်ဘူးဗျ။ ခင်ဗျားတို့ ကိုယ့်အကြောင်းကိုယ်သိတယ်ဆိုရင် မရှက်တတ်ဘူးလားလို့ ကျွန်တော် မေးမယ်။ ခင်ဗျားတို့ မရှက်တတ်ဘူးလား"

"ဟင်"

စူးရဲ့စကားကြောင့် မြယွန်း နားလည်လိုက်ပါပြီ။ ယုတ်မာလိုက်ကြတာ။ ကိုယ့်အပြစ်လွတ်အောင် သူများအပေါ် ပုံချချင်တဲ့လူတွေ။ ဒေါသကြောင့် မြယွန်း မျက်ရည်တွေကျလာပြီး ရင်ထဲမှာ ဆို့နင့်ကျိုပ်ခဲလာသည်။ နှလုံးခုန်သံတွေကလည်း မြန်လာပြီး ဘယ်ဘက်ရင်အုံကို လက်နှင့်ဖိလိုက်ပေမယ့် –

"လုပ်ရက်လိုက်တာ လုပ်ရက်လိုက်ကြတာ"

"ဟင်"

"အား"

"မမ"

"မြယွန်း"

စူး မမကို လှမ်းထိန်းလိုက်စဉ်မှာပဲ –

"သား"



www.burmeseclassic.com

www.burmeseclassic.com



"မမ"

"-----"

"မမ . . . မမ . . . မပြောပါနဲ့၊ မမ မပြောပါနဲ့ဗျာ"

"မြယွန်း"

"မမ"

ခေါ်နေကြရင်းမှာပဲ မြယွန်းတစ်ယောက် မျက်လုံးပြူးနှင့် စူးကိုကြည့်ကာ နောက်တော့ ခွေကျသွားလေလျှင် –

"မမ"

"-----"

"မမ မမ ဘာဖြစ်သွားလဲမသိဘူး၊ လုပ်ကြပါဦးဗျာ မမ"

"မြယွန်း"

"ဟင်"

ဆူဆူညံညံအသံတွေကြားလို့ အပြေးရောက်လာတဲ့ ဒေါ်ခင် မြယွန်းဆီကိုသာ ဦးတည်ပြီး အရင်သွားလိုက်၏။ အခြေအနေကို အကဲခတ်ပြီး အသက်ရှူသံကို နားထောင်လိုက်တော့ –

"ဟင်"

"မြယွန်း"

"မမ . . . မမ"





ဒေါ်ခင့်မျက်ဝန်းမှာ ချက်ချင်းပဲ မျက်ရည်တွေပြည့်လျှံလာပြီး စူးမျက်နှာကိုကြည့်ကာ ပခုံးကိုလည်း ဆုပ်ကိုင်လိုက်ပြီး –

"စူး"

"မင်း ခေါ်ချင်သလို မြယွန်းကို မေမေလို့ခေါ်ပြီး အားရအောင် ငိုလိုက်စမ်း သား"

"ဗျာ"

"မြယွန်း၊ မြယွန်း အသက်မရှိတော့ဘူး သားရဲ့၊ အဟင့်"

"-----"

"ဟင်"

"မြယွန်း အဖြစ်ဆိုးလိုက်တာ ကလေးရယ်၊ ကိုယ့်သား အရင်းကိုတောင် သားလို့ ခေါ်မသွားရရှာဘူး၊ စူး ခေါ်လိုက်လေး မေမေလို့၊ မေမေလို့ မင်းခေါ်ခွင့်ရပြီ ခေါ်လိုက်ပါ သားရယ် ဟီး"

စူး လက်သီးကိုတင်းနေအောင် ဆုပ်ထားလိုက်မိသည်။ အမေနဲ့သား တစ်ယောက်ကိုတစ်ယောက် မေမေရယ် သားရယ် ခေါ်ခွင့်မရလိုက်ဘဲ ဘဝကို အဆုံးသတ်လိုက်ပြီလား မေမေရယ်။

"မေမေ"

"-----"

"မေမေ"

၄



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းထက်သာ ဘာကိုနားလည်ရမှန်းမသိဘဲ စူးကို ခပ်ကြောင်ကြောင်ပဲ ငေးကြည့်နေမိ၏။ မြယွန်းနဲ့စူးက သားအမိတွေလား။ ဒါဆို ဘာလို့ ဖုံးကွယ်ထားကြတာလဲ။ ဒီကိစ္စ ကိုယ့်ကို ဖွင့်ပြောခဲ့ရင် ခုလိုဖြစ်လာစရာအကြောင်း မရှိဘူးလေ။ ကိုယ့်မှာလည်း သားသမီးရှိတာမှ မဟုတ်တာ။

စူးကို သားတစ်ယောက်လိုချစ်နိုင်အောင် ကိုယ် ကြိုးစားမှာပေါ့။ ခုတော့ မြယွန်းရယ် –

"မေမေ မေမေ မသေခင်မှာ သား ပါးစပ်က မေမေ့ကို မေမေလို့ ခေါ်တဲ့အသံကြားသွားချင်တယ်ဆို မေမေရဲ့။ အခု သား ခေါ်နေပြီလေ မေမေ။ မေမေ့ကို သား မေမေလို့ခေါ်နေပါပြီ။ သားကို သားလို့ ပြန်ခေါ်ဦးလေ မေမေ။ မေမေ မေမေ့"

"အဟင့်"

"ဟီး"

ကျောကျော့ အခုလိုအခြေအနေမျိုးမှာ ဘယ်သူ့ကိုမှ မျက်နှာမပြချင်တော့ပေ။ ဒါကြောင့် အခန်းထဲကနေ ထွက်လာခဲ့တော့၏။

"သားကို မေမေ ချစ်တယ်ဆို။ အခု သားကို ထားခဲ့ပြီလား မေမေရယ်။ သားကို သားလို့ပြန်ခေါ်ပါဦး မေမေရဲ့"

"မြယွန်း"





"––––––"

"မြယွန်းရယ်"

"မေမေ"

စူး မဖြေနိုင်ရှာပဲ မိခင်၏ရင်ဘတ်ပေါ်သို့ မျက်နှာအပ်ကာ တသိမ့်သိမ့် ငိုရှိုက်နေစဉ် ဒေါ်ခင်ကတော့ မင်းထက်ကို မျက်ရည်တွေကြားမှ ကြည့်လိုက်ပြီး –

"မောင်မင်းထက်"

"–––––––"

"တကယ်တော့ စူးနဲ့မြယွန်းက မင်းထင်သလို မင်းကွယ်ရာမှာ ဖောက်ပြန်နေကြတာ မဟုတ်ပါဘူးကွယ်။ နှစ်ပေါင်းများစွာ ဝေးကွာနေရတဲ့ သားအမိအရင်းတွေပါ။ မောင်မင်းထက်နဲ့ လက်ထပ်ပေးတုန်းက မြယွန်းမိဘတွေက မြယွန်းကို အပျိုလို့ ညာပြီး ပေးစားခဲ့ကြတာလေ။ အခုကျမှ မောင်မင်းထက် အဖြစ်မှန်တွေကို သိပြီး စိတ်ဆင်းရဲတာမျိုး နောင်တရတာမျိုးဖြစ်မှာစိုးလို့ မြယွန်းက ဖုံးကွယ်ထားခဲ့တာပါ"

ဦးမင်းထက် ရင်ထဲမှာ ဆို့နစ်ကြေကွဲခြင်းနှင့် အူတွေ၊ အသည်းတွေကို ဆွဲထုတ်ယူသွားသလို ခံစားလိုက်ရ၏။ သူ မြယွန်းကို အရမ်းချစ်တယ်။ ချစ်တဲ့စိတ်နဲ့ သဝန်တိုပြီး အရွဲ့တိုက်ခဲ့တာ၊ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာဖို့လား။ ခုတော့ သိပ်ချစ်ပါတယ်ဆိုတဲ့ မြပွန်းကို ခွဲရတော့မည်။

မြပွန်းက ကိုယ့်ကိုထားခဲ့တော့မှာလေ။ ကိုယ်မှားပါတယ် မြပွန်းရယ်။ ကိုယ် မစူးစမ်းမဆင်ခြင်ပဲ လုပ်ခဲ့မိတာ ကိုယ့်အမှား။

"တကယ်တော့ မြပွန်းက မင်းနေခဆိုတဲ့ကောင်လေး တစ်ယောက်နဲ့ အိမ်ထောင်ကျခဲ့ဖူးတယ်။ မင်းနေခက သူတို့အိမ်က ဒရိုင်ဘာရဲ့သားလေ။ အဆင့်အတန်းခြင်းက မိုးနဲ့မြေလို ကွာခြားတော့ သားလေးတစ်ယောက်ရမှ ရှာတွေ့ပြီး ခွဲပစ်လိုက်ကြတာ"

"_____"

"မိခင်ပဲ မောင်မင်းထက်ရယ်။ မင်း ဘယ်လောက်ပဲ စိတ်ချမ်းသာအောင် ထားထား . . . မြပွန်းခမျာ သူ့သားလေးကို သတိရလို့ မင်းကွယ်ရာမှာ ကျိတ်ငိုခဲ့ရရှာတာ"

"အဲဒါ မြပွန်း ကျွန်တော့်ကို ဖွင့်ပြောခဲ့သင့်တာ။ သူသာ ဖွင့်ပြောခဲ့ရင် ခုလို ဖြစ်မလာဘူး။ ခုတော့"

ခုတော့ အသက်ပြန်သွင်းပေးလို့လည်းမရ၊ ဆွဲထူလို့လည်း မရ။ သူတို့ နောင်တတွေကိုလည်း မမြင်နိုင် မကြားနိုင်တော့ဘူးလေ။

"မြပွန်း"

"ဟီး ဟီး"





"မေမေ"

စူး မိခင်၏ကိုယ်ကို ပွေ့ဖက်ပြီး တဖွဖွခေါ်နေမိသည်။ မေမေလို့ မခေါ်ရရင်နေပါစေ မေမေ့မျက်နှာကို မြင်ခွင့်ရနေရရင် ကျေနပ်နေတဲ့စူးလေ။ ခုတော့ မေမေက သူ့ကိုခွဲပြီး နောက်ထပ်တစ်သက်စာ မြင်ခွင့်မရတော့တဲ့နေရာကို သွားတော့မှာ။

"မေမေရယ် . . . ဟီး"

"မြပွန်း . . . ကလေးရယ်။ မောင်မင်းထက်က ကလေးကို ခွင့်လွှတ်ပါတယ်တဲ့။ ဒါကို မြပွန်း သိမသွားရှာဘူးနော်"

မှားလေပြီလို့ တောင်းပန်လို့လည်း မကြားတော့ပြီ။ ဦးမင်းထက်သာ အံကိုတင်းတင်းကြိတ်ပြီး လက်သီးကို တင်းနေအောင် ဆုပ်ထားမိ၏။

ကိုယ် မင်းကို အရမ်းချစ်ခဲ့တာပါ မြပွန်းရယ်။ မင်းမရှိတော့တဲ့အချိန်မှာ မင်းရဲ့ကိုယ်စား မင်းရဲ့သားကို

ကိုယ် . . .

ကိုယ့်ရဲ့သားအရင်းလို စောင့်ရှောက်သွားပါ့မယ်လို့ ကတိပေးပါတယ်ကွာ။

"စူး"

"_____"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာမှအားမငယ်ပါနဲ့ကွာ။ မြယွန်းရဲ့သားက ငါ့သား ပဲပေါ့။ မင်းလိုချင်တဲ့ မိဘမေတ္တာကို ငါ မြယွန်းကိုယ်စား ပေးပါ့မယ်"

ဦးမင်းထက်သာ စူးပခုံးကို ဆုပ်ကိုင်လိုက်ပြီး –

"သား"

"-----"

"ဒီနေ့ကစပြီး သားက ဖေဖေ့ရဲ့သားပါကွာ"

မေမေ . . မေမေ ကြားရဲ့လား။ ငါးလွှန်မှ ကွန်ချဆိုသလို မေမေ့ယောကျ်ားရဲ့ နှောင်တသံတွေကို မေမေ မကြားတော့ဘူးပေါ့ နော်။ သား သားရင်ထဲမှာ မီးလိုပူနေပြီမေမေရယ်။

"မေမေ"

"-----"

"သား အားရအောင်ခေါ်လိုက်တော့မယ်ဗျာ။ မေမေ မေမေ မေမေ"

စူးအသံက တစ်ခန်းလုံးမှာ လွှမ်းသွားလေတော့သည်။ မြော် ရက်စက်ပါပေ ကံကြမ္မာရယ်။

✸



## အခန်း (၃၀)

"သားရေ"

"-----"

"သား မပြီးသေးဘူးလားကွ။ တော်ကြာ မင်းရဲ့သတို့သမီး ညှိုးပင်းသစ်ကုလားအုတ် ဖြစ်နေမယ်နော်"

"ပြီးပြီ ဖေဖေ"

စူး ပြန်အော်ပြောလိုက်ပြီး ထွက်လာမလို့လုပ်ပြီးမှ စားပွဲပေါ် တင်ထားသည့် မေမေ့ဓာတ်ပုံကို ယူကြည့်လိုက်မိသည်။ မြော် ဟော့ ကိုယ့်မှာ အဖေလည်းမရှိ အမေလည်းမရှိ။

ဦးမင်းထက်သာကိုပဲ မေမေ့ကိုယ်စား အဖေလို့ခွဲရင်



www.burmeseclassic.com

www.burmeseclassic.com



အဖေပဲဆိုပြီး ဖေဖေလို့ခေါ်နေရတာလဲ။

ဦးမင်းထက်သာကလည်း ရှုးအပေါ်မှာ တော်ရှာပါပေတယ်။ သူ့သားအရင်းပမာနှယ် အရာရာတိုင်းမှာ ရှုးအလိုကျ ရှုးစိတ်တိုင်းကျ ဖြစ်စေခဲ့သည်လေ။ အခုချိန်မှာ မေမေသာရှိရင် ဘယ်လောက်များ ကောင်းလိုက်ပါမလဲ။ စိတ်ချမ်းသာစွာနဲ့ မိသားစုတွေ ပျော်ပျော်ရွှင်ရွှင် နေရမှာ။

ခုတော့

တမလွန်ကနေ မေမေမြင်နိုင်မယ်ဆိုရင် ကျေနပ်နေမလား။ ကျေနပ်ပေးပါ မေမေရယ်။

"ဟာ ဟော့ကောင် ... နှုတ်ခမ်းနီတွေ လက်သည်းနီတွေ ဆိုးနေတာလားကွ"

"လာပြီ ... လာပြီ"

ရှုး မေမေ့ဓာတ်ပုံကို အသာပြန်ချပြီး ထွက်လာခဲ့တော့သည်။ ဒီနေ့ ကြိုးကြာနဲ့ သူ လက်ထပ်ကြမယ့် မင်္ဂလာနေ့လေ။

"ပြီးပြီလား"

"ပြီးပြီ ဖေဖေ"

"ဒီလောက်ပြင်နေစရာမလိုပါဘူးကွာ။ ဖေဖေ့သားက ဘယ်လိုပဲနေနေ ချောပြီးသားပါကွ"





"ချောတာမှ ကိုင်လို့တောင်မမီဘူး"

"ဘာကိုတုံး"

"လူကိုပြောတာပါ"

"ကဲ ... သွားရအောင်"

နှစ်ယောက်သား ရယ်ရယ်မောမောနဲ့ ထွက်လာပြီးနောက်မှာ အတွေးကိုယ်စီနှင့်ပါ။

ကိုယ် သားအပေါ်မှာ ဖခင်ဝတ္တရားကျေစေရမယ်လို့ ကတိပေးပါတယ် မြယွန်းရယ်။ မင်းကို ကိုယ်ချစ်သလို မင်းရဲ့သားကိုလည်း ကိုယ့်သားအရင်းလို ချစ်နိုင်ခဲ့ပါတယ်။ မင်း ကျေနပ်ပေးပါနော်။ အရင်က ကိုယ်မှားခဲ့တာတွေအတွက် ကိုယ်ပြန်ပြီး ပေးဆပ်ပါ့မယ်။ မင်းရဲ့နေရာမှာ အခြားမိန်းမတစ်ယောက်ကိုလည်း အစားထိုးပြီး မချစ်နိုင်ပါဘူး။

ကျော့ကျော့နဲ့ ကိစ္စက –

ကိုယ် မင်းကိုရှဲ့ရင်း စိတ်ကိုအလိုလိုက်မိခဲ့တာပါ။ ကျော့ကျော့ကို ကိုယ်မချစ်ခဲ့ပါဘူး။

မင်း ဆုံးသွားပြီးကတည်းက –

ကျော့ကျော့ကို ငွေသိန်းငါးဆယ်ပေးပြီး ကိုယ် အလှူ်ဖြတ်ပစ်လိုက်တာ။ ဒါကို မြယွန်း ကျေနပ်မှာပါနော်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ"

"______"

"ဖေဖေ"

"ဟင်"

"ဖေဖေ ကြားပြီးပြီလား"

"မင်းစကားက အဆုံးမရှိ အစမရှိနဲ့ ဘာကိုလဲကွ"

"ဩော် ... ဟုတ်သားပဲ"

ကိုယ့်အတွေးထဲကစကားကို အဆုံးအစမရှိ ဖြတ်ပြောလိုက်ခြင်းအတွက် ရှူး ခေါင်းကို ကုတ်လိုက်မိကာ –

"မေမေ့ရဲ့နောက်ဆုံးရိုက်ခဲ့တဲ့ ဇာတ်ကား ရှေ့လမှာ ရုံတင်ဂလေ၊ အဲဒါကိုပြောတာပါ"

"ဪ ... ဟုတ်လား။ ဖေဖေလည်း ကိုယ့်အလုပ်နဲ့ကိုယ်ဝ်နေတော့ မသိလိုက်ဘူးကွာ။ အဲဒီဇာတ်ကားမှာ မြယွန်းသာ ကာယ်ဒမီရလို့ကတော့"

ပြောပြီးမှ စကားစက ပြတ်သွားလေသည်။ မြယွန်းကို သတိလိုက်တာ။ သူသာ အကယ်ဒမီရလို့ကတော့ သားအတွက် မိခင်ာ်ယောက်ရဲ့ မေတ္တာတွေ စုဝေးထားတဲ့ မေတ္တာအကယ်ဒမီဆုအဖြစ်ုးလိုက်မည်လေ။ ဒီဆုကို သားပဲတက်ယူခိုင်းရမှာပေါ့။ ပြီးတော့–





"သား"

"ဗျာ"

"မင်းကို ဖေဖေလည်း အကယ်ဒမီဆုတစ်ခုပေးချင်တယ်"

"ဟာ ... ဖေဖေကလည်း သားက မင်းသားမှမဟုတ် တာ။ ဘာအကယ်ဒမီဆုပေးမှာလဲ"

"မေတ္တာအကယ်ဒမီဆုလေ။ ဖေဖေ့ရဲ့မေတ္တာတွေ စုပုံပေးတဲ့ ဆုပေါ့"

"ဖေဖေရယ်"

ရှူး ရင်ထဲမှာ ဆို့နစ်ကြေကွဲသွားရ၏။ မေတ္တာအကယ်ဒမီဆုတဲ့။ မေမေ ဒီအချိန်မှာ မေမေသာရှိရင် သိပ်ကောင်းမှာပဲနော်။

သတိရလိုက်တာ မေမေရယ်။

✸



www.burmeseclassic.com

www.burmeseclassic.com

# နောက်တစ်နှစ်ကျော်ကြာပြီးအခါ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

အကယ်ဒမီဆုပေးပွဲတဲ့၊ ရုပ်ရှင်လောကသားတွေ ရင်ခုန်ခဲ့တဲ့ပွဲပေါ့။ ဖေဖေရော စူးတို့လင်မယားပါ တက်ခဲ့ကြသည်လေ။ သူတို့မိသားစုလေးကို မေမေနဲ့ပတ်သက်ပြီးမသိတဲ့သူ သိပ်မရှိလှပါဘူး။ အစကတော့ မေမေမရှိတာနဲ့ မတက်ဘူးလို့နေခဲ့တာ၊ နောက်တော့ ဒါရိုက်တာ ဦးသန့်ဇင်က မြပွန်းအတွက် မျှော်လင့်ချက်ရှိလို့ တက်ပြီး အောင်တက်ပါဆိုတာနှင့် တက်ဖြစ်ခဲ့ကြတာပါ။

အကယ်ဒမီဆုရသည်ဖြစ်စေ မရသည်ဖြစ်စေ မေမေ့ရဲ့ အနုပညာ ညီအစ်ကိုမောင်နှမတွေကို လာပြီး အားပေးရလည်းရောက်တာ ပေါ့။





“ကိုကို”

“——”

“ကိုကို”

“ဟင်”

“ဘာတွေတွေးနေတာလဲ ကိုကိုရဲ့၊ ဦးသန့်ဇင်ခေါ်နေတယ်လေ”

“ဟုတ်လား”

ကြီးကြီးက လက်မောင်းကိုလှုပ်ခေါ်ပြီး ပြောလေမှ စူး ဦးသန့်ဇင်ကို ကမန်းကတန်း ကြည့်လိုက်မိသည်။ ဦးသန့်ဇင်က ပြုံးပြုံး ပြီး –

“ဘာတွေ ဒီလောက်တွေးနေတာလဲ ငါ့ညီရ”

“ဘာမှမဟုတ်ပါဘူး၊ ကျွန်တော် မေမေ့ကို သတိရနေလို့ပါ”

“အေး... ပရိသတ်တွေကတော့ မြပွန်းဆိုတော်တော်များများတာကိုပဲ အကယ်ဒမီမှန်းထားကြတယ်ကွ”

“ဒါတော့ ထိုက်တန်ရင်ရမှာပေါ့ဗျာ”

“ဒါနဲ့ မင်းကို အစ်ကိုပြောစရာရှိတယ်”

“ဟုတ်ကဲ့ ပြောပါ”



www.burmeseclassic.com

"မင်းအမေရဲ့အမွေကို မင်း ဆက်ခံပါလားကွ။ အရင်က တည်းက မင်းကို မင်းသားတင်ချင်လို့ ငါ မြယွန်းကို ပြောဖူးတယ်။ မင်းက ဝါသနာမပါဘူးဆို"

စူး ခေါင်းညိတ်လိုက်မိသည်။ တကယ်လည်း စူးက ဝါသနာ မပါဘူးလေ။ မေမေပြောပြခဲ့သားပဲ။ စူးက ရုပ်ကလေးချောလို့ ဒါရိုက်တာက မင်းသားတင်ပြီး ရိုက်ကြည့်ချင်တယ်ဆိုတဲ့ အကြောင်း ပေါ့။ ဒါပေမဲ့ စူးကမှ ဝါသနာမပါတာ။ စူးက အေးအေးဆေးဆေးပဲ နေချင်တဲ့သူလေ။

"ဟုတ်တယ်၊ ကျွန်တော်က ဝါသနာမပါဘူး အစ်ကိုရ"

"ဘာဖြစ်လို့လဲ မိန်းမကာ စိတ်မချလို့လား"

"အံမယ် . . . ကြိုးကြာကို ခွဲမထည့်ပါနဲ့နော်။ ကြိုးကြာက ကိုကို့ကို ယုံပြီးသားပါ"

"ဟာ . . . စူးနေခကတော့ ကြိုးကြာကို ဘယ်လိုအပိုင် စည်းရုံးထားတယ်မသိဘူးဟေ့"

"မစည်းရုံးရပါဘူးဗျာ။ အဲဒါ ချစ်လို့ယုံတာဗျ။ ဟုတ်တယ် နော် ကြိုးကြာ"

"ကိုကိုနော် မသိဘူး"

ကြိုးကြာက မျက်စောင်းထိုးလေတော့ ရယ်မိကြလေသည်။





ဆိုစဉ်မှာပဲ အကယ်ဒမီဆုတွေ ကြော်ငြာတော့မှာမို့ စကားသံတွေ တိတ်ဆိတ်သွားကြလေပြီ။ ကြော်ငြာလိုက်တာတစ်ဆုပြီးတစ်ဆု။ ဒါရိုက်တာဆုကြော်ငြာတော့မယ်ဆိုတော့ ဦးသန့်ဇင်မှာ စိတ်လှုပ်ရှား နေသည့်ပုံပါ။

"ကိုသန့်ဇင်"

"ဗျာ"

ခေါ်တဲ့သူက ဦးမင်းထက်သာဖြစ်၏။

"ခင်ဗျား စိတ်လှုပ်ရှားနေတာလား"

"ဟုတ်တယ်ဗျ၊ ကျွန်တော် ရင်တွေအရမ်းခုန်နေတာ"

"ကျွန်တော်လည်း မြယွန်းအတွက် ရင်တွေခုန်နေမိတယ် ဗျာ"

"ဒါရိုက်တာဆု"

"ဟင်"

ဒါရိုက်တာဆုဆိုတာနှင့် အားလုံးက စင်မြင့်ဆီမှာ စာအိတ် ဖောက်နေသူဆီသို့ စုစည်းသွားကြသည်သာ။ စာအိတ်ဖောက်ပြီးသည် နှင့် —

"ဒါရိုက်တာကတော့ နာမည်က နှစ်လုံးတည်းပါ"

"ကိုသန့်ဇင်"

www.burmeseclassic.com



ဦးမင်းထက်သာ ဦးသန့်ဇင်၏လက်ကို ဆုပ်ကိုင်လိုက်နိုင်မှာပဲ ...

"သန့်ဇင်ဖြစ်ပါတယ်"

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

လက်ခုပ်သံတွေနှင့်အတူ ဦးသန့်ဇင် ထလိုက်စဉ်မှာပဲ အချင်းချင်း လက်ဆွဲနှုတ်ဆက်ကြ ဖက်ကြနှင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။ ဦးသန့်ဇင် စင်မြင့်ပေါ်သို့တက်သွားပြီး ကျေးဇူးတင်စကားပြောကြားပြီးနောက်မှာတော့ –

"အခုတစ်ခါ ကြေညာပေးမှာကတော့ အမျိုးသမီး ဇာတ်ပို့ဆု ဖြစ်ပါတယ်"

"______"

"အမျိုးသမီးဇာတ်ပို့ဆုကို ကြေညာပေးမယ့်သူကတော့ အကယ်ဒမီ ထက်ကေရီဖြစ်ပါတယ်ရှင်။ အကယ်ဒမီ ထက်ကေရီ စင်ပေါ်ကိုကြွပါလို့ ဖိတ်ခေါ်ပါတယ်ရှင်"

အကယ်ဒမီ ထက်ကေရီ စင်ပေါ်ကို တက်သွားတာနှင့် အမျိုးသမီးဇာတ်ပို့ရှင်တွေ ရင်ခုန်နေကြရှာမည်။ စူးတို့တွေလည်း ရင်ခုန်နေရသည်သာ။ ဇာတ်ပို့ဆုကို မြယွန်းမို့ရလိမ့်မယ်လို့ ထင်ကြေးပေးထားတဲ့လူတွေက အများကြီးပဲလေ။ ဒါကြောင့် ရင်မခုန်တဲ့ ရှိပုံမပေါ





ဟော ... စာအိတ်ဖောက်နေပြီ။

ထက်ကေရီ စာအိတ်ကိုဖောက်ပြီးတာနှင့် –

"အမျိုးသမီးဇာတ်ပို့ဆုရှင်ကတော့"

"____"

ဘုရား ... ဘုရား။

"စိတ်မကောင်းစရာပါပဲရှင်၊ သူက အခု လူ့လောကကြီးထဲမှာ မရှိတော့ပါဘူး"

"ဟင်"

ဦးမင်းထက် ရင်ထဲမှာ ဆို့နစ်သွားရ၏။ စူးလည်း ခါးမတ်သွားစဉ် –

"မြယွန်းမို့ ဖြစ်ပါတယ်ရှင်"

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

လက်ခုပ်သံတွေကြောင့် စူး မျက်ရည်မဆည်နိုင်တော့ပေ။ မေမေ အကယ်ဒမီဆုတက်ယူတာကို စူး TV မှာကြည့်ခဲ့ဖူးပါတယ်။ လိုက်တာ မေမေရယ်လို့လည်း ပြောခဲ့ဖူးတယ်လေ။ အခု မေမေက အဲဒီလို လှလှပပနဲ့ မတက်နိုင်တော့ဘူးပေါ့။

"အကယ်ဒမီများရှင် မြယွန်းမို့နဲ့ သွေးသားအရင်းအချာ တော်စပ်သူတစ်ယောက် အကယ်ဒမီဆုကို ကိုယ်စားယူနိုင်ပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းထက် ရှူးလက်ကိုဆွဲခေါ်လိုက်၏။ အစကတည်းက ဒီဆုရရင် သားတက်ယူပါလို့ ပြောထားပြီးသားလေ။ ဒါကြောင့် ရှူး စင်ပေါ်သို့တက်ခဲ့တော့သည်။ ကျေးဇူးတင်စကားပြောခိုင်းတော့ အသံ တွေတုန်ကာ ရှူးစကားများများမပြောနိုင်ခဲ့ပါဘူး။ အကယ်ဒမီဆုကို ပိုက်ပြီး အိမ်ပြန်လာခဲ့သည့်တိုင်။

ရင်ထဲမှာ ဝမ်းနည်းဝမ်းသာနှင့် မျက်ရည်တွေက မခမ်းနိုင် သေးပေ။

"ကိုကို"

"_____"

"မငိုပါနဲ့တော့ ကိုကိုရယ်။ ကိုကို ပင်ပန်းလှပါပြီ။ မမတာ ပြန်လာတော့မှာမှ မဟုတ်ပဲလေ"

"_____"

"ကိုကို"

"______"

"ကြိုးကြာကို စိတ်မကောင်းအောင် မလုပ်ပါနဲ့နော်။ ကြိုး ကြာလေ ကိုကို အဲဒီလိုဖြစ်နေတော့ မနေတတ်ဘူး။ ကိုကိုငိုတော့ ကြိုးကြာလည်း ငိုချင်တယ်"

"ကြိုးကြာ"





"အဟင့်"

ရှူး ကြိုးကြာပခုံးလေးကို ဖက်လိုက်ပြီး –

"ကိုကို မငိုတော့ပါဘူး။ ကြိုးကြာလည်း မငိုနဲ့တော့နော်"

"အဟင့်"

"မငိုနဲ့လေ ကြိုးကြာရဲ့"

ပြောရင်း မျက်ရည်တွေကို သုတ်ပေးလိုက်ပြီး –

"ကိုကိုက ရယ်တော့မှာ၊ ကြိုးကြာလိုက်ရယ်မယ်မို့လား"

"ဟင်"

"ရယ်မှာလား"

ကြိုးကြာ သူ့မျက်နှာကိုမော့ကြည့်လိုက်ပြီး –

"ဒါဆိုရယ်"

"အင်း စမယ်"

"_____"

"ကဲ ... ဝမ်း တူး သရီး"

"ဟား ဟား ဟား ဟား"

"ခစ် ခစ် ခစ်"

"ဟား ဟား ဟား"

"ခစ် ခစ် ခစ်"



www.burmeseclassic.com

www.burmeseclassic.com



အစကတော့ ချစ်ဖနီး ငိုမှာစိုးလို့ ရယ်ပြရင်း နောက်တော့ ရူး ရင်ထဲမှာရယ်ရင်း ရယ်ရင်းပဲ ဆို့နစ်မှုတွေ ပြေပျောက်သွားသလို လိုပါလေ။

မေမေဆိုတာကတော့ ...

ထာဝရ ရင်ထဲမှာ တမ်းတလွမ်းဆွတ်နေရဦးမှာပါ မေမေ

ဝရိသတ်များကို ထာဝရလေးစားလျက်

မိုးစက်ပွင့်



BURMESE CLASSIC .com

၂၀၁၆ စက်တင်ဘာ

တွင် ဖတ်နိုင်ပါပြီ ...

**မမသဒ္ဒါမောင်**

တစ်ခုသော နွေဦးမှာ ....

**ကြယ်စင်မှူးဝေ**

အချစ်ဦးမို့ပါ

**မယ်ခိုင်**

လပြည့်ည

**မိုးစက်ပွင့်**

မေတ္တာအကယ်ဒမီဆု

**အလင်းသစ်**

ကျောင်းကာင်အနန့် ငါ့အချစ်တွေ ကြိုဖြန့်ထားပါရစေ

**လှိုင်းကြောဖြူ**

ညလေပြည်ရဲ့ လဝန်းသာ

**လှုံ့မေ**

အချစ်သင့်သူ

www.burmeseclassic.com